# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 11 April 2018 ၉၂၅၆


# မြောင်းမြ ကြိုးတံတား ပြတ်ကျမှုကြောင့် ပြည်သူများ ကြုံတွေ့နေရသည့် အခြေအနေများ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှု

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဦးသန့်စင်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ ဂုန်နီစက်ရုံ ရဟတ်ယာဉ်ကွင်းသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့ဝင်များသည် မြောင်းမြမြို့ ဇေယျမေဒနီ စာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြကြိုးတံတား ပြတ်ကျမှုတွင် သေဆုံးသူနှစ်ဦး၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစဉ်။

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ**

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**“ငြိမ်းချမ်းရေးဆိုတာ ပြည်သူလူထု တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ စိတ်၏ အေးချမ်းခြင်းဖြစ်၊ စိတ်၏ အေးချမ်းရေးဆိုတာ ၁၀၀ ရာခိုင်နှုန်းတော့မဖြစ်နိုင်၊ တရားဥပဒေစိုးမိုးရေးအောက်မှာ ပြည်သူများဟာ အခြေခံလုံခြုံမှုရှိနိုင်၊ ဥပဒေဟာ ပြည်သူတွေကို ကာကွယ်ဖို့၊ လူ့အသိုင်းအဝိုင်းကို ကာကွယ်ဖို့ဆိုတာ အများနားလည်အောင် တကယ်ပဲ လက်တွေ့ကျကျမြင်ရအောင် လုပ်ရမည်ဖြစ်”**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြောင်းမြဒေသခံပြည်သူများ စကားဝိုင်း » စာမျက်နှာ - ၆




## ကြေးမုံ

# မီးဘေးအန္တရာယ်များ အစဉ်သတိထား

မကြာသေးမီရက်ပိုင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ဘန်ကောက်မြို့သို့ ထွက်ခွာလာသည့် မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ရပြီး အဆိုပါယာဉ်ပေါ်တွင် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ၄၇ ဦး လိုက်ပါစီးနင်းခဲ့ရာ မြန်မာအလုပ်သမား ၂၀ မီးလောင်မှုကြောင့် သေဆုံးခဲ့သည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိခဲ့ရသည်။ ယမန်နှစ်ကလည်း မြန်မာနိုင်ငံတွင် မော်တော်ယာဉ်မီးလောင်မှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူ ကိုးဦးခန့် သေဆုံးခဲ့ဖူးသည်။ လွန်ခဲ့သည့်ရက်ကလည်း ပဲခူးတိုင်းဒေသကြီး ဆွာမြို့နယ်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနီးရှိ ဘိုးဘွားရိပ်သာကိုပါ မီးလောင်ကျွမ်းသဖြင့် အဘိုးသုံးဦး မီးလောင်သေဆုံးမှုဖြစ်ခဲ့သေးသည်။ ထိုမျှသာမက ယခုကဲ့သို့ နွေရာသီကာလတွင် နိုင်ငံတစ်ဝန်းတွင် မီးလောင်မှုများ နေ့စဉ်ဖြစ်ပွားနေသည်ကို မြင်တွေ့ကြားသိနေရပေသည်။

မီးလောင်မှုမှာ အချိန်မရွေးဖြစ်ပွားနိုင်သည်ဟု ဆိုသော်လည်း ပူလောင်ပြင်းပြ ခြောက်သွေ့သော နွေရာသီကာလတွင် အဖြစ်များသည်ကို လူတိုင်းသိပါသည်။ မီးလောင်ရခြင်း အကြောင်းအမျိုးမျိုးရှိသည့်အနက် ဖော်ပြပါ မီးလောင်မှုများမှာ လူ့အသက်ကို ပိုမိုဆုံးရှုံးစေနိုင်သဖြင့် မီးလောင်နိုင်သည်တို့ကို သတိကြီးကြီးထားရမည် ဖြစ်ပေသည်။ မီးလောင်မှုကို အလျင်အမြန်ကြီးထွားစေနိုင်သော တွန်းအားများကို သတိထားရမည်ဖြစ်သည်။ မီးလောင်ရာလေပင့်ဆိုသကဲ့သို့ မီးလောင်နေစဉ် လေပြင်းတိုက်ခတ်မှုကို သတိထားရမည်ဖြစ်သည်။ လေပြင်းတိုက်ခတ်ပါက အလျင်အမြန် မီးကူးစက်လွယ်ပြီး ရှောင်ပြေးရန်ပင် မလွယ်ကူချေ။ ထို့ကြောင့် မီးလောင်လျှင် လေကြောင်းကျရာကိုကြည့်၍ ကြိုတင်မီးတားထားခြင်း၊ ကြိုတင်ရေပက်ဖျန်းခြင်း၊ မီးလောင်စေတတ်သော အရာများကို ကြိုတင်ဖယ်ရှားထားခြင်းတို့ကို ပြုလုပ်ထားရမည်ဖြစ်သည်။

မီးလောင်မှုကိုအားပေးသော လောင်စာဆီများနှင့် ပတ်သက်၍လည်း သတိပြုထားရှိရမည်ဖြစ်သည်။ လောင်စာဆီဆိုသည်မှာ ပွတ်တိုက်မှုကြောင့်ဖြစ်စေ၊ အပူရှိန်ပြင်းထန်မှုကြောင့်ဖြစ်စေ အလွယ်တကူ လောင်ကျွမ်းနိုင်သောကြောင့် နေ့အပူရှိန်ပြင်းထန်နေချိန်၊ ပွတ်တိုက်မှုဖြစ်သော အချိန်နှင့် ဆေးလိပ်၊ မီးခြစ်တို့ကို အထူးသတိထား အသုံးပြုခြင်း၊ ဖြစ်ပွားပါက အသက်အန္တရာယ်မှ လွတ်မြောက်ရာလမ်းကြောင်းများကို မဖြစ်ပွားမီက ကြိုတင်သိရှိထားသင့်သည်။

အခြားတစ်ချက်မှာ အပူရှိန်ပြင်းထန်နေချိန်နှင့် လျှပ်စစ်ဓာတ်အားဝန်အားမမျှဖြစ်လာချိန်၊ လျှပ်စစ်မီးဖို အသုံးပြုချိန်တို့ကို အထူးသတိထား ကာကွယ်တားဆီးကြရမည်ဖြစ်သည်။ အခြားမီးမှာ ပေါ့ဆမီးဖြစ်ပြီး ပေါ့ဆမှုကြောင့် မီးလောင်မှုအဖြစ်များသည်ကို တွေ့ရသည်။ မီးလောင်မှုဖြစ်လျှင် အနည်းနှင့်အများ ဆုံးရှုံးမှုကိုဖြစ်စေပြီး သတိမထားမိလျှင် လူ့အသက်အန္တရာယ်ပါ ထိခိုက်မှုဖြစ်စေသည်။ မီးလောင်မှုကြောင့် စည်းစိမ်ဥစ္စာနှင့် လူ့အသက်များ ထိခိုက်မှုမှာ နိုင်ငံနှင့် ပြည်သူအတွက် များစွာနစ်နာမှုဖြစ်စေသည်။

ယခုအချိန်ကာလတွင် အပူရှိန်ပြင်းထန်မှုကြောင့် လူတို့၏ ပတ်ဝန်းကျင်တွင် ပူပြင်းခြောက်သွေ့နေပြီး လေပူ လေပြင်းများပါ တိုက်ခိုက်လျက်ရှိသည့်အပြင် မီးငြိမ်းသတ်နိုင်သည့် ရေတွင်း၊ ရေကန်များပါ ခန်းခြောက်နေသည်ကို သတိထားရမည်ဖြစ်သည်။ ထို့ကြောင့် မီးလောင်မှုမဖြစ်စေရေး၊ မီးမလောင်မီ မီးလောင်စဉ် အရေးပေါ် ဆောင်ရွက်ရမည့် အချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် နှိုးဆော်အသိပေးအပ်ပါသည်။ ။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့က ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်း ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ပမ္မဝတီတံတား (မြင်းကဆိပ်)ကြိုးတံတား၊ မရမ်းချောင်-ရွာသစ်လမ်းပေါ်ရှိ ကျွန်းကုန်းကြိုးတံတားနှင့် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မလမ်းပေါ်ရှိ ရွှေလောင်းကြိုးတံတားများ၏ ကြိုးထိန်းခုံ၊ တာဝါတိုင်နှင့် ကြိုးဆိုင်းများ ပြုပြင်ရန်လိုအပ်သည့် အပိုင်းနှင့် အစားထိုးလဲလှယ်ရန် လိုအပ်ချက်များရှိသည့် အပိုင်းများကို စစ်ဆေးပြီး အမြန်ပြုပြင်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယင်းနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှတည်ဆောက်နေသော ကျွန်းပြာသာဒ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားရှင်းလင်းဆောင် ရှုရပ်မှ ဝါးခယ်မဘက်ကမ်း တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျွန်းပြာသာဒ်တံတားသည် ဧရာဝတီတိုင်းဒေသကြီး လမ်းအမှတ်(၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်းပေါ်တွင်တည်ရှိပြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် မြောင်းမြခရိုင် ဝါးခယ်မမြို့တို့အား ဆက်သွယ်ထားသော တံတားတစ်စင်းဖြစ်သည်။ လမ်းအမှတ်(၁၀)ပေါ်တွင် တည်ဆောက်ရန် တံတားနှစ်စင်းရှိသည့်အတွက် အဆိုပါတံတားများ ပြီးစီးသွားပါက လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေ ချောမွေ့သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းစု-ကျုံမငေး-ဝါးခယ်မလမ်းပေါ်တွင် ရေကြောင်းသွားသင်္ဘောများ လွတ်ကင်းအောင် မတင်၊ မချ ပြုလုပ်၍ရသည့် လမ်းသမိုင် တံတားအခြေအနေကိုလည်းကောင်း၊ အရှည် ပေ ၃၀၂၀ ဝါးခယ်မကြိုးတံတား ရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူများက အမြဲအပြတ် စစ်ဆေးပြုပြင်သွားရန်မှာကြားပြီး တံတားကြီး၏ ကြိုးထိန်းတာဝါတိုင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ယူနန်ပြည်နယ်အစိုးရ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ကျားဝှါဟိုတယ်၌ မေ ၉ ရက်က ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



နှစ်နိုင်ငံဆွေးနွေးပွဲတွင် ယူနန်ပြည်နယ်အစိုးရအဖွဲ့ ဒုတိယအုပ်ချုပ်ရေးမှူး Zhang Guohua က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်း တည်ဆောက်မှုဆိုင်ရာများကို ဆွေးနွေးပြောကြားပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးအောင်ထူးက နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းဆိုင်ရာကိစ္စများတွင် အဆင်ပြေချောမွေ့စေရေး၊ ဖြေလျှော့ဆောင်ရွက်ပေးရေးတို့ကို ပြန်လည်ဆွေးနွေးပြောကြားသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ ယူနန်ဆောက်လုပ်ရေးကုမ္ပဏီသို့ သွားရောက်လေ့လာကြပြီး ယူနန်ဆောက်လုပ်ရေးကုမ္ပဏီအုပ်စု နိုင်ငံတကာစီမံကိန်းလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ မစ္စတာဟန်လိက လုပ်ငန်းဆိုင်ရာများကိုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၀**

ရန်ကုန်(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

***၃-၄-၂၀၁၈ ရက်နေ့မှ ၉-၄-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၆၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၇၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၁ ကျပ် ဖြစ်ပါသည်။*** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၈.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၅၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၄.၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၅.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၁၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်

ပြည်သူများက အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ပံ့ပိုးကူညီပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ အနာဂတ်အကျိုးမျှော်ကိုးပြီး လူငယ်များပါဝင်စေချင်ပါတယ်။ ပါဝင်နေကြတာကိုလည်း တွေ့ရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စီးပွားရေး၊ ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရဘက်မှ လုပ်ငန်းရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရဘက်မှ လုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အသေးစား၊ အလတ်စားစီးပွားရေးကဏ္ဍ၊ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ အာမခံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Dr. Luan Thuy Doung အား မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြင့်မားအောင် ဆောင်ရွက်ရန်၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဦးမိုးကျော်အောင်အား ဘူတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမိုးကျော်အောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## Mr. John Nielsen အား မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. John Nielsen အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဒိန်းမတ်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီးဖြစ်သည်။

Mr. John Nielsen အား ၁၉၅၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၇ ခုနှစ်တွင် နိုင်ငံရေးနှင့် လူမှုရေးသိပ္ပံဆိုင်ရာ မဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် လက်တင်အမေရိကဌာန အကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ဘိုလီဗီယာနိုင်ငံ လာပါ့ဇ်မြို့ရှိ ဒိန်းမတ်သံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဟနွိုင်းမြို့ အခြေစိုက် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှစ၍ မက်ဒရစ်မြို့အခြေစိုက် စပိန်နိုင်ငံနှင့် အင်ဒိုရာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ Mr. John Nielsen သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **သတင်းစဉ်**

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် (၂၀၁၈-၂၀၁၉)ခုနှစ်၏ ပထမအပတ်စဉ်အဖြစ် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို မေ ၁၄ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများအား တက်ရောက်လိုသူများသည် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၁၀၀၃၅၆၀ နှင့် ၀၉-၉၇၆၀၁၇၉၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ပြည်တွင်းရေးရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### ☆ မြောင်းမြမြို့မှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇေယျမေဒနီစာသင်တိုက်သို့ မိခင်ဖြစ်သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၆၄ ခုနှစ်က ပေးပို့လှူဒါန်းခဲ့သော အင်ကြင်းပင်ပွားနှင့် မဟာဗောဓိပင်ပွားအား ကြည့်ရှုပြီး မဟာဗောဓိညောင်ပင်ပွားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းသည်။

**ငြိမ်းချမ်းရေးစကားဝိုင်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာရတနာခန်းမတွင် ဒေသခံပြည်သူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်း (PEACE TALK) အစီအစဉ်ကို ပါဝင်တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် မြောင်းမြတံတားအသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က မြောင်းမြကြိုးတံတားဟောင်း ပြတ်ကျပြီးနောက် ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လက်ရှိ လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အချိန်မီ ပြီးစီးအောင်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မြောင်းမြကြိုးတံတားအဟောင်း ပြန်လည်ဆယ်ယူမည့် အခြေအနေ၊ လက်ရှိ တည်ဆောက်လျက်ရှိသည့် တံတားအသစ်ကို အချိန်မီ ပြီးစီးအောင် တည်ဆောက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန် ပို့ဆောင်ရေးဌာနပိုင် ဇက်ရေယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူ့အသက်တစ်ချောင်း တန်ဖိုးဖြတ်မရ ဆိုသည့်အတိုင်း ဆုံးရှုံးနစ်နာရမှုမှာ တန်ဖိုးဖြတ်၍ မရနိုင်ကြောင်း၊ ကျိုးကျသွားသော ကြိုးတံတားဘေးတွင် တည်ဆောက်လျက်ရှိသည့် တံတားအသစ်နှင့်ပတ်သက်၍ နောင်တွင် ပြောစရာမဖြစ်အောင် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တံတားအသစ်ကို ဂျပန်နိုင်ငံမှ ပညာရှင်များ၊ တရုတ်နိုင်ငံမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များဖြင့် တိုင်ပင်ဆွေးနွေးပြီး တံတားဒီဇိုင်း ပြောင်းလဲလိုက်၍ တစ်နှစ်အတွင်း ပြီးစီးနိုင်မည်ဆိုသော်လည်း ရေရှည်ဘေးကင်းလုံခြုံရေးအတွက် အာမခံချက် အပြည့်အဝရှိရဲ့လား၊ အရည်အသွေးပြည့်မီရဲ့လား စသည်အားဖြင့် ဘက်ပေါင်းစုံမှ ပြန်လည်လေ့လာသုံးသပ်ပြီးမှ ဆောင်ရွက်ရန်၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို သီးခြားလွတ်လပ်သော စစ်ဆေးရေးအဖွဲ့ဖြင့်သာ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုအရည်အသွေးစစ်ဆေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရက ရှာပေးမည်ဖြစ်ကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိခင်ဖြစ်သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် လှူဒါန်းခဲ့သော မဟာဗောဓိညောင်ပင်ပွားကို အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။

**အဆင်ပြေချောမွေ့လာမည်**

အလားတူ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ကျန်ရှိနေသော ကြိုးတံတား ၂၉ စင်းကိုလည်း ကြံ့ခိုင်မှုနှင့် အရည်အသွေး စစ်ဆေးမှုများ အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုးတံတား ကျိုးကျသွား၍ ဒေသခံပြည်သူများ ခရီးသွားလာရေးအခက်အခဲဖြစ်ပေါ်နေမှုကို ရေတိုကာလအားဖြင့် အဆင်ပြေစေရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မော်တော်ယာဉ်များ တင်ဆောင်ပေးမည့် ဇက်ရေယာဉ် သုံးစင်း၊ ခရီးသည်များ စီးနင်းနိုင်ရန် တောသူမယ် နှစ်ထပ်ရေယာဉ်တို့ဖြင့် စနစ်တကျ သတ်မှတ်ပြေးဆွဲပေးရန်၊ မီးလောင်လွယ်သော ဆီသယ်ယာဉ်ကဲ့သို့ ယာဉ်များကို တံတားဆောက်လုပ်ရေးလုပ်ငန်းသုံး ဇက်ဆိပ်၌ အချိန်သတ်မှတ်ချက်ဖြင့် သယ်ယူပို့ဆောင်ပေးရန်၊ ရေရှည်ကာလအားဖြင့် ဒေသတွင်း ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် လပွတ္တာမြို့မှ ပြည်သူများအနေဖြင့် မြောင်းမြမြို့သို့ ဖြတ်သန်းရန် မလိုဘဲ ပုသိမ်မြို့သို့ တိုက်ရိုက်သွားနိုင်မည့် လပွတ္တာ-ငပုတော-ပုသိမ်လမ်းတွင် ဘတ်ဂျက်ခွဲဝေပေးထားပြီးဖြစ်၍ လာမည့် နှစ်ပတ်အတွင်း အမြန်ဆုံး အကောင်အထည်ဖော် ပြင်ဆင်သွားရန်၊ လပွတ္တာမှ ဇက်ရေယာဉ် တစ်စင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန်၊ သို့မှသာ မြောင်းမြတံတားကို အားကိုးအားထားပြု သွားလာနေရသည့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

> ❛ တံတားအသစ် တည်ဆောက်မှု မပြီးစီးခင် ရေယာဉ်များအတွက် စက်သုံးဆီကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှ ကျခံနိုင်ရေး နေပြည်တော်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆွေးနွေး ညှိနှိုင်းသွားမည် ❜



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သူနာပြုသင်တန်းကျောင်း(မြောင်းမြ) ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး( ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော် သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော်  မေ  ၁၀**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ဆဋ္ဌမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်၊ သာမဏေရပဗ္ဗဇ္ဇ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်း ကန်ဦးကျောင်းတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ "ရွှေကျင်" ကန်ဦးကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဝိလာသအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုလ္လဘရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒနဆံချခြင်း၊ ကာသာယစ္ဆာဒန သင်္ကန်းဝတ်ခြင်းနှင့် သာရဏာဒါန သရဏဂုံပေးခြင်းမင်္ဂလာများ ဆောင်ရွက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရတနာစံပရိယတ္တိစာသင်တိုက်တို့တွင်လည်း ဒုလ္လဘရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒနဆံချခြင်း၊ ကာသာယစ္ဆာဒန သင်္ကန်းဝတ်ခြင်းနှင့် သာရဏာဒါနသရဏဂုံပေးခြင်း မင်္ဂလာများအား ဆောင်ရွက်ကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော်  မေ  ၁၀**
နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းအသိပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင်များအဖြစ် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဒေါက်တာလှထွန်း၊ ဦးသန်းလွင်၊ ဦးတင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရွှေကြာပင်ရပ်ကွက်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေး

**နေပြည်တော်  မေ  ၁၀**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ဝန်ကြီးသည် သင်တန်းကျောင်းအတွင်း သင်တန်းသား သင်တန်းသူများ ကျောက်စိမ်းလက်ကောက်နှင့် ပုတီးပြုလုပ်ခြင်း၊ ကျောက်သွေးခြင်း၊ ကွန်ပျူတာဖြင့် ကျောက်စိမ်းပန်းပု ထုလုပ်ခြင်း၊ လက်ဝတ်ရတနာ ပြုလုပ်ရန် ဖယောင်းပုံသွင်းခြင်း၊ ကျောက်စိမ်းပန်းပုထုလုပ်ခြင်း၊ ကျောက်စီပန်းချီ ပြုလုပ်ခြင်းစသည့် လက်တွေ့လုပ်ဆောင်နေမှုများနှင့် အချောထည် ထုတ်လုပ်နိုင်မှုတို့ကို စစ်ဆေးကြည့်ရှုခဲ့သည့်အပြင် သင်တန်းတွင် လက်တွေ့လုပ်ငန်း ဆောင်ရွက်နိုင်ရန် လိုအပ်သော ကုန်ကြမ်းကျောက်များ ရရှိရေး မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူနှင့်လည်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ စတင်ကာ ရှစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး ယခုသင်တန်းသည် ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကြာပင်ရပ်ကွက်ခြံအမှတ်(၄၈)တွင် သိမ်းဆည်းထားသည့် ကျောက်မျက်ရွှေပြည် ကျောက်မျက်ကုမ္ပဏီမှ ဇန်နဝါရီ ၂၀ ရက်တွင် လုံးခင်း-ဖားကန့် ရတနာနယ်မြေ ဝေ့ခါလုပ်ကွက်အမှတ် (၅၅၈)မှ တူးဖော်ရရှိသော အလေးချိန် ၁၄၆၆ ကီလိုရှိ ကျောက်စိမ်းတုံးအား သွားရောက်စစ်ဆေးကြည့်ရှုရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ကျောက်စိမ်းတုံး တူးဖော်ရရှိမှု၊ နေပြည်တော်တွင် သိမ်းဆည်းထားရှိမှုနှင့် ကျောက်စိမ်းအရည်အသွေး အကဲဖြတ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ ကျောက်စိမ်းဥယျာဉ်နှင့် မဏိရတနာကျောက်စိမ်းခန်းမအတွင်း မတ် ၃၁ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား ပြန်လည်ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကိုရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ခေါင်းဆောင်ကြီး H.E.Mr. Kim IL Sung ၏ (၁၀၆) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ညည့်ခံပွဲအခမ်းအနားကို မေ ၁၀ ရက်က ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom ကြိုဆိုနှုတ်ဆက်စဉ်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြောင်းမြဒေသခံပြည်သူများ စကားဝိုင်း (PEACE TALK) ကျင်းပစဉ်။

# ပညာရေးစနစ်က ယေဘုယျအားဖြင့် အားနည်းနေပြီး အသက်မွေးဝမ်းကျောင်းအတွက် ခက်ခဲနေသည့်အတွက် ပြုပြင်ဖို့ကြိုးစားနေ နောင်လာနောက်သားများ၏ စိတ်ဓာတ်ကို ပြုစုပျိုးထောင်ခွင့်ရသည့် ကျောင်းဆရာလုပ်ဖို့ အမျိုးသားငယ်များအား တိုက်တွန်းလို

နေပြည်တော် မေ ၁၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်း (PEACE TALK)ကို တက်ရောက်ပြီး ပြည်သူများနှင့်အတူ ပါဝင်ဆွေးနွေးသည်။**

အဆိုပါစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဦးသန့်စင်မောင်၊ ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ငြိမ်းချမ်းရေးကို စိတ်ပါဝင်စားသည့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စကားဝိုင်းတွင်ပါဝင်သည့် ဒေသခံလူငယ်များက တစ်ဦးချင်းအလိုက် မိတ်ဆက်စကားပြောကြားပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြောင်းမြမြို့နယ် ပြည်သူများအား နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

### တိုင်းရင်းသားအမျိုးမျိုးပါ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ဒီစကားဝိုင်းကို ရောက်ရှိလာတဲ့ မြောင်းမြသူ မြောင်းမြသားအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ဒီမှာဆိုရင် တိုင်းရင်းသားအမျိုးမျိုးပါတယ်လို့ဆိုရမှာပါ။ ဧရာဝတီတိုင်းမှာ မြောင်းမြကိုလာရခြင်းရဲ့အကြောင်းကတော့ တစ်ကြောင်းက မြောင်းမြတံတားနဲ့ ပတ်သက်လို့လည်း ကြည့်ဖို့ရှိလို့ရယ်၊ ကျွန်မတို့အနေနဲ့ ဒီလိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ဖို့ အချိန်ကလည်း ကျနေပြီ။

အရင် နှစ်လ၊ သုံးလက အခြားအလုပ်တွေ ရှိနေတာကြောင့်မို့ ပျက်သွားတယ်။ အဲဒါကြောင့်မို့ မြောင်းမြကို လာခဲ့တာပါ။ မြောင်းမြဟာ မေမေရဲ့ဇာတိချက်ကြွေ မွေးရပ်မြေလည်းဖြစ်တယ်။ ကျွန်မတို့ အမျိုးချည်းပဲလို့ ဒီလိုပဲ သတ်မှတ်ရမှာပါ။ မြောင်းမြဟာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဘာဖြစ်လို့အရေးကြီးလဲဆိုတော့ တစ်ချိန်တစ်ခါတုန်းက ဧရာဝတီတိုင်းမှာ လက်နက်ကိုင်တိုက်ခိုက်မှုတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေရှိခဲ့တယ်။

### ပွင့်ပွင့်လင်းလင်းပြောတာ သဘောကျ

အခုတော့ ဧရာဝတီတိုင်းမှာ ဒီပဋိပက္ခတွေဟာ ချုပ်ငြိမ်းသွားပါပြီ။ ချုပ်ငြိမ်းသွားပေမယ့်လည်း ဒီသမိုင်းကို မမေ့မယ့် မြောင်းမြမြို့သူမြို့သားတွေ ရှိမယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းရေးရဲ့ အရေးပါမှု၊ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုဝိုင်းဝန်းပြီး ကူညီရမယ်ဆိုတာတွေ၊ ဒီအချက်တွေကို ဆွေးနွေးချင်လို့ ကျွန်မတို့က ဒီငြိမ်းချမ်းရေးစကားဝိုင်းတွေကို လုပ်တာပါ။ တချို့တိုင်းဒေသကြီးတွေမှာ ဥပမာဆိုရင် တစ်ခါက ငြိမ်းချမ်းရေးစကားဝိုင်းမှာဆိုရင် မန္တလေးတိုင်းက လူငယ်တွေပါတယ်။ အဲဒီလူငယ်တွေက ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။ ကျွန်မလည်း ဒီလိုပွင့်ပွင့်လင်းလင်းပြောတာကို သဘောကျတယ်။ သူတို့တိုင်းဟာ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ရင်မဆိုင်ခဲ့ရတဲ့အခါကျတော့ သိပ်နားမလည်ဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက် လို့ ပွင့်ပွင့်လင်းလင်းပြောရရင် သူတို့စိတ်မဝင်စားဘူး။ သူတို့ကို ထိခိုက်မှုမရှိလို့။

အဲဒီတော့ ဒီလိုစိတ် ထားလို့လည်း မဖြစ်ဘူး။ ကျွန်မကတော့ ရှင်းပြတယ်။ ကိုယ့်ကိုယ်ခန္ဓာတွေမှာ လက်သန်းလေးနာနေရင်တောင် နာနေတာပဲ။ အေးအေးဆေးဆေးမနေနိုင်ဘူး။ ညမှာ အိပ်ပျက်တယ်။ ဒီလက်သန်းလေးတစ်ချောင်းကိုက်နေလို့ ရှိနေရင်တောင်မှ ကောင်းကောင်းအိပ်လို့ မရဘူး။ အသွားအလာ၊ အလုပ်လုပ်ရတာ အထစ်အငေါ့တွေများတယ်။

### တစ်ယောက်နဲ့တစ်ယောက် မတူ

ဒီလိုပါပဲ ကိုယ့်နိုင်ငံရဲ့ တစ်နေရာမှာ မငြိမ်းအေးဘူးဆိုလို့ရှိရင် တစ်တိုင်းပြည်လုံးအတွက် အကျိုးသက်ရောက်မှုရှိတယ်။ ဆိုးကျိုးသက်ရောက်မှုရှိတာပေါ့။ ဒါ့ကြောင့် ငြိမ်းချမ်းရေးရဖို့ တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးရဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ ဒီလိုဆွေးနွေးပွဲတွေ လုပ်တဲ့အခါ ကျွန်မတို့နိုင်ငံဟာ ဘာဖြစ်လို့ ငြိမ်းချမ်းရေးမရသေးသလဲဆိုတာကို တစ်ယောက်ချင်းတစ်ယောက်ချင်းက လေးလေးနက်နက် စဉ်းစားစေချင်တယ်။ နောက် ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်ရမယ်။ တစ်နေရာနဲ့ တစ်နေရာ မတူဘူး။ ပြဿနာတစ်ခုနဲ့တစ်ခု မတူဘူး။ လူတစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်းမှာကို မတူတာ။ လူတစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်းမှာ မတူဘူးဆိုတော့ ပုဂ္ဂိုလ်တစ်ယောက်ချင်း တစ်ယောက်ချင်းကို ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ပါဝင်လာအောင် ဆွဲဆောင်ရတာ၊ စည်းရုံးရတာဆိုတာလည်း ပုံစံက တစ်ယောက်နဲ့ တစ်ယောက်နဲ့ တူနိုင်မှာမဟုတ်ဘူး။

ဒါပေမယ့် ကျွန်မတို့အားလုံး ဝိုင်းစဉ်းစားပြီး စုပေါင်းအင်အားနဲ့ လုပ်မှ အောင်မြင်မယ်လို့ ယုံကြည်တယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မငြိမ်းချမ်းလို့ မရဘူး။ တစ်ခဏတော့ ရမယ်။ ဒါပေမယ့် ဒီနိုင်ငံမှာ ငြိမ်းချမ်းရေးမရှိရင် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဆက်လက်ပြီးတော့ အောင်မြင်နိုင်မှာ မဟုတ်ဘူး။ တည်တံ့ခိုင်မြဲနိုင်မှာမဟုတ်ဘူး။ ဖွံ့ဖြိုးတိုးတက်မှု မရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားလို့ မရဘူး။

### အမြဲနှလုံးသွင်း

တစ်ခါတလေ ငြိမ်းချမ်းရေး ပျက်စီးရတဲ့ အကြောင်းအရင်းဟာ ပြည်သူလူထုရဲ့ ဆင်းရဲမှုကြောင့်၊ စီးပွားရေးနဲ့ပတ်သက်လို့ ဒုက္ခတွေကြောင့် ဒီဟာတွေကို ပြည်သူလူထုက မကျေနပ်လို့၊ မခံနိုင်လို့ ငြိမ်းချမ်းရေးပျက်စီးတာတွေလည်းရှိတယ်။ ဒီတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘယ်လိုမှ မခွဲနိုင်တဲ့ကိစ္စနှစ်ခုပဲ။ ဒါကို ကျွန်မတို့ အမြဲပဲနှလုံးသွင်းရမယ်။

တချို့တွေက ကိုယ့်ရဲ့ဒေသ၊ ဒေသတောင် မဟုတ်ဘူး။ ကိုယ့်ရဲ့တိုင်းပြည်နဲ့တောင် မဟုတ်ဘူး။ ကိုယ့်ရဲ့မြို့နယ်လေးမှာ တိုးတက်ဖို့ကိုပဲ အဓိကကြည့်တယ်။ အဲဒီအပြင်ကို လှမ်းမကြည့်ဘူး။ ဒီလိုလုပ်လို့လည်း မရဘူး။ ဒါပေမယ့် ကိုယ့်ရဲ့

> "ငြိမ်းချမ်းရေးပျက်စီးရတဲ့ အကြောင်းအရင်းဟာ ပြည်သူလူထုရဲ့ ဆင်းရဲမှုကြောင့်၊ စီးပွားရေးနဲ့ ပတ်သက်လို့ ဒုက္ခတွေကြောင့် ဒီဟာတွေကို ပြည်သူလူထုက မကျေနပ်လို့၊ မခံနိုင်လို့ ငြိမ်းချမ်းရေး ပျက်စီးတာတွေလည်း ရှိတယ်။ ဒီတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆိုတာ ဘယ်လိုမှ မခွဲနိုင်တဲ့ ကိစ္စနှစ်ခုပဲ"

မြို့နယ်တိုးတက်ဖို့လည်း ကြည့်ရမယ်၊ ကိုယ့်ရဲ့ အိမ်မှာလိုပေါ့။ ကိုယ့်မိသားစုအတွင်းမှာ အေးချမ်းမှုမရှိရင်၊ ကိုယ့်မိသားစုအတွင်းမှာ ပြည့်စုံမှုမရှိရင် ရပ်ကွက်မှာ ဘယ်လိုပဲ စိတ်ချမ်းသာနေပါစေ၊ ကိုယ်က စိတ်မချမ်းသာဘူး။

### မျှဝေဆွေးနွေး

သို့သော်လည်း ကိုယ်တစ်ယောက်တည်း၊ ကိုယ့်ရဲ့အိမ်လေး တစ်အိမ်တည်း၊ မိသားစုတစ်စုတည်းက အဆင်ပြေပြီးတော့ ကိုယ့်ဘေးက ရပ်ကွက်က ဆင်းရဲနေရင်လည်း နေရထိုင်ရတာ မကောင်းဘူး။ လမ်းထွက်တာနဲ့ ကိုယ့်ရဲ့ အိမ်နီးနားချင်းတွေရဲ့ ဒုက္ခတွေကို ကိုယ်မြင်နေရတာပဲ။ မြင်နေရတာဆိုတော့ စိတ်ချမ်းသာ စရာမရှိဘူး။ ဒါကြောင့်မို့ ကိုယ့်အပူဟာ ကိုယ့်တစ်ယောက်တည်းအတွက်လည်း မဟုတ်ဘူး၊ တစ်နိုင်ငံလုံးအတွက်၊ တစ်နိုင်ငံလုံးက အပူဆိုတာလည်း ကိုယ့်အပူဆိုပြီးတော့ ဒီလိုပဲ စဉ်းစားသလို အားလုံးအေးချမ်းပြီဆိုရင် ကိုယ်လည်း ပိုပြီးတော့ အေးချမ်းရတယ်။ ကိုယ်အေးချမ်းတာလည်း သူများတွေနဲ့ မျှဝေပြီးတော့ အများကို အေးချမ်းမှုပေးမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆွေးနွေးစေချင်ပါတယ်"ဟု ပြောကြားသည်။

### ဦးစိုးလှိုင်ဦး
### ဖြူစင်မေတ္တာလူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း

စေတနာကောင်း၊ စေတနာမှန်ဖို့ အဓိကလိုအပ်တယ်လို့ ထင်ပါကြောင်း၊ မိမိလုပ်ကိုင်တဲ့ ကွန်ပျူတာလုပ်ငန်းနဲ့လည်း တစ်ဖက်တစ်လမ်းမှ ငြိမ်းချမ်းရေးကို ဖော်ဆောင်လို့ရပါကြောင်း။

အမုန်းတရားတစ်ခုပဲဖြစ်ဖြစ် ဖြစ်တည်လာတဲ့ အကြောင်းခြင်းရာ တစ်ခုအပေါ်မှာ ဆက်စပ်တွေးခေါ်ပြီး စဉ်းစားဆုံးဖြတ်တဲ့ စေတနာကောင်းနဲ့ မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်ဖို့ အဓိကကျပါကြောင်း၊ အဲဒီအဓိကအပေါ်မှာပဲ အားလုံးဟာ တစ်ဖက်ကို တစ်ခုခုလုပ်ခဲ့လို့ရှိရင် **စာမျက်နှာ ၇ သို့ »»**


ဦးစိုးလှိုင်ဦး


ဒေါ်နမ့်ရီစိုင်းနာ


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်



ဦးဇော်တင်မိုး


ဦးအောင်ကြည်မြင့်


ဦးဝင်းနိုင်



ဒေါ်ပြုံးပြုံးအေး



ဦးအောင်မြင့်မြတ်



ဒေါ်ဖြိုးအိကြိုင်

**»» စာမျက်နှာ ၆ မှ**

ကိုယ့်ကိုရော အဲဒီလိုပြန်လုပ်ရင် ကျေနပ်ပါ့မလား။ မိသားစုအတွင်းမှာဖြစ်ဖြစ်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် မခံစားချင်တဲ့ကိစ္စကို တခြားသူတစ်ယောက်ကိုလည်း မခံစားစေချင်တဲ့စိတ်နဲ့ ပြုမူဆက်ဆံမယ်ဆိုရင်တော့ အမုန်းတရားစကားတွေ ကင်းလိမ့်မယ်ထင်ပါကြောင်း။

**ပြန်အသုံးချရတာမရှိ**

မှန်တာပြောရရင် သင်ကြားခဲ့တဲ့ဘာသာရပ်နဲ့ပတ်သက်ပြီး မိမိဘဝမှာ ပြန်အသုံးချရတာမရှိပါကြောင်း၊ ပညာရပ်အနေနဲ့ မပြည့်စုံတဲ့အတွက် ကျောင်းမှာရှိတဲ့ စာကြည့်တိုက်မှာ နိုင်ငံခြားကနေထုတ်တဲ့ စာအုပ်တွေကို ဖတ်ရပါကြောင်း၊ ဖတ်တဲ့အခါ သေသေချာချာ မဖတ်တတ်ပါကြောင်း၊ သိတဲ့သူတွေကို ဘာသာပြန်ခိုင်းရတာတွေရှိသလို ဆရာမတွေကို အကူအညီတောင်းရတာတွေ ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်နမ့်ရီစိုင်းနာ**
**(Accounting Supervisor, Eskkal Hotel)**

မိမိအနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးက အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းမှုလည်း ပြည်သူတွေဘဝ ငြိမ်းချမ်းတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒီလိုငြိမ်းချမ်းမှုလည်း ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေး အစစအရာရာ တိုးတက်မှာဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးကို အဓိကလိုအပ်တယ်လို့ ထင်မြင်မိပါကြောင်း၊ ဒီလိုငြိမ်းချမ်းရေးကို ပြောလိုက်တဲ့အချိန်မှာ မိမိမြင်ကွင်းတစ်ခု မြင်ယောင်လာပါကြောင်း၊ စစ်မြေပြင်တိုက်ပွဲကြားထဲမှာ၊ ယမ်းငွေ့တွေကြားမှာ ပြေးလွှားနေရတဲ့ ဒုက္ခသည်တွေရှိပါကြောင်း၊ ဒီမြင်ကွင်းကို မိမိတို့ပြည်သူတွေအနေနဲ့ မြင်တော့မြင်နေပေမယ့် ဘာမှလုပ်လို့မရပါကြောင်း၊ သေချာတာတစ်ခုကတော့ မိမိတို့ပြည်သူတွေအားလုံးရဲ့ ရင်ထဲမှာ ဒီလိုမျိုး စစ်မက်ဖြစ်ပွားခြင်း၊ မငြိမ်းချမ်းခြင်းကိုတော့ အားလုံးက မလိုလားဘူးဆိုတာတော့ သေချာပါကြောင်း။

**စားဝတ်နေရေးအဆင်မပြေ**

နောက်တစ်ခုက မိမိတို့ရဲ့ အသိုင်းအဝိုင်းထဲမှာပဲ မိသားစုမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်မှာပဲဖြစ်ဖြစ်၊ မြို့နယ်ဒေသမှာပဲဖြစ်ဖြစ် မငြိမ်းချမ်းတဲ့အရာတွေ ဥပမာ ကလေးငယ်တွေဟာ ကျောင်းနေရမယ့်အချိန်မှာ ကျောင်းမနေနိုင်၊ ဝမ်းစာအတွက်ဆိုပြီး အသက်အရွယ်နဲ့မလိုက် စားပွဲထိုးလုပ်ရတာရှိပါကြောင်း၊ ကွမ်းယာ၊ ဆေးလိပ်ရောင်းရတာရှိကြောင်း၊ ဒါဟာသူတို့အတွက် မငြိမ်းချမ်းမှု တစ်ခုပင်ဖြစ်ပါကြောင်း၊ နောက်တစ်ခုက လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့ဝမ်းစာအတွက် အလုပ်လုပ်တဲ့အခါမှာ အားလုံးကတော့ ကိုယ့်ရဲ့ဘဝအဆင်ပြေစေဖို့အတွက် ကြိုးစားမှု၊ ရိုးသားမှုနဲ့လုပ်ကြတဲ့သူတွေရှိပါကြောင်း၊ ဒီလိုရိုးရိုးသားသား လုပ်ကြပေမယ့် စားဝတ်နေရေး အဆင်မပြေပါကြောင်း၊ အရေးအကြောင်း ဆေးရုံတက်ဖို့ အကြောင်းဖန်လာတဲ့အခါမှာ ဆေးရုံတော့ရောက်သွားကြောင်း၊ ဒါပေမယ့် သူတို့မှာ ကုစရာငွေကြေးအင်အား မပြည့်စုံပါကြောင်း၊ ချမ်းသာတဲ့ အသိုင်းအဝိုင်းကျတော့ ဆေးရုံတွေ ကောင်းကောင်းမွန်မွန် တက်နိုင်ပါကြောင်း၊ တချို့ဆို နိုင်ငံခြားတွေမှာ သွားပြီးကုသနိုင်တဲ့ အခွင့်အလမ်းတွေရှိပါကြောင်း၊ ဆင်းရဲတဲ့သူတွေကျတော့ သူတို့ကို ဂရုစိုက်တာတွေ၊ အရေးတယူ ထောက်ပံ့တာတွေလည်းမရှိသလောက် တချို့နေရာတွေမှာ တွေ့ရပါကြောင်း၊ ဒါဆိုရင်လည်း သူတို့ရဲ့ရင်တွင်းက မငြိမ်းချမ်းပါကြောင်း၊ စစ်မြေပြင်မှမဟုတ်ဘဲ မိမိတို့ရဲ့ အနီးပတ်ဝန်းကျင်မှာလည်း ဒုက္ခတွေခံစားရတဲ့ ပြည်သူတွေ ရှိပါကြောင်း၊ ဒါဟာလည်း မိမိအနေနဲ့ သူတို့ဘဝအတွက် ငြိမ်းချမ်းမှုမရှိဘူးလို့တော့ ထင်မြင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးဝင်းနိုင် (စားသောက်ဆိုင်လုပ်ငန်း)**

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံမှာ အတော်လေးကို အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးမရလို့လည်း ဒီနိုင်ငံက မတိုးတက်တဲ့အနေအထားတွေ ဖြစ်နေတာဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရရင်တော့ တိုးတက်ဖို့ဆိုတာ လမ်းမမြင်ပါကြောင်း၊ အဲဒါကြောင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို သွားဖို့ဆိုရင် တစိုက်မတ်မတ်နဲ့ ကြိုးစားအားထုတ် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်၊ လူတွေဒုက္ခတွေရောက်၊ ခြေပြတ်လက်ပြတ်တွေဖြစ်၊ ဟိုမသွားနိုင် ဒီမသွားနိုင်နဲ့ဆိုရင် အဲဒီနေရာမှာ ဘယ်လိုမှ တိုးတက်နိုင်မှာမဟုတ်ပါကြောင်း၊ ကလေးတွေကလည်း ပညာကို ဘယ်လိုမှ အေးအေးချမ်းချမ်းနဲ့ သင်ကြားနိုင်မှာမဟုတ်ပါကြောင်း၊ ပညာမတတ်ခဲ့ရင်တော့ ဒီနိုင်ငံမတိုးတက်မှာ သေချာပါကြောင်း။

**တစိုက်မတ်မတ်ဆောင်ရွက်**

မတိုးတက်ရင်တော့ ဒီနိုင်ငံချမ်းသာဖို့ဆိုတာက မဖြစ်နိုင်တော့ပါကြောင်း၊ ဒါကြောင့်မို့ ငြိမ်းချမ်းရေးကိုတော့ တစိုက်မတ်မတ်နဲ့ ဦးစားပေးပြီးဆောင်ရွက်စေချင်ကြောင်း၊ မိမိတို့ရင်ထဲမှာ ငြိမ်းချမ်းရေးလိုချင်သလိုပဲ တိုင်းပြည်တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုတွေက ဒီငြိမ်းချမ်းရေးကို လိုလားမယ်လို့ မျှော်လင့်ပါကြောင်း၊ ဒီငြိမ်းချမ်းရေးရှိမှ ကျန်တဲ့ကဏ္ဍတွေအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဆိုရင် ငြိမ်းချမ်းရေးရလာပြီ ဖြစ်တဲ့အတွက် အထိုက်အသင့် တိုးတက်လာပြီဖြစ်ပါကြောင်း၊ ပညာရေးမှာလည်း ကောင်းစွာ သင်ကြားလို့ရနေပြီဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းလာပြီဖြစ်ပါကြောင်း၊ တိုင်းထဲမှာပင် စီးပွားရှာလုပ်ကိုင်စားသောက်တဲ့သူတွေ လွတ်လပ်စွာ သွားလာလှုပ်ရှား စီးပွားရှာနေရပြီဖြစ်တဲ့အတွက် ဧရာဝတီတိုင်းက ထိုက်သင့်သလောက် တိုးတက်လာတာကို တွေ့မြင်ရပါကြောင်း၊ ဒါက ငြိမ်းချမ်းရေး အသီးအပွင့်ကို ခံစားလာရတာဖြစ်ပါကြောင်း၊ ဒီလိုပဲ တစ်နိုင်ငံလုံးငြိမ်းချမ်းမှုအတွက်လည်း အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့ဒေသတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်နေလို့ မဖြစ်ပါကြောင်း၊ ကျန်တဲ့နယ်စပ်ဒေသတွေ၊ တောင်တန်းဒေသတွေမှာ နေတဲ့သူတွေလည်း ဖွံ့ဖြိုးတိုးတက်ဖို့လိုပါကြောင်း၊ တစ်နိုင်ငံလုံး အညီအညွတ်ဖွံ့ဖြိုးမှုသာ ဒီနိုင်ငံဟာ ကြီးပွားချမ်းသာလာမယ့် အနေအထားဖြစ်တယ်လို့ မြင်မိပါကြောင်း။

သင်ကြားခဲ့တဲ့ ပညာရပ်ဟာ အမှန်တကယ်ပြောရရင်တော့ အထောက်အကူ မဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းကို စမ်းတဝါးဝါးနဲ့ လုပ်လာခဲ့ရတာဖြစ်ပါကြောင်း၊ ပထမ ငါးကန်လုပ်ငန်းလုပ်ရာ မအောင်မြင်ပါကြောင်း၊ အခု စားသောက်ဆိုင် လုပ်ငန်းပြောင်းလုပ်ပါကြောင်း၊ နည်းနည်းပါးပါး အောင်မြင်လာပါကြောင်း၊ ကိုယ့်ရဲ့ စိတ်ကူးနဲ့ပဲ လုပ်နေတာဖြစ်ပါကြောင်း၊ သင်လာခဲ့တဲ့ ပညာနဲ့က ဘယ်လိုမှ မအပ်စပ်ပါကြောင်း၊ ဘယ်လိုမှ အသုံးချလို့ မရတဲ့အနေအထား ဖြစ်နေပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်ပြုံးပြုံးအေး (ရေလုပ်ငန်းရှင်)**

ငြိမ်းချမ်းရေးဟာ နိုင်ငံအတွက်အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ မိမိတို့ မိရိုးဖလာစီးပွားရေးလုပ်ငန်းက ရေလုပ်ငန်း ဖြစ်ပါကြောင်း၊ အဖေအမေတွေခေတ်က ပင်လယ်ပြင်ကြီးက မငြိမ်းချမ်းပါကြောင်း၊ လက်နက်ကိုင်တွေက ဆက်ကြေးတောင်းပါကြောင်း၊ ဆက်ကြေးမပေးဘူးဆိုရင် သင်္ဘောတွေနဲ့ အလုပ်သမားတွေကို ပြန်ပေးဆွဲသွားပါကြောင်း၊ လုပ်ငန်းရှင်က ဟိုဘက်ကမ်းကို သွားပြီးတော့ ညှိနှိုင်းရပါကြောင်း၊ ညှိနှိုင်းပြီးမှ ပြန်လွှတ်ပါကြောင်း၊ အဲဒါကို ဒီဘက်မှာရှိတဲ့အစိုးရက သိရဲ့သားနဲ့ အလုပ်ရှင်ကို ဖမ်းဆီးထောင်ချပါကြောင်း။

ယခုခေတ်မှာတော့ ပင်လယ်ပြင်ကြီးက အေးချမ်းသွားပြီဖြစ်ပါကြောင်း၊ ယခုလက်ရှိ ဧရာဝတီတိုင်းက အေးချမ်းတဲ့၊ ငြိမ်းချမ်းတဲ့အတွက်ကြောင့် အကုန်လုံး အေးအေးချမ်းချမ်းအိပ်နိုင်ပါကြောင်း၊ စာသင်နိုင် စီးပွားရေးတွေလုပ်နိုင်ပါကြောင်း၊ အခုစစ်ဖြစ်နေတဲ့ နေရာမှာရှိနေတဲ့ ညီအစ်ကို မောင်နှမတွေဟာ အိပ်ကောင်းခြင်းလည်း မအိပ်ရ၊ စားကောင်းခြင်းလည်း မစားရပါကြောင်း၊ ဘယ်အချိန်မှာ စစ်ပွဲတွေဖြစ်မလဲဆိုတဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ စီးပွားရေးလည်းကောင်းကောင်းမလုပ်နိုင်ပါကြောင်း၊ အဲဒီလိုဖြစ်နေတဲ့အတွက် သူတို့ဒေသတွေမှာ စီးပွားရေးက ဘယ်လိုမှ ဦးမော့လာနိုင်မှာမဟုတ်ပါကြောင်း။

**ပြည်တွင်းစစ်တွေ အမြန်ငြိမ်းချမ်းချင်**

စီးပွားရေး ဦးမမော့နိုင်ရင် ပညာရေးလည်းကောင်းစွာသင်နိုင်မှာ မဟုတ်တဲ့အတွက်ကြောင့် တိုင်းပြည်က ဒီထက်ကို စီးပွားရေးတွေ နိမ့်ကျနေဦးမှာဖြစ်ပါကြောင်း၊ နှစ်ရှည်လများဖြစ်နေတဲ့ ပြည်တွင်းစစ်တွေ အမြန်ငြိမ်းချမ်းချင်ပြီဖြစ်ပါကြောင်း၊ မြန်မာပြည်ကြီးကို သူများနိုင်ငံတွေနဲ့ တန်းတူဖြစ်နေတဲ့ နိုင်ငံကြီးအဖြစ် မြင်ချင်လှပြီဖြစ်ပါကြောင်း၊ အဖွဲ့အစည်းတွေ၊ တစ်ဦးတစ်ယောက်တွေ အာဃာတတွေမထားဘဲနဲ့ သည်းခံမှုတွေနဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးဖော်ဆောင်ပြီးတော့ ဆောင်ရွက်ပေးပါလို့ တောင်းပန်လိုပါကြောင်း၊ ပြည်သူတွေ၊ ညီအစ်ကို မောင်နှမတွေအကုန်လုံးက ငြိမ်းချမ်းရေးကို ယူချင်တဲ့စိတ်ရှိမှ၊ တစ်ယောက်နဲ့တစ်ယောက် သည်းခံခွင့်လွှတ်နားလည်မှုပေးနိုင်မှ ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်လို့ထင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးဇော်တင်မိုး**
**(ကဏန်းမွေးမြူရောင်းဝယ်ရေး)**

မငြိမ်းချမ်းတဲ့ကိစ္စတွေဆိုတာ ကြုံခဲ့ဖူးပါကြောင်း၊ အခုလို နှစ်ရှည်အကြာကြီး ပြည်နယ်တွေမှာ မငြိမ်းချမ်းမှုတွေ ဖြစ်နေကြတာ ဒီဒေသတွေက ခံစားရတဲ့လူတွေကို ကိုယ်ချင်းစာစိတ်နဲ့ ကြည့်မယ်ဆိုရင် မိမိတို့တွေ စိတ်ထဲမှာဖြေသာဖို့ မရှိပါကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးဆိုတဲ့ စကားကို ကြားရတာနဲ့ပဲ ကြားရသူတွေရဲ့ နားမှာချိုသာသလို စိတ်နှလုံးကို ငြိမ်းချမ်းစေပါကြောင်း။

**ငြိမ်းချမ်းရေးပိုလိုချင်**

မိမိတို့တိုင်းပြည်မှာရှိတဲ့ လူအကုန်လုံး၊ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအကုန်လုံးက ငြိမ်းချမ်းရေးကို လိုလားကြတာဖြစ်ပါကြောင်း၊ မိမိတို့ထက်လိုလားတဲ့သူလည်း ရှိနိုင်ပါကြောင်း၊ အဲဒီလူတွေက ဒီနေ့စစ်ဖြစ်ရာဒေသတွေမှာ အဲဒီစစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကို ခံစားနေကြရတဲ့ ပြည်သူတွေပဲဖြစ်ပါကြောင်း၊ အဲဒီလူတွေထက်ပိုပြီး လိုချင်တဲ့သူတွေလည်း ရှိနိုင်ပါသေးကြောင်း၊ အဲဒါကတော့ ဒီနေ့ မငြိမ်းမချမ်းနဲ့ လက်နက်ကိုင်ပြီး တိုက်နေကြရတဲ့ ကျွန်တော်တို့ ပြည်တွင်းရန်ကို ကာကွယ်နေကြရတဲ့ တပ်မတော်သားတွေနဲ့ တစ်ဖက်က လက်နက်ကိုင်တိုင်းရင်းသားတွေဖြစ်ပါကြောင်း၊ သူတို့တွေက အသက်ကို အရင်းတည်ပြီး တိုက်နေကြရတော့ ကျွန်တော်တို့ထက် ပိုပြီးငြိမ်းချမ်းရေးကို ပိုလိုချင်မယ်လို့ တွေးဆမိပါကြောင်း။

တိုက်ပွဲဖြစ်ရာဒေသတွေကိုလည်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆရာဝန်ဆိုလည်း ကျည်ဆန်တွေကြားမှာ ဘယ်ဆရာဝန်မှ သွားချင်ကြမှာ မဟုတ်ပါကြောင်း၊ ပညာရေးအတွက် ကျောင်းဆရာ ဆရာမတွေ ပညာသွားသင်မယ်ဆိုလည်း ဗုံးဆန်တွေ၊ သေနတ်သံတွေကြားမှာ သွားသင်ဖို့ စိတ်ကူးရှိကြမှာ မဟုတ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံချင်သူတွေလည်း စစ်ဖြစ်ရာဒေသမှာသွားပြီး ရင်းနှီးမြှုပ်နှံချင်ကြမှာ မဟုတ်ပါကြောင်း၊ စစ်ဖြစ်ရာဒေသတွေဟာ မိမိတို့ထက် နှောင့်နှေးကြန့်ကြာနေမှာ အမှန်ပဲဖြစ်ပါကြောင်း။

**အဘက်ဘက်က စဉ်းစားပေးတဲ့အစိုးရ**

ပြည်သူတွေက တင်မြှောက်ထားတဲ့ NLD အစိုးရ၊ ပြည်သူတွေအတွက် အဘက်ဘက်က စဉ်းစားပေးနေတဲ့ အစိုးရအနေနဲ့မှ ငြိမ်းချမ်းရေးမရဘူးဆိုရင် ဘယ်သောအခါမှ ငြိမ်းချမ်းရေးရမယ်လို့ မိမိအနေနဲ့ မယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၈ သို့ »»**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြောင်းမြဒေသခံပြည်သူများစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးသည့် ပြည်သူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၇ မှ

**ဦးအောင်ကြည်မြင့်(တောင်သူ)**

ပညာရေးကို ဒီထက်မက တိုးတက်စေချင်ပါကြောင်း၊ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး တစ်ဆက်တည်း တင်ပြချင်တာက မိမိတို့ ရေကျော်ကျေးရွာမှာ ၂၀၁၆ ခုနှစ်က အလယ်တန်းကျောင်းတစ်ကျောင်း ဒဂုံမင်းကုမ္ပဏီက ဆောက်ခွင့်ရပါကြောင်း၊ ယနေ့အချိန်အထိ ၅၀ ရာခိုင်နှုန်းသာ ပြီးစီးပြီး အမိုးမိုး၍ ပစ်ထားသည်မှာ နှစ်နှစ်ကျော်နေပြီဖြစ်ပါကြောင်း၊ ဒေသခံတွေအနေနဲ့ ကျောင်းလေးကို ပြီးစေချင်ပါကြောင်း၊ ဇကလွန်း ဝဲထောက်ကျေးရွာအုပ်စုက ကျောင်းတစ်ကျောင်းလည်း မပြီးသေးတဲ့အထဲမှာ ပါပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဦးအောင်မြင့်မြတ်(ပညာရေးဝန်ထမ်း)**

ပညာရေးမရှိရင် ငြိမ်းချမ်းရေးမရှိနိုင်သလို ငြိမ်းချမ်းရေးမရှိရင်လည်း ပညာရေးဆိုတာ သုံးလို့မရတော့ပါကြောင်း၊ မိမိတို့က မငြိမ်းချမ်းတဲ့ဒေသတွေမှာ ဘယ်ကျောင်းဆရာ ဆရာမမှ ဘယ်လောက်ရာထူးကြီးကြီးပေးပေး တစ်ယောက်မှ မသွားချင်ပါကြောင်း၊ ဘာဖြစ်လို့ မသွားချင်တာလဲဆိုရင် ကိုယ့်အသက်အတွက် လုံခြုံမှုမပေးနိုင်လို့ ပြည်ပမှာရှိတဲ့ တိုင်းရင်းသားပညာတတ်တွေကလည်း အဲဒီဒေသတွေကို ပညာသွားရောက်သင်ကြားဖို့ဆိုတာ မဖြစ်နိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးနဲ့ ပညာရေးဟာ နှစ်ဖက်လုံး ဟန်ချက်ညီမှ မိမိတို့ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ သုံးသပ်မိပါကြောင်း။

**ကျောင်းသားနဲ့ အားကစား**

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်တာ မိမိတို့ပညာရေးဌာနမှာ ဘာရှိမလဲဆိုရင် အားကစားအခန်းကဏ္ဍ ကျောင်းသားနဲ့ အားကစားဖြစ်ပါကြောင်း၊ ကျောင်းတွေမှာ အားကစားပြိုင်ပွဲကျင်းပပေးတဲ့အခါ ကလေးတွေက တစ်ဦးနှင့်တစ်ဦး ချစ်ကြပါကြောင်း၊ ကျောင်းတွေမှာ အသင်းငါးသင်း အားကစားပြိုင်ပွဲတွေ လုပ်ပေးလိုက်ရင် တစ်သင်းချင်းတော့ စည်းလုံးညီညွတ်သွားပါကြောင်း။

အားကစားကလည်း ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါကြောင်း၊ ငယ်ရွယ်စဉ်အချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားတွေ အားလုံးစုပေါင်းပြီးတော့ အားကစားပြိုင်ပွဲလေးတွေ လုပ်ပါကြောင်း၊ တိုင်းရင်းသားတွေအချင်းချင်း တွေ့ဆုံခွင့်ရပါကြောင်း၊ တစ်ဦးယဉ်ကျေးမှု တစ်ဦး နားလည်လာမှာဖြစ်ပါကြောင်း၊ တစ်ယောက်နဲ့ တစ်ယောက်လည်း ချစ်ခင်လာမှာဖြစ်ပါကြောင်း၊ အနာဂတ်မှာ လူငယ်ဖြစ်လာမယ့် ကလေးတွေက လူကြီးဖြစ်လာပြီဆိုရင် နိုင်ငံတော်ကို ဘက်စုံထောင့်စုံကနေ ဝိုင်းပြီးတော့ တည့်မတ်အောင် ဆောင်ရွက်တဲ့နေရာမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးတဲ့အတွက် မိမိတို့ ပညာရေးကဏ္ဍမှာ အားကစားကဏ္ဍကလည်း ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းတဲ့နိုင်ငံ တည်ဆောက်ဖို့ဆိုရင် ပညာရေးနဲ့ အားကစားကဏ္ဍကို ချန်ထားလို့ မရပါကြောင်း။

**အားကစားနဲ့ ငြိမ်းချမ်းရေး**

ကချင်ပြည်နယ်မှ အမျိုးသား အောင်လအန်ဆန် MMA ဝိတ်တန်းချန်ပီယံဆု နှစ်ခုရသည့်အခါ ကချင်တိုင်းရင်းသားတစ်မျိုးတည်း ပျော်ရွှင်ခြင်းမဟုတ်ဘဲ မိမိတို့လည်း ပျော်ပါကြောင်း၊ တိုင်းရင်းသားအားလုံး ပျော်ပါကြောင်း၊ ဒါ သူတတ်တဲ့ အားကစားပညာနဲ့ တိုင်းပြည်ကို ငြိမ်းချမ်းရေးလုပ်နေတာ၊ ဒါကြောင့် အားကစားကဏ္ဍကလည်း အရေးပါတယ်လို့ ထည့်သွင်းပြောကြားလိုတာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဒေါ်ဖြိုးအိကြိုင်(စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း)**

ငြိမ်းချမ်းရေးဆိုတာ တစ်ဦးတစ်ယောက်တည်းအားနဲ့ အဖြေရှာလို့ မရပါကြောင်း၊ အခုလို စကားဝိုင်းတွေကတစ်ဆင့် ဆွေးနွေးအဖြေရှာပြီးတော့ ငြိမ်းချမ်းရေးကို ဘယ်လိုဆက်လက်ဆောင်ရွက်မယ်၊ တိုင်းပြည်ငြိမ်းချမ်းအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်မတို့ ဆွေးနွေးရင်းနဲ့ အဖြေရှာရမှာ ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလို့ ပြောလိုက်ရင် မိမိထင်တာကတော့ အရင်ဆုံး တိုင်းရင်းသားတွေ၊ အသားအရောင်တွေ၊ ဘာသာစကားတွေ၊ ယုံကြည်မှုတွေ၊ ကိုးကွယ်ရာတွေ ခွဲခြားမနေဘဲနဲ့ စုစုစည်းစည်းနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားရမှာဖြစ်ပါကြောင်း၊ အဓိကတော့ ဘယ်နိုင်ငံမှာပဲနေနေ၊ ဘယ်ဒေသပဲ ရောက်နေနေ၊ ဘယ်ဘာသာတရားပဲ ကိုးကွယ်ကိုးကွယ်၊ မြန်မာနိုင်ငံသားဆိုတဲ့ စိတ်ဓာတ်တစ်ခုတည်းနဲ့ မြန်မာနိုင်ငံတော်ကြီးကို တိုးတက်အောင် အကုန်လုံး ဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်ပါကြောင်း။

**တိုင်းပြည်ရဲ့ အရင်းအမြစ်**

မိမိတို့ အသင်းကြီးအနေနဲ့ဆိုရင်လည်း MYEA အသင်းကြီးရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အသင်းမှာ တိကျတဲ့ ရည်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေလည်းရှိပါကြောင်း၊ နေပြည်တော်ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောခဲ့တဲ့စကားလေးတစ်ခွန်း အခုထိ အမှတ်ရနေပါကြောင်း၊ လူငယ်တွေကို အားကိုးတယ်ဆိုပြီး ပြောခဲ့ပါကြောင်း၊ မှန်ပါကြောင်း၊ လူငယ်တွေဟာ တိုင်းပြည်တစ်ပြည်ရဲ့ အရင်းအမြစ်ဖြစ်ပါကြောင်း၊ ဒီလူငယ်တွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ တန်းတူပညာရေးတွေ သင်ကြားနိုင်မယ်ဆိုရင် သူတို့ရဲ့ အတွေးအခေါ်တွေ မြင့်မားလာမယ်၊ စိတ်ဓာတ်တွေ မြင့်မားလာမယ်၊ ပြီးရင် ဒီစိတ်ဓာတ်တွေ မြင့်မားလာရင် ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးစားသွားကြရမှာဖြစ်ပါကြောင်း။

မိမိတို့ လူငယ်တွေကြားမှာလည်း ငြိမ်းချမ်းရေးဆိုတာကိုပဲ တသသ ပြောနေကြရပါကြောင်း၊ ငြိမ်းချမ်းရေးရှိမှပဲ စွန့်ဦးတီထွင်မှုလုပ်ငန်းတွေကလည်း တိုးတက်အောင် စွမ်းဆောင်နိုင်ပါလိမ့်မည်ဖြစ်ပါကြောင်း၊ ဒါကြောင့် မိမိတို့ အသင်းကြီးအနေနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လူငယ်ထုတွေကို စွန့်ဦးတီထွင်လိုစိတ်တွေရှိလာအောင်၊ အကောင်းမြင်စိတ်တွေရှိလာအောင် ကြိုးစားတည်ဆောက်သွားကြရမှာဖြစ်ပါကြောင်း။

**လူငယ်တွေ ပူးပေါင်းပါဝင်**

နိုင်ငံတစ်နိုင်ငံမှာ လူငယ်တွေက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါပါကြောင်း၊ ဒါကြောင့်မို့လည်း လူငယ်တွေအနေနဲ့ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ခံစားသိရှိနားလည်လာအောင်၊ သိရှိနားလည်လာပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ချက်တွေ မှန်သမျှမှာ လူငယ်တွေအနေနဲ့ အစိုးရနဲ့အတူတူ ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်သွားမယ်လို့ ဒီနေရာကနေ ပြောကြားလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**နည်းပညာကို ဘယ်လိုထိန်းမလဲ**

ဆွေးနွေးချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အခုခေတ်နည်းပညာတွေကို အပြုသဘောဆောင်တဲ့ အကျိုးတွေဖြစ်အောင် ဘယ်လိုကျွန်မတို့ ထိန်းမလဲ၊ ဒီနည်းပညာတွေဆိုတာ အပြုသဘောဆောင်တဲ့လမ်းကို သွားနိုင်သလို အပြုသဘောမဆောင်တဲ့လမ်းတွေကိုလည်း သွားနိုင်ပါကြောင်း၊ ဥပမာ-ကျွန်မတို့ ပြောပြောနေတဲ့ ကိစ္စတွေမှာ၊ အမုန်းတရားတွေကို ဖြန့်ဝေနေတာဆိုတာလည်း ဒီနည်းပညာတွေကြောင့် အများကြီးဖြန့်ဝေနိုင်ပါကြောင်း၊ ပြီးတော့ အမုန်းတရားတွေဟာ တစ်နေရာတည်းက မဟုတ်ဘဲ တစ်ကမ္ဘာလုံးကို သွားနိုင်တဲ့အခြေအနေမှာရှိတော့ ကျွန်မတို့ ဘယ်လိုပြန်ပြီးတော့ တုံ့ပြန်မလဲ၊ ဒီလိုမပွားသင့်တဲ့ စိတ်ဓာတ်တွေ မိမိတို့နိုင်ငံထဲမှာ စိမ့်မဝင်အောင် ဘယ်လိုနည်းပညာဘက်ကနေ ကာကွယ်မလဲ၊ ဒါမှမဟုတ် လူမှုရေးအရ ဘယ်လိုကာကွယ်မလဲဆိုတာ စဉ်းစားရမှာဖြစ်ပါကြောင်း။

**ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့**

"မိမိတို့ ပညာရေးစနစ်က ယေဘုယျအားဖြင့် အားနည်းပါကြောင်း၊ နိုင်ငံခြားကနေ စာရွက်စာတမ်းတွေ၊ ဂျာနယ်တွေ လေ့လာနိုင်ဖို့ အခက်အခဲဟာ အဓိကအားဖြင့် အင်္ဂလိပ်ဘာသာသင်တဲ့နေရာမှာ အားနည်းလို့ဖြစ်ပါကြောင်း၊ ဒါလည်း မိမိတို့ ပြုပြင်ဖို့ ကြိုးစားနေပါကြောင်း၊ အင်္ဂလိပ်ဘာသာကို အခုခေတ်မှာ မကျွမ်းကျင်ရင် ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့ဆိုတာ အင်မတန်မှ ခက်ပါကြောင်း၊ ကမ္ဘာပေါ်မှာ အရေးကြီးဆုံးစာရွက်စာတမ်းတွေ အားလုံးဟာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေပါကြောင်း။

**ပညာဆိုတာ အလဟဿမဖြစ်**

"နောက်တစ်ချက်ကတော့ သင်တဲ့ပညာနဲ့ အပြင်မှာသိပ်ပြီး အသုံးမဝင်တဲ့ အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့အနေနဲ့ အသက်မွေးဝမ်းကျောင်းပညာကို အားပေးပါကြောင်း၊ ပညာရှာတယ်ဆိုတာဟာ ကိုယ့်ဘဝကို ရင်ဆိုင်နိုင်ဖို့ပညာရှာတာဖြစ်ပါကြောင်း၊ ပညာဆိုတာ ဘယ်တော့မှ အလဟဿတော့ လုံးဝမဖြစ်ပါကြောင်း၊ ဒါပေမယ့် ဒီပညာရေးအဆင့်က မကောင်းတဲ့အခါ ဒီဟာကို အသက်မွေးဝမ်းကျောင်းအတွက် သုံးဖို့ရာ ခက်ခဲပါကြောင်း၊ ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး လိုက်ဖို့ခက်ခဲပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက သိရှိပြီး အဘက်ဘက်က ပြုပြင်ဖို့ ကြိုးစားနေပါကြောင်း။

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ဘယ်လိုမှခွဲလို့မရပါကြောင်း၊ နိုင်ငံက စီးပွားရေးအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ချမ်းသာမှ လူတွေဟာ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိမှာဖြစ်ပါကြောင်း၊ စစ်မက်ဖြစ်နေတဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာမှာ လုံခြုံမှုမရှိပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာလည်း လုံခြုံမှုမရှိပါကြောင်း၊ ကလေးသူငယ်များဟာ ပညာသင်ရမယ့်အချိန်မှာ ဝမ်းစာရှာနေရတာ မဖြစ်သင့်တဲ့ကိစ္စဖြစ်ပါကြောင်း၊ ဒါကိုလည်း မိမိတို့ အစိုးရအနေနဲ့ အထူးအလေးပေးပြီး ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကြိုးစားနေပါကြောင်း၊ နေ့ချင်းညချင်းတော့ မဖြစ်ပါကြောင်း၊ ဒါပေမယ့် ခုနကပြောသွားသလို ဒီကလေးလေးတွေဟာ ကွမ်းယာတွေ၊ ဆေးလိပ်တွေ လိုက်ရောင်းနေရတယ်ဆိုတော့ အဲဒါနဲ့ ပတ်သက်လို့လည်း ဆေးလိပ်မသောက်ပါနဲ့ ကွမ်းယာမစားပါနဲ့လို့တော့ အားလုံးကို ပြောချင်ပါကြောင်း။

**အစားထိုးလုပ်ငန်းတွေ ရှာပေးဖို့လို**

"ဒါပေမယ့် ပြောတဲ့တစ်ချိန်လုံးမှာပဲ လက်တွေ့ကျကျ ကြည့်ရပါကြောင်း၊ ဆေးလိပ်ရောင်းပြီး အသက်ရှင်ရသူတွေနဲ့ ကွမ်းယာရောင်းပြီး အသက်ရှင်ရသူတွေအတွက် မိမိတို့မှာ အစားထိုးလုပ်ငန်းတွေ ရှာပေးဖို့လိုကြောင်း။

ငြိမ်းချမ်းရေးဆိုတာ ပြည်သူလူထု တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ စိတ်၏အေးချမ်းခြင်းဖြစ်ပါကြောင်း၊ စိတ်၏ အေးချမ်းရေးဆိုတာ ၁၀၀ ရာခိုင်နှုန်းတော့မဖြစ်နိုင်ပါကြောင်း၊ အခြေခံလုံခြုံမှုဆိုတာ မိမိအမြဲပြောသလို တရားဥပဒေစိုးမိုးရေးရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအောက်မှာ ပြည်သူများဟာ အခြေခံလုံခြုံမှုရှိနိုင်ပါကြောင်း၊ ဥပဒေဟာ ပြည်သူတွေကို ကာကွယ်ဖို့၊ လူ့အသိုင်းအဝိုင်းကို ကာကွယ်ဖို့ဆိုတာ အများနားလည်အောင်၊ တကယ်ပဲ လက်တွေ့ကျကျမြင်ရအောင် လုပ်ရမည်ဖြစ်ပါကြောင်း။

**ဆောင်သင့်တဲ့ အခွန်ကိုဆောင်**

"စီးပွားရေးတောင့်တင်းမှုထဲမှာ တိုးတက်တဲ့နိုင်ငံတွေအတွက် အခြေခံကိစ္စတစ်ခုက ဘာလဲဆိုတော့ အခွန်ငွေတွေ ရရှိခြင်းပင်ဖြစ်ပါကြောင်း၊ ပြည်သူတွေက ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ငွေတွေကိုဆောင်ကြပါ။ စီးပွားရေးလုပ်ငန်းရှင်တွေလည်း ကိုယ်ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ငွေတွေကို ဆောင်ကြပါ။ မရှောင်ကြပါနဲ့။ ဒီလိုအခွန်မပေးဘဲနဲ့ အစိုးရက ပြည်သူကို အကျိုးဖြစ်စေမယ့် လုပ်ငန်းတွေ လုပ်ဖို့ဆိုတာဟာ မလွယ်ပါကြောင်း။

**အခွန်တွေကို ပြည်သူအတွက်သုံး**

"မိမိတို့ ဆောက်လုပ်ရေးအပိုင်းမှာဆိုရင် အခုမြောင်းမြက လူတွေက တန်းပြီးစဉ်းစားလိုက်မှာ တံတားကြီးကိစ္စဖြစ်ကြောင်း၊ ဒီတံတားကြီးကိစ္စဆိုတာ တံတားတွေကို အဆင့်မီအောင်လုပ်ဖို့၊ လမ်းတွေကို အဆင့်မီအောင်လုပ်ဖို့ဆိုတာဟာ မိမိတို့ ပြည်သူများရဲ့ ကျွမ်းကျင်မှုတင်မကဘူး ပိုက်ဆံလည်းလိုကြောင်း၊ အင်ဂျင်နီယာတစ်ယောက်က ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် သူလိုအပ်တဲ့ ပစ္စည်းတွေမရှိဘူးဆိုရင် တံတားကောင်းကောင်း ဆောက်လို့လည်းမရ၊ လမ်းကောင်းကောင်း ဆောက်လုပ်လို့လည်းမရ၊ ဒီတော့ ပြည်သူကလည်း သူ့ရဲ့တာဝန်အရ အခွန်ထမ်းဆောင်ရမည်၊ အစိုးရကလည်း အစိုးရတာဝန်အရ ဒီအခွန်တွေကို မှန်မှန်ကန်ကန်နဲ့ ပြည်သူအတွက် သုံးနိုင်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၉ သို့ ☀

✻ စာမျက်နှာ ၄ မှ

တံတားအသစ် တည်ဆောက်မှုမပြီးစီးခင် ရေယာဉ်များအတွက် စက်သုံးဆီကုန်ကျစရိတ်များကို နိုင်ငံတော်အစိုးရမှ ကျခံနိုင်ရေး နေပြည်တော်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက ပြည်သူများအဆင်ပြေစေရေးအတွက် ညှိနှိုင်းပေါင်းစပ်မှုများ ပြုလုပ်ပြီး စနစ်တကျဆောင်ရွက်သွားရန်ဖြစ်ကြောင်း စသည်ဖြင့်ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြကြိုးတံတားအဟောင်းနှင့် မြောင်းမြတံတားအသစ် တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုပြီး မြောင်းမြကြိုးတံတားအဟောင်း ပြတ်ကျရာတွင် အသက်ဆုံးရှုံးခဲ့ရသူနှစ်ဦး၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်း (မြောင်းမြ)ဆောက်လုပ်မည့် မြေနေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အထူးအဖွဲ့ (၁၅) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်း၊ သူနာပြုသင်တန်းကျောင်း (ပုသိမ်) ကျောင်းအုပ်ကြီး နော်ကပေါ်ရှီးနှင့် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကျော်ထွေးတို့က သင်တန်းကျောင်းဆောင် ဆောက်လုပ်မည့်အခြေအနေ၊ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်း အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိနေရာအပြင် မြောင်းမြဂုန်နီစက်ရုံအတွင်း လှူဒါန်းလိုသည့် အလှူရှင်များ၏ တင်ပြချက်ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သူနာပြုသင်တန်းကျောင်းနှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မြောင်းမြမြို့ ခရီးစဉ်တွင် ဒေသခံပြည်သူများက လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ပုသိမ်မြို့သို့ထွက်ခွာပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၈ မှ

"ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်အရ စိုက်ပျိုးရေးပေါ်တွင် အခြေခံပြီး တိုးတက်စရာ လမ်းကြောင်းများရှိပါကြောင်း၊ လမ်းကြောင်းရှိပေမယ့် ဒီလမ်းကြောင်းကို လျှောက်နိုင်မှ အကျိုးရှိမည်ဖြစ်ပါကြောင်း၊ လယ်သမား သားသမီးများအနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်တာကို ဂုဏ်ယူစေချင်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံပြီး တိုးတက်တဲ့စက်မှုလက်မှုနိုင်ငံတွေလည်းရှိပါကြောင်း။ လယ်သမားသားသမီးဖြစ်ရတာကို ဂုဏ်ယူစေချင်ပါကြောင်း။

"မိမိတို့ နိုင်ငံမှာ ကျောင်းဆရာတွေ နည်းနေပါကြောင်း၊ ကျောင်းဆရာမတွေများနေပါကြောင်း၊ ကျောင်းဆရာမက ၉၈ ရာခိုင်နှုန်းလောက်ရှိပါကြောင်း၊ အမျိုးသားငယ်များ ကျောင်းဆရာလုပ်ချင်တဲ့စိတ်ဓာတ်တွေ ပိုပြီးတော့ အားပေးချင်ပါကြောင်း။

## တော်ရုံအခွင့်အရေးမဟုတ်

"ဦးအောင်မြင့်မြတ်ပြောသလို အားကစားက လူငယ်တွေရဲ့ စိတ်ဓာတ်အတွက်၊ မိမိတို့နိုင်ငံရဲ့ရှေ့ရေးအတွက် အရေးကြီးပါကြောင်း၊ နောက်ပြီး အမျိုးသားများကို ကျောင်းဆရာလုပ်ဖို့လည်း အားပေးပါ။ ဆွဲဆောင်ပါ။ ကျောင်းဆရာလုပ်တယ်ဆိုတာ အင်မတန်မှ ဂုဏ်သိက္ခာရှိပါကြောင်း၊ နောင်လာနောက်သားတွေရဲ့စိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးပိုင်ခွင့်ရတယ်ဆိုတာဟာ တော်ရုံတန်ရုံအခွင့်အရေးမဟုတ်ပါကြောင်း၊ ဒါကြောင့် ကျောင်းဆရာဖြစ်ရမှာကို ဂုဏ်ယူကြပါ။ ကျောင်းဆရာဖြစ်ဖို့ မျှော်မှန်းကြပါဟု ပြောလိုပါကြောင်း။

"မိမိတို့ ပြည်သူတွေက သိပ်ပြီးတော့ မင်းသား မင်းသမီး ဖြစ်ချင်ကြကြောင်း၊ မင်းသား မင်းသမီးချည်းပဲ ဖြစ်နေမယ်ဆိုရင် ပရိသတ်တစ်ယောက်မှ ရှိမှာမဟုတ်တော့ကြောင်း၊ ဒါကြောင့်မို့လို့ ကိုယ်က ပရိသတ်အနေနဲ့လည်း ဂုဏ်ယူရမည်၊ မင်းသား မင်းသမီးတွေက တကယ်တော့ ပရိသတ်ကို အားကိုးရတာ၊ ပရိသတ်မရှိရင် မင်းသား မင်းသမီးမဖြစ်ကြောင်း။

"အားလုံးက ခေါင်းဆောင်ပဲ လုပ်ချင်ကြောင်း၊ နောက်လိုက်လုပ်ဖို့ မစဉ်းစားကြောင်း၊ ကိုယ်ကိုယ်တိုင်က နောက်လိုက်ကောင်းတစ်ယောက်အဖြစ် တာဝန်ကျေပွန်ခဲ့မှသာ ခေါင်းဆောင်ကောင်းဖြစ်နိုင်မည်ဖြစ်ကြောင်း။

"သူ့နေရာနဲ့သူ အားလုံးက တန်ဖိုးရှိကြောင်း၊ ဒါတွေကို မိမိတို့ သားသမီးတွေကို သင်ပေးရမည်ဖြစ်ကြောင်း" ပြန်လည်ဆွေးနွေးသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆွေးနွေးပြောကြားရာတွင် ပြည်သူတွေ ကျန်းမာရေးအသိပညာ၊ ကျန်းမာရေးစာတတ်မြောက်မှုရှိမှသာလျှင် နိုင်ငံတော်၏အတိုင်ပင်ခံပြောတဲ့ ကွမ်းမစား၊ အရက်မသောက်၊ ဆေးလိပ်မသောက်၊ အဆီများတဲ့အစာကို လျှော့စားမည်ဖြစ်ကြောင်း၊ ချိုလွန်း၊ ငန်လွန်းတာတွေသိပ်မစားဘူးဆိုရင် တော်တော်များများမှာ မဖြစ်သင့်တဲ့ရောဂါတွေ မဖြစ်တော့ပါကြောင်း။

## စံပြုအချက်အလက်များ

ဒီကိစ္စတွေကို နိုင်ငံတော်အတိုင်းအတာအနေနဲ့ စံပြုအချက်အလက်များဆိုတဲ့စာအုပ်ကိုထုတ်တဲ့အပြင် ဒီစာအုပ်ကို Tablet ထဲမှာ ထည့်မည်ဖြစ်ကြောင်း၊ ထည့်ပြီးရင် သုံးသောင်းမျှရှိသော အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးကို ပေးမှာဖြစ်ပါကြောင်း မကြာခင်လပိုင်းအတွင်းမှာ ကျွန်တော်တို့ပေးတော့မှာဖြစ်ပါကြောင်း။

မိမိတို့ ကလေးတွေကို ကာကွယ်ဆေး ၁၁ မျိုးလောက် ထိုးပေးနေပါကြောင်း၊ ထိုစာအုပ်ထဲမှာ ဘာပါလဲဆိုတော့ ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေပါပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အွန်လိုင်းမှ မေးမြန်းလာသည့် "ငြိမ်းချမ်းရေး၏အစ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်နက်ကိုင်အဖွဲ့အားလုံး တက်ညီလက်ညီ လက်မှတ်ရေးထိုးရန် မည်သို့အဆင်မပြေဖြစ်နေသည်၊ မည်သို့ကြိုးစားမရဖြစ်နေသည်ကို သိလိုကြောင်း" မေးခွန်း၊ "နိုင်ငံတော်တိုးတက်ရေးအတွက် ဦးတည်ချက်သုံးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရေးတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်သင့်သည့် အခြေအနေနှင့်စပ်လျဉ်း၍ ရထားတွဲအသစ်များ လိုအပ်သလို အစားထိုးသင့်ပါကြောင်း၊ သို့မှသာ သတ်မှတ်ကာလအတွင်း လိုရာခရီးရောက်နိုင်မည်ဖြစ်ကြောင်း" မေးခွန်း၊ "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ယခုအချိန်အဖြစ်ချင်ဆုံးဆန္ဒအား သိလိုကြောင်း"မေးခွန်းတို့နှင့် စပ်လျဉ်းပြီး ဖြေကြားခဲ့သည်။

## တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုမရှိ

NCA လက်မှတ်ရေးထိုးရေးနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီမေးခွန်းဟာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးဖို့မေးခွန်းတစ်ခု ဖြစ်ပါတယ်။ ဟုတ်တယ်၊ ကျွန်မတို့အစိုးရက ငြိမ်းချမ်းရေး လိုချင်ပါတယ်။ တပ်မတော်ကလည်း လိုချင်မယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း လိုချင်မယ်။ စောစောက ပြောသွားသလို၊ အထိခိုက်ဆုံးက ဒီတပ်မတော်သားတွေနဲ့ လက်နက်ကိုင် တပ်ဖွဲ့တွေထဲက ရဲဘော်တွေဟာ အထိခိုက်ဆုံးပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ သူတို့လည်း အထိခိုက်ခံချင်မှာမဟုတ်ဘူး။ သူတို့မိသားစုတွေကလည်း ကိုယ့်ရဲ့သားတွေ၊ မောင်တွေ၊ အဖေတွေ၊ ခင်ပွန်းသည်တွေကို ဆုံးရှုံးချင်မှာ မဟုတ်ဘူး။ ဘာဖြစ်လို့ ဒီငြိမ်းချမ်းရေးရဲ့ အစဖြစ်တဲ့ NCA ကို မထိုးကြတာလဲဆိုတော့ တစ်ဖက်ကကြည့်မယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုမရှိလို့ပဲ။

"ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုမရှိလို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင် တခြားသူကို ယုံကြည်နိုင်တဲ့ အင်အားဖြစ်လာမယ်။ ပထမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့လိုပါတယ်။ ငါဟာ ငြိမ်းချမ်းတဲ့ လမ်းစဉ်နဲ့ ငါ့ရဲ့တိုင်းရင်းသားတွေအတွက်၊ ငါ့ရဲ့အစုအဖွဲ့အတွက် လိုအပ်တဲ့တိုးတက်မှုတွေကို လုပ်ပေးနိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတာကို ယုံကြည်ဖို့ လိုပါတယ်။ လက်နက်အားကိုးနဲ့မှ လုပ်နိုင်တာမဟုတ်ဘူး။ ကိုယ့်ရဲ့လုံ့လ၊ ဝီရိယ၊ ကိုယ့်ရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကို အခြေခံပြီးတော့ လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိမှ တခြားဘက်ကို ယုံကြည်ခြင်းနဲ့ စွန့်စားနိုင်မှာ။ ကျွန်မ ခဏခဏပြောပါတယ်။ ဘဝဆိုတာ စွန့်စားခြင်းပဲ။

## ဘဝဆိုတာ စွန့်စားမှု

"မနက်မိုးလင်းကတည်းက စွန့်စားခြင်းပဲ။ ကိုယ်ကသာ မသိလို့၊ ဒီမနက်မိုးလင်းပြီဆိုရင် ဒီတစ်နေ့တာ ၂၄ နာရီအတွင်းမှာ ကိုယ်ဘာနဲ့ကြုံရမလဲ၊ ဘာနဲ့ရင်ဆိုင်ရမလဲဆိုတာ ဘယ်သူမှမသိဘူး။ ငြိမ်းချမ်းရေးကို တကယ်လိုချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်နိုင်တယ်။ ရင်ဆိုင်မယ်။ ရင်ဆိုင်ရမှာပဲ။ ဘဝမှာ ရှောင်လွှဲလို့မရဘူး။ ဖြစ်လာသမျှတစ်နေ့ထက်တစ်နေ့ ရင်ဆိုင်ရမှာပဲ။ ဒီနေ့ကို မရင်ဆိုင်ပါဘူးဆိုပြီးတော့ ခေါင်းမြီးခြုံနေလို့လည်း ဒီနေ့ကြီးက ပျောက်သွားမှာ မဟုတ်ဘူး။ အဲဒီတော့ ကိုယ်အသက်ရှင်နေသမျှဘဝဆိုတာ စွန့်စားမှုပဲ။ အဲဒီတော့ ဘဝဆိုတာ စွန့်စားမှုမို့လို့ အားလုံးကနေပြီးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်နဲ့ တခြားသူတွေကို ယုံကြည်မှုပေးရမယ်။

ကျွန်မ ခဏခဏပြောပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာ စိတ်ညစ်စရာ အကောင်းဆုံးကိစ္စတစ်ခုကတော့ မနာလို၊ သဝန်တိုတဲ့ စိတ်ဓာတ်တွေ၊ တစ်ယောက်နဲ့တစ်ယောက် မနာလို၊ သဝန်တိုတာတွေ၊ အဲဒါကလည်း ကိုယ့်ကိုယ်ကိုယ် မယုံကြည်ခြင်းကနေပြီးတော့ ပေါက်ဖွားလာတာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့သူက ဘယ်သူ့ကိုမှ မနာလိုမရှိဘူး။ ကိုယ်က ကြီးကြီးကျယ်ကျယ်ကြီးလည်း ဖြစ်နေစရာမလိုဘူး။ လယ်သမားတစ်ယောက်ဆိုပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ လယ်သမားဟာ သူဌေးကြီးကိုလည်း မနာလိုနေစရာ အကြောင်းမရှိဘူး။ ဒီတော့ ယုံကြည်ချက်ဟာ အဓိကပဲ။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ဖို့ လိုပါတယ်" ဟု ဆွေးနွေးဖြေကြားသည်။

## စနစ်တစ်ခုပြောင်းဖို့ ကြိုးစားနေ

နိုင်ငံတော်တိုးတက်ရေးအတွက် ပြောင်းလဲဆောင်ရွက်သင့်သည့် အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားရာတွင် "အခု ကျွန်မတို့နဲ့ ပို့/ဆက်ဝန်ကြီးပါလာတယ်။ ဒီ ပို့/ဆက်ဝန်ကြီးက နှစ်ပေါင်းများစွာ မီးရထားဌာနမှာ လုပ်ခဲ့တာ။ အဲဒီတော့ အခုကျွန်မတို့ရဲ့ မီးရထားအခြေအနေက မကောင်းဘူးဆိုတာ အားလုံးသိပြီးသားပဲ။ နှေးလည်း နှေးတယ်။ သွားတဲ့ရထားတွဲတွေကလည်း ထိုင်လို့မကောင်းဘူး။ နောက်ပြီးတော့ ခေါင်းတွဲတွေကလည်း ကောင်းသင့်သလောက် မကောင်းဘူး။ အဲဒါနှစ်ပေါင်းများစွာ ဖြစ်လာတဲ့ကိစ္စ၊ အဲဒီတော့ အခုဒီလိုရထားတွဲကြီးကို ပြောတဲ့အခါမှာ အခုက ကျွန်မတို့ဟာ စနစ်တစ်ခုကို ပြောင်းဖို့ပေ့ါ၊ ကျွန်မတို့စနစ်တစ်ခုကို ပြောင်းဖို့ဆိုတာဟာ နေ့ချင်းညချင်းဖြစ်ဖို့တော့ မလွယ်ဘူး။ ဒါပေမယ့် တစ်ချိန်လုံး ကြိုးစားနေရတယ်။

"အခု ကျွန်မတို့ အမြန်ရထားသွားစေချင်တယ်ဆိုရင် အမြန်ရထားက အခု နောက်ဆုံးပေါ် ဂျပန်မှာရှိတဲ့ ကျည်ဆန်ရထားလိုဟာမျိုး သွားဖို့ဆိုတာ ကျွန်မတို့ရဲ့ လမ်းဟောင်းကြီးပေါ်မှာ လာတင်လို့မရဘူး။ အားလုံးပြန်ပြင်ရတယ်။ ရထားလမ်းတွေလည်း ပြန်ပြင်ရတယ်။ စနစ်ကိုလည်း ပြန်ပြင်ရတယ်။ ခေါင်းတွဲရော၊ နောက်တွဲတွေကိုရောပေ့ါ။ ပြီးတော့ ဒီဟာတွေကို မမောင်းနိုင်တဲ့သူတွေကိုလည်း သွန်သင်ပေးရတယ်။ လေ့ကျင့်ပေးရတယ်။ အဲဒါတွေအားလုံး လုပ်ဖို့ဆိုတာ ပိုက်ဆံလိုတယ်။ အဲဒီလိုပဲ လိုအပ်ချက်တွေ အများကြီးပဲ။ ခေါင်းလေးတစ်ခုတည်း တပ်လိုက်ရုံနဲ့ မပြီးသွားဘူး။ ကျွန်မတို့နိုင်ငံတစ်နိုင်ငံမှာ အပြောင်းအလဲလုပ်ဖို့ဆိုတာဟာ အနောက်ကနေပြီးတော့ ကိုးရိုးကားရားလုပ်နေတဲ့သူတွေကတော့ အမြဲရှိမှာပဲ။

## မလုပ်တဲ့သူတွေသာ မေးလေ့ရှိ

"ဘယ်သူ့အဖွဲ့အစည်းမှာမှ တစ်ရာ ရာခိုင်နှုန်း အားလုံးစိတ်တူသဘောတူပါလာတယ်ဆိုတာမရှိနိုင်ဘူး။ ဒါတွေကြောင့် စိတ်ပျက်ဖို့မလိုဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ကိုယ်ပြန်ကြည့်၊ ဒီမိုကရေစီရရှိရေးနဲ့ ပတ်သက်လို့ ကျွန်မ ခဏခဏရှင်းပြပါတယ်။ ဒီမိုကရေစီရရှိရေးနဲ့ ပတ်သက်လို့ တချို့တွေ မေးကြတယ်။ အရင် ရွေးကောက်ပွဲ မတိုင်ခင်တုန်းကဆိုရင် ဒီမိုကရေစီ ဘယ်တော့ရမှာလဲ။ ကျွန်မက ပြောတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်၊ ကိုယ် ဒီမိုကရေစီရရေးအတွက် ဘယ်လောက်လုပ်နေလဲ။ ကိုယ်လုပ်သလောက်အပေါ်မှာ အခြေခံပြီးတော့ မြန်မလား၊ နှေးမလားဆိုတာ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်၊ ကိုယ်အများကြီး လုပ်ပေးနေရင် မြန်မယ်လို့ ဆုံးဖြတ်၊ ကိုယ်ဘာမှ မလုပ်ပေးဘူးဆိုရင်တော့ နှေးမယ်လို့ဆုံးဖြတ်၊ စိတ်ဝင်စားစရာကောင်းတာက တကယ်နိစ္စဓူဝလုပ်နေတဲ့သူတွေက ဘယ်တော့မှ ဒီမေးခွန်း မမေးဘူး။ မလုပ်နေတဲ့သူတွေကသာ မေးလေ့ရှိတယ်။

"ကျွန်မပြောချင်တာက အားလုံးကနေပြီးတော့ ဘာဝင်ပြီးတော့ လုပ်ပေးနိုင်ပါသလဲဆိုပြီး မေးတာဟာ အင်မတန်မှန်တယ်။ ကိုယ်ဘာလုပ်ပေးနိုင်မလဲဆိုတာ မေးရမယ်။ တချို့ကိစ္စတွေကတော့ ကျွန်မတို့ အစိုးရကပြောတဲ့စကားတွေကို နားထောင်ပြီးတော့ လမ်းကြောင်းပေါ်တယ်။ ဥပမာဆိုရင် ကျွန်မတို့က လူငယ်တွေကို ပါဝင်စေချင်တယ်။ ဒီလို ဆွေးနွေးပွဲမှာ ပါဝင်တာလည်း ငြိမ်းချမ်းရေးအတွက် တစ်နည်းတစ်လမ်းနဲ့ သဲတစ်ပွင့်၊ အုတ်တစ်ချပ် လုပ်ပေးတာပဲ။ ပရိသတ်ရော၊ ဒီမှာလာပြီးတော့ ဆွေးနွေးတဲ့သူတွေရော၊ နားထောင်တဲ့သူတွေလည်း ဒီအထဲမှာပါတာပဲ။ အခု နားထောင်တဲ့လူတွေဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အရင်တုန်းက မစဉ်းစားမိတဲ့ အတွေးအမြင်တွေ ရသွားမယ်။

"ဒီဆွေးနွေးပွဲကို နားထောင်လိုက်တဲ့အတွက် ဒီကနေ စဉ်းစားပြီးတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာ ငြိမ်းချမ်းရေးစိတ်ဓာတ်တွေ များပြားလာအောင်လို့ ဘယ်လိုလုပ်နိုင်မလဲဆိုတာ စဉ်းစားနေမယ်။ ဒီလိုပဲ လူတိုင်း လူတိုင်းဟာ ငါဘာလုပ်နိုင်လဲ၊ ငါငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ငါဘာပေးနိုင်လဲ ဆိုတာကို စဉ်းစားမယ်ဆိုရင် ဒီပြဿနာတွေကို ကျွန်မတို့ ကျော်လွှားနိုင်မှာပါ။

## ညီညွတ်ဖို့ လို

"စောစောက ပြောသွားသလို ကိုယ့်ရဲ့ကျောင်းတွင်း ညီညွတ်မှုကို တခြားကျောင်းတွေနဲ့ ပြိုင်တဲ့အခါကျတော့ ကျောင်းတွင်း ညီညွတ်သွားတယ်။ တခြားမြို့တွေနဲ့ ပြိုင်တဲ့အခါကျတော့ မြို့တွင်းညီညွတ်သွားတယ်။ တခြားတိုင်းတွေနဲ့ ပြိုင်တော့ တိုင်းတွင်းညီညွတ်သွားတယ်။ ဒီလိုပဲ အခုကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးရဲ့ စိန်ခေါ်မှုကို ခံနေရတယ်။ အဲဒီတော့ ကျွန်မတို့အတွင်း ညီညွတ်ဖို့လိုတယ်။ ကျွန်မတို့ ညီညွတ်မှ ညီညွတ်မှုအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်မယ်။ ဒါကြောင့် အားလုံးတစ်ယောက်ချင်း ကိုယ်ကနေပြီးတော့ ဘာလုပ်ပေးနိုင်လဲဆိုတာ သိချင်တာကိုက လမ်းရဲ့အစပဲလို့ ဒီလိုပဲ ယူဆပါလို့ ကျွန်မအနေနဲ့ ဒီလိုပဲ တိုက်တွန်းချင်ပါတယ်" ဟု ဖြေကြားသည်။

ယခုအချိန် အဖြစ်ချင်ဆုံး ဆန္ဒအား သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရာတွင် "တစ်ခုတည်းပြောရမယ်ဆိုရင် ဒါကဆန္ဒပေ့ါ။ ဆန္ဒဆိုတာ အိပ်မက်လို့လည်း ပြောလို့ရတယ်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားအားလုံး တစ်ယောက်ချင်း တစ်ယောက်ချင်းတာဝန်သိစိတ်နဲ့ ပြည့်ဝစေချင်တယ်။ အဲဒါရှိပြီဆို ကျန်တာမလိုတော့ဘူး။

## တာဝန်သိစိတ်ရှိစေချင်

"အခု လူတော်တော်များများက ကိုယ့်ရဲ့ အခွင့်အရေးကိုတော့ စိတ်ဝင်စားတယ်။ ကိုယ့်ရဲ့ တာဝန်ကိုတော့ အလေးမထားဘူး။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း တာဝန်သိစိတ်ရှိမယ်ဆိုရင်၊ တာဝန်ကျေချင်တဲ့စိတ်၊ တာဝန်ကိုအလေးထားစိတ်ရှိမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ်ကို ယုံမှားသံသယရှိစရာမလိုဘူး။ ဘယ်စိန်ခေါ်မှုမဆို ကျော်လွှားနိုင်တယ်။ အောင်မြင်နိုင်တယ်။ အနာဂတ်ကို အောင်အောင်မြင်မြင်နဲ့ မျက်နှာမူ နိုင်တယ်။ ကျွန်မကိုယ်တိုင်လည်း ဒီလိုစဉ်းစားတယ်။ ကျွန်မဘဝမှာ ဘာအလိုချင်ဆုံးလဲဆိုတော့ ဘဝဆုံးတိုင်မှာ တာဝန်ကျေခဲ့တယ်ဆိုတဲ့ ကျေနပ်မှုနဲ့ပဲ ဆုံးသွားချင်တယ်။ အများကြီး ပြောရမယ်ဆိုရင် ငြိမ်းချမ်းရေးရချင်တယ်၊ တရားဥပဒေစိုးမိုးရေးရချင်တယ်၊ မြန်မာပြည်သူပြည်သားတွေ ပိုပြီးတော့ ကြိုးစားစေချင်တယ် စသည်ဖြင့် အားလုံးခြုံငုံပြီး တစ်ခုတည်းပြောရရင်တော့ ဖြစ်နိုင်မယ့် ကိစ္စတော့မဟုတ်ပါဘူး။ ဆန္ဒလို့ပြောတာထက် အိပ်မက်လို့ပြောရင်လည်း ရတာပေ့ါ။ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး တစ်ဦးချင်းတစ်ဦးချင်းဟာ တာဝန်သိစိတ်အပြည့်အဝရှိစေချင်ပါတယ်"ဟု ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သတင်းစဉ်**



☆ မောင်တောဒေသမှ

အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ ရိက္ခာနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ အဆင်သင့်ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် ပြန်လည်လက်ခံရေးဆိုင်ရာ ကိစ္စရပ်များအတွက် မီးစက်နှစ်လုံး ထပ်မံလိုအပ်လျက်ရှိသည်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ တင်ပြချက်များအရ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် ၂၀ ကေဗွီအေ မီးစက်နှစ်လုံး ဝယ်ယူရန်ကျသင့်သောငွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၂၀ ကေဗွီအေ မီးစက်နှစ်လုံးဝယ်ယူရန် အလှူငွေ အမေရိကန်ဒေါ်လာ ၁၄၀၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**

○ ကျောဖုံးမှ

ခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလတွင် တောင်ကြီးနှင့် မန္တလေးမြို့သို့သွားရောက်၍ ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အား/ကာသိပ္ပံနှင့် လူငယ်ဘောလုံးအကယ်ဒမီတို့မှ အမျိုးသားလူငယ်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ဇွန်လတွင် ပြည်ပနိုင်ငံများသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ထိုင်းလက်ရွေးစင်အသင်း အပါအဝင် ခြေစမ်းပွဲသုံးပွဲ ကစားမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲတစ်ပွဲ သို့မဟုတ် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူတို့နှင့်အတူ ကျရောက်နေကာ အုပ်စု(က)တွင် ထိုင်း၊ ဩစတြေးလျ၊ မလေးရှား၊ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မုံရွာငွေသောင်ယံက ချင်းတွင်းအတာသင်္ကြန်

**မုံရွာ မေ ၁၀**

ရက်သတ္တတစ်ပတ်ကြာ ကျင်းပမည့် ချင်းတွင်းသင်္ကြန်ကို မေ ၁၁ ရက် နံနက် ၈ နာရီတွင် တိုင်းရင်းသားအကခြောက်ဖွဲ့မှ အဖွဲ့ဝင် ၂၀၀ ခန့်နှင့်အတူ ဗဟိုမဏ္ဍပ်အကအဖွဲ့ဝင်များ၊ ချင်းတွင်းဒိုးအဖွဲ့ဝင်များ၊ သင်္ကြန်ချစ်မြတ်နိုးသူများဖြင့် ဖွင့်ပွဲပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း မေ ၁၀ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ချင်းတွင်းသင်္ကြန်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းက ပြောကြားသည်။

"မနက်ဖြန် သဲသောင်ပြင်ပေါ်မှာ လုပ်ထားတဲ့ ဇုန်လေးဇုန်ကို ဖွင့်ပွဲလုပ်မှာပါ၊ ဗဟိုမဏ္ဍပ်က မဖွင့်သေးပါဘူး၊ အခါတော်အချိန်ရောက်မှ ဖွင့်မှာပါ၊ ချင်းတွင်းသင်္ကြန်ဇုန်လေးဇုန်ဖွင့်ပွဲမှာ လေထီးခုန် စတန့်ပညာရှင်က လေထီးစတန့်ပြကွက်နဲ့အတူ ဆိုင်ကယ်စတန့်အဖွဲ့ကလည်း သတ်မှတ်နေရာမှာ စတန့်ပြကွက်တွေ လုပ်သွားမှာပါ၊ တိုင်းရင်းသားအဖွဲ့ခြောက်ဖွဲ့မှ ဦးရေ ၂၀၀ နီးပါးကလည်း ရိုးရာအကကိုယ်စီနဲ့ ကပြကြမှာဖြစ်သလို ချင်းတွင်းဒိုးကလည်း ဖျော်ဖြေကြမှာပါ"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ချင်းတွင်းသင်္ကြန် သဲသောင်ပြင်သို့ အဓိကဝင်ရသော လမ်းမကြီး၏အဝင်ဘယ်ဘက်သဲသောင်ကျယ်တွင် Dry Zone, Play Zone, Wet Zone, Beach Zoneနှင့် ဗဟိုမဏ္ဍပ်များရှိသည်။ Dry Zone တွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများနှင့် တိုင်းရင်းသားအကအလှများ ဖျော်ဖြေမည့် စတိတ်စင် တည်ဆောက်ထားသည်။ ထို့အပြင် စစ်ကိုင်းတိုင်း



ဒေသကြီး၏ ဒေသထွက်ကုန်များဖြစ်သော ရွှေဘိုဆိပ်ခွန်ဒေသထွက် ချည်ထည်များ၊ သနပ်ခါး၊ စဥ့်ထည်နှင့် စစ်ကိုင်းမှ နာမည်ကြီးရေအိုးများ၊ ဝါးလုပ်ငန်းရှင်အသင်းက ပြသမည့် ဝါးအလှလက်မှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်အသင်းက ပြသမည့် တန်ဖိုးနည်း လုံးချင်းအိမ်များကို ကြည့်ရှုလေ့လာရင်း ဝယ်ယူနိုင်ရန် ပြသသွားမည်ဖြစ်သည်။

Dry Zone နှင့်ကပ်လျက် Play Zone တွင် ဖေ့ဘုတ်တွင် စကားပြောကောင်းသူအဖြစ် နာမည်ကြီးနေသည့် မရှယ်ခိုင်၏ လှတောလက်ဖက်ရည်ဆိုင်က ဆီးကြိုနေမည်ဖြစ်သလို ကလေးများနှင့် အမျိုးသမီးများသာ ပေးဝင်မည့် ကလေးကစားကွင်းနှင့် ရေလွှာလျှောကို တည်ဆောက်ထားသည်။ Play Zone ကို ဝင်ကြေးသတ်မှတ်မထားသော်လည်း ကစားနည်းများအတွက် အခကြေးငွေ ပေးဆောင်ရမည်ဖြစ်ပြီး ကလေးများ အကြိုက် စားသောက်ဖွယ်ရာများကို ရောင်းချပေးသွားမည်ဖြစ်သည်။

Play Zone နှင့် ကပ်လျက်တွင် ကျားသစ်၊ သမင်၊ ဆင်များ ဝန်းရံထားသည့် မြန်မာအမျိုးသမီးတစ်ဦး ကနေသည့်ဟန် သဲပန်းပုနှင့်အတူ မြန်မာ့မျက်စိနှင့် မစိမ်းသည့် သဲပန်းပုများကို ထုဆစ်ပြသထားသည်။

Dry Zone နှင့် Play Zone များနှင့် မျက်နှာချင်းဆိုင် ပေ ၅၀၀ ကျော် မြေကွက်လပ်တွင် အပူဒဏ်ကာကွယ်ရန် အလိုအလျောက် ရေဖျန်းစနစ်ပါဝင်သော ရေကစားရန် နေရာအဖြစ် ဖန်တီးထားသည်ကို တွေ့ရသည်။ အဆိုပါနေရာတွင် ဖျော်ဖြေရေးမဏ္ဍပ် နှစ်ခုနှင့် ရေပက်မဏ္ဍပ် နှစ်ခု တည်ဆောက်ထားပြီး မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် Myanmar Idol ဆုရ သားငယ်နှင့် ဘီလီလမင်းအေးတို့ လာရောက်ဖျော်ဖြေမည်ဖြစ်သည်။

ဗဟိုမဏ္ဍပ်၌ နာမည်ကျော် အဆိုတော် နီနီခင်ဇော်၊ မိစန္ဒီ၊ ထွန်းထွန်း၊ နိုင်းဝမ်း၊ ဒီဖြိုးနှင့် ဝေလျှံ စသည့် အဆိုတော်များက အကျနေ့မှ အတက်နေ့အထိ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုမဏ္ဍပ်မှ အနောက်ဘက်ဆက်လျှောက်သွားလျှင် ကျပ်နှစ်သိန်းတန် ဆိုင်ခန်း ၂၀၊ ကျပ် တစ်သိန်းတန်ဆိုင်ခန်း ၃၈ ခန်းနှင့် ကျပ် နှစ်သောင်းတန်ဆိုင်ခန်း ၄၀ ကျော်တို့ကို တွေ့ရမည်ဖြစ်သည်။ ဈေးဆိုင်ခန်းများနောက်တွင် ရေလွှာလျှောစီးကစားခြင်း၊ ဘောကွင်းစီးခြင်းနှင့်အတူ ဝါသနာရှင်များအတွက် ကာရာအိုကေ စတိတ်စင်ကို ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိဘဲ လွတ်လပ်ပျော်ရွှင်စေရန် စီစဉ်ဆောင်ရွက်ထားသည်။ ချင်းတွင်းမြစ်ကမ်းစပ်တစ်လျှောက် Beach Zone တွင် အရွယ်မရွေး ရေကစားနိုင်ရန် ဘောကွင်းများနှင့်အတူ ဝါးကွပ်ပျစ် အလုံး ၅၀ ဖြင့် မိသားစု၊ သူငယ်ချင်း အပေါင်းအသင်းများ အပန်းဖြေနိုင်ရန် စီစဉ်ထားရာ ဖွင့်ပွဲမတိုင်မီကပင် ချင်းတွင်းသင်္ကြန်အပေါ် စိတ်ဝင်စားမှု အရှိန်မြင့်ကာ အထူးစည်ကားနေပြီဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ယခုနှစ် ရန်ကုန်သင်္ကြန် ယခင်နှစ်ထက် ပိုစည်ကားမည်

**ရန်ကုန် မေ ၁၀**

ရန်ကုန်မြို့တွင် သင်္ကြန်အမီ ရေကစားမဏ္ဍပ်များ အပြိုင်အဆိုင် တည်ဆောက်နေပြီး ယခုနှစ် ရန်ကုန်သင်္ကြန်မှာ ယခင်နှစ်များထက် ပိုမိုစည်ကားမည်ဖြစ်ကြောင်း ရန်ကုန်မြို့နေပြည်သူများက ပြောဆိုနေကြသည်။

ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စီးပွားဖြစ်မဏ္ဍပ်များကို စည်းကမ်းချက်များ ထုတ်ပြန်ကာ စိစစ်ခွင့်ပြုခြင်း၊ ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်မှာ ယခင်နှစ်များထက် ဖျော်ဖြေတင်ဆက်မှုများ ဆောင်ရွက်ခြင်းနှင့် လမ်းလျှောက်သင်္ကြန်များ ကျင်းပခြင်း စသည့်အချက်များကြောင့် စည်ကားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပြည်လမ်းမှာ သင်္ကြန်မဏ္ဍပ်တွေ အများကြီးတွေ့တယ်၊ မဏ္ဍပ်အကြီးနဲ့အလတ် ဆယ်ခုလောက်တွေ့တယ်၊ မဏ္ဍပ်အသေးနဲ့ မိသားစုမဏ္ဍပ်လေးတွေနဲ့ဆို တော်တော်များတယ်၊ ဒီနှစ်တော့ သင်္ကြန်စည်မှာပါ"ဟု တက္ကစီမောင်းသည့် ကိုသိန်းဟန်က ပြောသည်။

"ဒီနှစ် မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ရတာ အဆင်ပြေတယ်၊ ကျွန်တော်တို့ မဏ္ဍပ်က ဒီနှစ်မှစလုပ်တာပါ၊ မဏ္ဍပ်က အလတ်ဆိုတော့ ဒီဇိုင်းနဲ့ရေပက်အားကို အဓိကထားပါတယ်၊ ရေပိုက်လေးရာပါတယ်၊ မဏ္ဍပ်ကို ၁၁ ရက်နေ့ အပြီးဆောက်မှာပါ"ဟု ပြည်လမ်းရှိ Brave ရေကစားမဏ္ဍပ်စီစဉ်သူ ကိုဟန်သာက ပြောသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန် လိုအပ်သောဆေးဝါးများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဝယ်ယူထောက်ပံ့ပေးမှု

**နေပြည်တော် မေ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးရုံကြီးများ၊ ဆေးရုံများ၊ ဒေသန္တရ/ မိခင်ကလေး/ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် မရှိမဖြစ်သုံးစွဲရမည့် ဆေးဝါး (Essential Medicine)များကို ဆေးရုံ/ကျန်းမာရေးဌာနအဆင့်အလိုက် အဖြစ်အများဆုံး ရောဂါများအပေါ်တွင် မူတည်၍ ကျွမ်းကျင်သူများ၊ ပါမောက္ခဆရာဝန်ကြီးများနှင့်တိုင်ပင်၍ တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့ပြီး ဖြန့်ဖြူးပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၈၈၁၇၆၉ ဒသမ ၁၁၄)၊ (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁၁၁၆၅၅၇ ဒသမ ၀၉၂)ကို ခွင့်ပြုပေးခဲ့ပါသဖြင့် အဆိုပါရန်ပုံငွေများမှ ဆေးဝါးများဝယ်ယူရန်အတွက် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁၄၉၂၉၅ ဒသမ ၆၉၀)ကိုလည်းကောင်း၊ (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း (၁၆၈၈၂၂ ဒသမ ၉၃၀) ကိုလည်းကောင်း သုံးစွဲခဲ့ပါသည်။

ထို့အပြင် ငှက်ဖျား၊ တီဘီ၊ HIV၊ ဆင်ခြေထောက်ရောဂါ၊ အနာကြီးရောဂါ စသော ရောဂါကင်းဝေးရေး စီမံချက်များအတွက် လိုအပ်သောဆေးဝါးများနှင့် ကာကွယ်ဆေးများကို ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းတို့မှ လုံလောက်စွာ ထောက်ပံ့ပေးခဲ့ပါသဖြင့် အခမဲ့ကုသပေးလျက်ရှိသည်။

သို့ရာတွင် အဖြစ်နည်းသော ရောဂါများအတွက် ဆေးဝါးများ၊ ကုန်ကျစရိတ်ကြီးမားသောဆေးဝါးများ၊ မူရင်းဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သောဆေးဝါးများ၊ လူနာတစ်ဦးချင်း၏ ရောဂါအပေါ်မူတည်၍ အခြားထပ်မံလိုအပ်သော ဆေးဝါးများကို ဝန်ကြီးဌာနအနေနှင့် အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသော်လည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထိုသို့ဖြည့်ဆည်းပေးမှုကြောင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများ၏ စိုက်ထုတ်ရသော ကုန်ကျစရိတ်ကို သိသာစွာ လျှော့ချပေးနိုင်ခဲ့ပါသည်။ အသည်း၊ ကျောက်ကပ်၊ ရိုးတွင်းခြင်ဆီအစားထိုး၊ အချို့သော ကင်ဆာရောဂါ အစရှိသော ရောဂါများကုသမှုအတွက် ဆေးဝါးများကိုမူ အပြည့်အဝထောက်ပံ့မှုမပေးနိုင်သေး၍ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဝင်ငွေနည်းသော နိုင်ငံတစ်ခုဖြစ်သော်လည်း ဆေးဝါးများဝယ်ယူရေးအတွက် ပိုမိုသုံးစွဲလျက်ရှိရာ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုရရှိရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် (၂)နှစ်တွင် ပြင်ပလူနာသစ်ပေါင်း (၂၆)သန်းနှင့် အတွင်းလူနာပေါင်း (၅ ဒသမ ၆ သန်း)ကို ကုသမှုပေးခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည့် အကြိမ်ပေါင်း (၂၁ ဒသမ ၃ သန်း)ရှိပါသည်။

ဆေးရုံကြီးများ၊ ဆေးရုံများ၊ ဒေသန္တရ/ မိခင်ကလေး/ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် လိုအပ်ချက်နှင့်အညီလျာထား၊ တင်ပြ၊ ဝယ်ယူသည့်စနစ်ကို ပိုမိုကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသဖြင့် လျာထားဆေးဝါးများ ပြတ်လပ်ခြင်း၊ လေလွင့်ခြင်းများ လျော့နည်းလျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်တွင် သင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေး ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၀၀ ကျော်ဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်

**စစ်တွေ မေ ၁၀**

"ရခိုင်ပြည်နယ်မှာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးနဲ့ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေနဲ့ နယ်မြေလုံခြုံရေးကို တပ်ဖွဲ့ဝင်အင်အား ၁၂၉၀ ကျော်နဲ့ အတွင်းစည်း၊ အပြင်စည်း၊ အဝေးစည်း စည်းသုံးစည်းနဲ့ လုံခြုံရေးဆောင်ရွက်သွားမှာပါ"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောကြားသည်။

ထို့ပြင် "အဝေးစည်းလုံခြုံရေးမှာ သက်ဆိုင်ရာ တပ်မတော်တိုင်းစစ်ဌာနချုပ်က ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားသည်။

၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ရခိုင်ပြည်နယ်အနေဖြင့် ခရိုင်၊ မြို့နယ်အသီးသီးတို့တွင် မဏ္ဍပ်ကြီး နှစ်ခု၊ မဏ္ဍပ်လတ် ၁၅ ခု၊ မဏ္ဍပ်သေး ၂၄ ခု စုစုပေါင်းမဏ္ဍပ် ၄၁ ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူလူထု အေးချမ်းပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အသီးသီးတွင် ကွပ်ကဲမှုရုံးပေါင်း ၁၇ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလရဲ့ အကြိုကာလဖြစ်တဲ့ ဧပြီ ၁ ရက်က စတင်ပြီး မှုခင်းတွေ မဖြစ်ပွားဖို့ နယ်မြေတည်ငြိမ်အေးချမ်းသာယာဖို့နဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ မဖြစ်ပေါ်စေဖို့ ကြိုတင်ပြီး သတိပေးနှိုးဆော်ချက်တွေလည်း ထုတ်ပြန်ထားပါတယ်၊ ရဲတပ်ဖွဲ့အနေနဲ့လည်း နေ့စဉ်နဲ့အမျှ လှည့်ကင်းတွေ ဆောင်ရွက်နေပါတယ်၊ အချက်အချာကျတဲ့နေရာတွေမှာလည်း စောင့်ကြည့်ကင်းတွေချထားပြီး ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းစဉ်ကိုလည်း နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်အင်အား ၇၀၀ ကျော်နဲ့ ဆောင်ရွက်နေပါတယ်၊ သင်္ကြန်ကာလမတိုင်မီ၊ သင်္ကြန်ကာလ၊ သင်္ကြန်ကာလနောက်ပိုင်းဆိုပြီး



သုံးကြိမ်ခွဲပြီး ဆောင်ရွက်နေပါတယ်၊ အမျိုးသမီးငယ်တွေ သင်္ကြန်ကာလအတွင်း မဖြစ်သင့်တာတွေမဖြစ်အောင်၊ သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးတွေ ရောင်းချမှုမရှိအောင် ဖမ်းဆီးစစ်ဆေးမှုတွေလုပ်နေပါတယ်၊ ဒါ့အပြင် ခရိုင်မြို့နယ်များအတွင်းမှာ အရက်ပုန်းဆိုင်တွေ၊ လိုက်လံစိစစ်ဖမ်းဆီးတာတွေ လုပ်ပါတယ်၊ ညဘက်တွေမှာ မှောင်ရိပ်ခိုတာတွေ၊ အချိန်မတော်သွားလာတာတွေကို ရဲတပ်ဖွဲ့အနေနဲ့ စောင့်ကြည့်ပြီး တည်ဆဲဥပဒေတွေနဲ့ အရေးယူတာတွေ ရှိပါတယ်၊ ဒါတွေဟာ အများပြည်သူ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်ဆိုရင် ဒီထက်လုံခြုံစိတ်ချရမှာဖြစ်ပါတယ်၊ မေတ္တာရပ်ခံချင်တာကတော့ ပတ်ဝန်းကျင်မှာ ထူးခြားမှုရှိရင် ရဲတပ်ဖွဲ့ဝင်များကို အချိန်မရွေး အကြောင်းကြားပေးစေချင်ပါတယ်"ဟု ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အစိုးရအဖွဲ့ဝင်လူကြီးများ၊ နိုင်ငံခြားသံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ လာရောက်ပါက အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းကြောင်းလုံခြုံရေးကို တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၅၀ ဖြင့်လည်းကောင်း၊ လူပုဂ္ဂိုလ်လုံခြုံရေးကို တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၂၃ ဦးဖြင့်လည်းကောင်း၊ ယာဉ်တန်းလုံခြုံရေးကို တပ်ဖွဲ့ဝင် စုစုပေါင်းအင်အား ၃၆ ဦးဖြင့်လည်းကောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-နိုင်လင်း**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် "THE SEVENT-DECADE JOURNEY OF MOFA 1947-2017" စာအုပ်ထုတ်ဝေ

**နေပြည်တော် မေ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၁၉၄၇-၂၀၁၇) နှစ်(၇၀)ပြည့်ခရီး "THE SEVENT-DECADE JOURNEY OF MOFA 1947-2017" စာအုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန (၇၁) နှစ်ပြည့် အခမ်းအနားတွင် ထုတ်ဝေခဲ့သည်။

အဆိုပါစာအုပ်တွင် အာရှတိုက်မှ ပထမဦးဆုံး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မြန်မာ့သံတမန်ဦးသန့်၏ ဆောင်းပါး၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဦးအုန်းဂျော်နှင့် ဦးညွန့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ သံအမတ်ကြီး(ငြိမ်း)များ ဖြစ်ကြသည့် ဦးအောင်သန့်၊ ဦးတင်ကျော်လှိုင်၊ ဦးညွန့်မောင်ရှိန်၊ ဦးမြသန်း၊ ဦးတင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)များ ဖြစ်ကြသော ဦးအေးလွင်၊ ဦးတင့်တယ်၊ ဦးသန်းထွန်း၊ လက်ရှိသံအမတ်ကြီးများ ဖြစ်ကြသော ဒေါ်ယဉ်ယဉ်မြင့်၊ ဦးသာအောင်ညွှန့်၊ ဦးကျော်ဇေယျနှင့် လက်ရှိ နိုင်ငံခြားရေးဝန်ထမ်းများ ပါဝင်ရေးသားထားသည့် ၎င်းတို့၏အတွေ့အကြုံ ပြန်ပြောင်းသုံးသပ်ချက် အင်္ဂလိပ်ဘာသာဆောင်းပါး ၂၆ ပုဒ် ပါဝင်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နှစ်ပေါင်း (၇၀)အတွင်း ပထမဆုံးအကြိမ် ထုတ်ဝေသောစာအုပ်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏သမိုင်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး၊ မြန်မာသံတမန်များ၏ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ ထမ်းဆောင်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများ၊ သံတမန်များ၏ ဘဝနှင့် အတွေးတို့ကို ဖော်ပြထားသော စာအုပ်ဖြစ်ပါသည်။ သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာဘာသာရပ်များကို စိတ်ဝင်စားလေ့လာလိုသူများအနေဖြင့် စာအုပ်ဝယ်ယူလိုပါက နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန စာကြည့်တိုက်နှင့် ရန်ကုန် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတို့တွင် တစ်အုပ်လျှင် ၅၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ)ယာယီ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန် ဒေါ်လာ ၃၃၃၂၄ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၄၁၁၄သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၆၇၅ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၆၄၉ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃၃၂၄ သန်းဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၉၉၉ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၂၁၁ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၉၂၁၀ ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၂၆၇၆ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၁၄၃၈ သန်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄၁၁၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင်အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဧပြီလမှ မတ်လအထိ | ၂၀၁၆-၂၀၁၇ ဧပြီလမှ မတ်လအထိ | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၀၈၀. ၅၃၀ | ၂၉၂၈. ၀၉၇ | ၁၅၂. ၄၃၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၆၀. ၈၀၁ | ၁၀. ၆၂၇ | ၅၀. ၁၇၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၆၉၇. ၇၄၂ | ၅၈၁. ၅၂၆ | ၁၁၆. ၂၁၆ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၇၇၉. ၃၀၄ | ၁၀၁၀. ၇၈၃ | ၇၆၈. ၅၂၁ |
| ၅ | သစ်တောထွက်ပစ္စည်း | ၂၁၁. ၀၇၁ | ၂၄၇. ၀၀၆ | -၃၅. ၉၃၅ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၆၇၉၄. ၈၀၆ | ၅၄၇၇. ၅၁၀ | ၁၃၁၇. ၂၉၆ |
| ၇ | အခြားပစ္စည်းများ | ၂၀၅၀. ၉၅၅ | ၁၇၄၂. ၉၉၅ | ၃၀၇. ၉၆၀ |
| | စုစုပေါင်း | ၁၄၆၇၅. ၂၀၉ | ၁၁၉၉၈. ၅၄၄ | ၂၆၇၆. ၆၆၅ |

၃။ ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအထိ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၈ ဒသမ ၆၄ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူသွင်းကုန်တန်ဖိုး ဒေါ်လာ ၁၇ ဒသမ ၂၁ ဘီလီယံ ရှိသည့်အတွက် သွင်းကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဧပြီလမှ မတ်လအထိ | ၂၀၁၆-၂၀၁၇ ဧပြီလမှ မတ်လအထိ | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆၅၇၄. ၈၄၇ | ၆၉၁၉. ၃၉၄ | -၃၄၄. ၅၄၇ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၇၆၇၀. ၁၆၃ | ၆၁၆၅. ၃၅၅ | ၁၅၀၄. ၈၀၈ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၄၄၀၃. ၅၉၆ | ၄၁၂၆. ၃၁၃ | ၂၇၇. ၂၈၃ |
| | စုစုပေါင်း | ၁၈၆၄၈. ၆၀၆ | ၁၇၂၁၁. ၀၆၂ | ၁၄၃၇. ၅၄၄ |

# မတ်လအတွင်း ပြည်တွင်း ပြည်ပ အလုပ်အကိုင် သုံးသောင်းကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၀**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်း အလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြည်တွင်းပြည်ပ အလုပ်အကိုင် သုံးသောင်းကျော် ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ခုနှစ်အတွင်း ပြည်တွင်း အလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် မတ်လအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၈ ခုနှစ် မတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရပုဂ္ဂလိက စုစုပေါင်း ပြည်ထောင်စုနယ်မြေတွင် ၁၃၉ နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁၂၀၇ နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၂၃ နေရာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၅၃၇ နေရာ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာ ၆၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇၀၅ နေရာ၊ မကွေးတိုင်းဒေသကြီးတွင် ၃၄၅ နေရာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၅၃ နေရာ၊ ကချင်ပြည်နယ်တွင် ၂၁၈ နေရာ၊ ကယားပြည်နယ်တွင် လေးနေရာ၊ ကရင်ပြည်နယ်တွင် နေရာ ၁၉၀၊ မွန်ပြည်နယ်တွင် ၁၅၈ နေရာ၊ ရခိုင်ပြည်နယ်တွင် ၉၆ နေရာ၊ ရှမ်းပြည်နယ်တွင် ၂၆၈ နေရာ စုစုပေါင်း ၁၅၀၀၃ နေရာ ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ ၁၀၁၀ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၄ ဦး၊ ကိုရီးယားနိုင်ငံသို့ ၇၁၃ ဦး၊ ထိုင်းနိုင်ငံသို့ ၁၅၈၈၁ ဦး၊ ဂျပန်နိုင်ငံသို့ ၁၃၆ ဦး၊ ယူအေအီးသို့ ၅၆ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၃၅ ဦး၊ ကာတာနိုင်ငံသို့ ၁၄ ဦး စုစုပေါင်း ၁၇၈၅၉ ဦးကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**နိုင်လင်းကြည်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မေ ၉ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၂-၃-၂၀၁၈ ရက်မှ ၂၃-၃-၂၀၁၈ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ သုံးဦး ပေါင်း ခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၀၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၄၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၅၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်၌ ပဲခူး-ရန်ကုန် ယာဉ်လိုင်းနှစ်စီးတိုက်၊ လေးဦးသေဆုံး၊ ခုနစ်ဦး ဒဏ်ရာရ

**လှည်းကူး မေ ၁၀**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြို့ရှောင်လမ်းတွင် မေ ၁၀ ရက် နံနက် ၇ နာရီခွဲက ပဲခူး-ထောက်ကြန့်သွား ဟိုင်းလတ်ယာဉ်က ပဲခူး-ရန်ကုန် မီနီဘတ်ယာဉ်အား ဝင်တိုက်သဖြင့် လေးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပဲခူးလမ်းတွင် ထောက်ကြန့်ဘက်မှ လှည်းကူးဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) R/------- ဟိုင်းလတ်(ပဲခူး-ထောက်ကြန့်ယာဉ်လိုင်း) သည် ထောက်ကြန့် မြို့ရှောင်လမ်းဆုံအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကျောမှ ကိုစိုးနိုင် မောင်းနှင်လာသည့် 2G/---------- မီနီဘတ်(ပဲခူး-ရန်ကုန်) အမှတ်(၅)ယာဉ်အား ဝင်တိုက်မိသဖြင့် R/----------ဟိုင်းလတ်ယာဉ်မှာ တိမ်းမှောက်သွားပြီး ၎င်းယာဉ်ပေါ်ပါ ဦးစန်းမြင့် ၄၃ နှစ်၊ ဦးဘိုမြင့် ၅၀ နှစ်၊ ကိုအောင်ဆန်းဦး ၄၈ နှစ်နှင့် ကျန်စိစစ်ဆဲ လေးဦးတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ၎င်းယာဉ်ပေါ်ပါ လေးဦးနှင့် 2G/------မီနီဘတ်ယာဉ်ပေါ်ပါ သုံးဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိပြီး အင်းစိန်ဆေးရုံသို့ တင်ပို့ကုသနေပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ယာဉ်မောင်း(စိစစ်ဆဲ)အား ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သန်းဝင်း**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၀၆ စီး၊ သွင်းကုန် ၈၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၃ စီး၊ သွင်းကုန် အစီး ၁၉၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၂၅၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈ ဒသမ ၃၁၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂ ဒသမ ၅၇၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၉ ရက်တွင် မန္တလေးမြို့နှင့်မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်မြို့သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဘက်နှင့် ဆီတိုင်ကီတို့တွင် အံ့ဝှက်ပြုလုပ်၍ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခားရွေ ၄၆ တုံး (သုည ဒသမ ၉၄၉၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၈၄၈ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုန်ကမ်နှင့် မနန်းဝေစိန်တို့အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## တနိုင်းမြို့တွင် ငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

တနိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီက တနိုင်းမြို့ နန်ဖြူတံတားတွင် ဒုန်ကမ်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၉၉ ခွက် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၀၈၉ ကီလို) ကို လည်းကောင်း၊ ကွင်းဆက်အရ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်နေ မနန်းဝေစိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းထံမှ ငွေကျပ် ၁၁၅၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက ကာမိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ကာမိုင်းမြို့ ခွန်ဆိုင်ဇွပ်ကျေးရွာနေ မခွန်ဘူ၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ပင်နီဆလင်ပုလင်း သုံးပုလင်း(ဘိန်းဖြူအလေးချိန် သုည ဒသမ ၆ ဂရမ်)၊ နေအိမ်မှ ဘိန်းဖြူဆပ်ပြာခွက် ကိုးခွက်(ဘိန်းဖြူအလေးချိန် ၉၉ ဒသမ ၆ ဂရမ်)နှင့် ငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ မေ ၈ ရက် နံနက် ၁၀ နာရီက လိပ်စောရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ဗန်းမော်မြို့နယ် နန်းဇားကျေးရွာနေ ကြည်လင်၏ နေအိမ်ကိုရှာဖွေရာ ကြည်လင်၊ စိန်လွင်နှင့် ချစ်တူးတို့ကို တွေ့ရှိရပြီး ကြည်လင်မှာ ထွက်ပြေးသွားပြီး ဘိန်းစိမ်း အထုပ် ၃၄ ထုပ်(ဘိန်းစိမ်းအလေးချိန် ၃၂ ဒသမ ၄၉၆၇ ကီလို)ကိုလည်းကောင်း။

မေ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် စတိုင်လက်ဖက်ရည်ဆိုင်၌ မအေးသီတာဝင်း(ခ) မသီတာဝင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၄၈၁ ပြားကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူး၌ အောင်ဇော်မိုး မောင်းနှင်ပြီး သိန်းထွန်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ၂၂ ကီလို)နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် လွိုင်လင်မြို့အထွက် လွိုင်လင်-နမ့်စန်သွားကားလမ်း၌ လှမိုးမောင်းနှင်ပြီး မအေးအေးငွေ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅၀ ကိုလည်းကောင်း။

ည ၁၁ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် စိုင်းစိုးပြည့်စုံထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ရိုးမ ဆင်ဘေးမဲ့တောတွင် ဆင်ပစ်မုဆိုးလေးဦးကို ဖမ်းဆီးရမိခဲ့ပြီး လွတ်မြောက်နေသူ သုံးဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ

**ဂွ မေ ၁၀**

ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်ရိုးမဆင်ဘေးမဲ့တောအတွင်း တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်သော ဆင်ပစ်မုဆိုးတစ်ဦးနှင့် ဆင်အစိတ်အပိုင်းများသယ်ဆောင်ရာတွင် ပါဝင်ပတ်သက်သူသုံးဦး စုစုပေါင်း လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး အခြားလွတ်မြောက်နေသည့် ဆင်မုဆိုးသုံးဦးကိုလည်း ဖမ်းဆီးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) ၏ သတင်းအချက်အလက်များကို အခြေခံ၍ မေ ၂ ရက်က ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီနယ်မြေအတွင်းရှိ ရခိုင်ရိုးမ ဆင်ဘေးမဲ့တောအတွင်းမှ ကျိန္တလီချောင်းလက်တက် ရေပူချောင်းအတွင်း အခြောက်ခံထားသော နှာမောင်း၊ အရေပြား၊ အသားနှင့်ဆက်စပ်ပစ္စည်းများကို ပီနံအိတ်ခြောက်လုံး၊ စုစုပေါင်း အလေးချိန် ၇၀ ပိဿာခန့်ကို ရခိုင်ရိုးမဆင်ဘေးမဲ့တောမှ တောအုပ် ဦးအောင်ကျော်မြင့် ဦးဆောင်သော ဆင်ထိန်းသိမ်းရေး အဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မေ ၃ ရက်တွင် သိမ်းဆည်းရမိသော ဆင်သားရေနှင့်အခြောက်များ၏ ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် ရတနာမြိုင်ရဲကင်းနှင့် ပူးပေါင်း၍ သံသယရှိသူတစ်ဦးကို စစ်ဆေးမေးမြန်းရာ လွန်ခဲ့သောတစ်ပတ်ခန့်က ရခိုင်ရိုးမဆင်ဘေးမဲ့တောအတွင်းရှိ ကြက်ချောင်းအနီး တောဆင်ရိုင်းတစ်ကောင်အား ဘေးမဲ့တောအရှေ့ဘက် ခြမ်းရှိ ဆင်ပစ်မုဆိုး သုံးဦးနှင့်အတူ တူမီးသေနတ်ဖြင့် ၎င်းကိုယ်တိုင်ပစ်သတ်ပြီး ဆင်သားရေနှင့် ဆက်စပ်ပစ္စည်းများကို ကြပ်တိုက်ကာ ဆင်ပစ်သော နေရာနှင့် ရှစ်မိုင်ခန့်ဝေးသော ကျိန္တလီချောင်းလက်တက် ရေပူချောင်းအတွင်း ဝှက်ထားခဲ့ကြောင်း စစ်ဆေးသိရသည်။

တောဆင်ရိုင်းအား ပစ်ခတ်သတ်ဖြတ်၍ အသားနှင့် အရေပြားများအား သယ်ဆောင်ဝှက်ထားခဲ့သည့် အဆိုပါဆင်ပစ်မုဆိုးများအား ကျိန္တလီရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားပြီး၊ ယခုဆင်သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သည့် အခြားသံသယရှိ သုံးဦးကို ဖမ်းဆီးအရေးယူနိုင်ရေး ဆင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီတူး**

## ဝါယာဇွပ်ကျေးရွာအုပ်စုတွင် အမျိုးသားတစ်ဦး မိုင်းထိဒဏ်ရာရ

**မြစ်ကြီးနား မေ ၁၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဝါယာဇွပ်ကျေးရွာအုပ်စုတွင် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က အမျိုးသားတစ်ဦး မိုင်းထိ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၁ နာရီခွဲခန့်က ဝါယာဇွပ်ကျေးရွာအုပ်စုရှိ စံပြကျေးရွာမှ အနောက်ဘက် သုံးမိုင်ခန့်အကွာရှိ နန်ဆိုင်ချောင်းဘေး ယုဇနပလောင်ခင်းစပ်တွင် လီဆူအမျိုးသား ဦးအားဖူဆဲ အသက်(၃၆)နှစ်သည် ၎င်း၏တူဖြစ်သူ မောင်အားဆီဝူ အသက်(၁၃)နှစ်နှင့်အတူ တောလယ်(သားကောင်ရှာ)သွားရာမှ မိုင်းထိမှန်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာ ဦးအားဖူဆဲအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဖားကန့်မြို့နယ်ရှိ ဘန်ကောက်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆေးကုသမှုခံယူနေကြောင်းသိရသည်။

**မင်းမင်းဦး**

## မြန်မာ့ရုပ်မြင်သံကြား

၁၁-၄-၂၀၁၈(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာစကားဝိုင်း
၈း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)
၉း၁၀ စိုက်ပျိုးရေးရာအဖြေရှာ "စူးစမ်းလေ့လာ တောင်သူများဆီမှာ"
၉း၃၅ ကြယ်ပွင့်များရဲ့ အကယ်ဒမီရင်ခုန်သံ(ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၀း၃၀ Catch Asia News
၁၀း၄၀ ပြည်သူ့နီတိ "အကြွေး"
၁၁း၃၀ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၂း၃၅ "သကြ်န်ဟုခေါ်ပါသည်"
၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Lrvel-1) (စစ်တွေမြို့) (ပထမပိုင်း)
၁၄း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (နောက်ဆုံးရင်သွေး) (အပိုင်း-၂)
၁၅း၃၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သရဲဆိုတာချို(ဂျို)နဲ့လားဟေ့" (ရန်အောင်၊ မင်းမော်ကွန်း၊ ဖွဲ့ပြည့်၊ မို့မို့မြင့်အောင်၊ ယမင်းမေဦး) (ဒါရိုက်တာ-အိအိခိုင်)

**ညပိုင်း**

၁၇း၀၅ အနုပညာခန်းရိပ်သာ "ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေနှင့် တွေ့ဆုံခန်း"
၁၇း၃၅ MRTV Travelogue
၁၈း၂၀ Football Magazine
၁၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကံကြမ္မာရဲ့အရသာ" (ပိုင်ဖေ၊ ဖူးစုံ၊ ပန်သုမြင့်မိုရ်၊ မိရာဇာ၊ အမာကြည်၊ ဦးကရင်၊ ဦးဇော်၊ ဝတ်ရည်နှင်း) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၁၉း၁၅ "ရိုးရာမပျက် ယဉ်ကျေးစွာ ဆင်နွှဲ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲ"
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ တစ်နှစ်တာ" (တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)
-နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (နောက်ဆုံးရင်သွေး) (အပိုင်း-၃)
-သုခုမရင်ခွင်အငြိမ့်သဘင် "ဇောင်းအငြိမ့်" (မင်းသမီး- ပပခင်၊ လူရွှင်တော်-ပေါက်စီ၊ အောင်ချစ်၊ ပေါင်မုန့်၊ ချစ်ဦး) (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
-အစီအစဉ်ပြီး၏။

# ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များ အလွဲသုံးခံရမှု အမှုဆောင်အရာရှိချုပ်ဇူကာဘတ်ကို လွှတ်တော်တွင်ကြားနာစစ်ဆေးမည်


ဧပြီ ၉ ရက်က အထက်လွှတ်တော် အမတ်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့သူ ဇူကာဘတ်အား တွေ့ရစဉ်။

**ဝါရှင်တန် ဧပြီ ၁၀**
ဖေ့စ်ဘွတ်သုံးစွဲသူများ၏ ပုဂ္ဂလိက ကိုယ်ရေးအချက်အလက်များ အလွဲသုံးခံရခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်လူမှုကွန်ရက်မီဒီယာဝန်ဆောင်မှုကုမ္ပဏီကြီး၏ အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ်သည် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အမေရိကန်ကွန်ဂရက် လွှတ်တော်၏ ကြားနာစစ်ဆေးမှုကို ဖြေကြားရန်ရှိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်မီဒီယာဝန်ဆောင်မှုကုမ္ပဏီဖြစ်သော ဖေ့စ်ဘွတ်ကုမ္ပဏီ၏ အကြီးအကဲ ဇူကာဘတ်သည် ဒေါသထွက်နေကြသော ဥပဒေပြုအမတ်များ၏ ပယ်ပယ်နယ်နယ်မေးမြန်းမှုများကို ရင်ဆိုင်ဖြေရှင်းရန် မြို့တော်ဝါရှင်တန်ဒီစီသို့ ရောက်ရှိနေသည်။

ဖေ့စ်ဘွတ်သုံးစွဲသူ လူပေါင်း ၈၇ သန်း၏ ကိုယ်ရေးအချက်အလက်များ အလွဲသုံးခံရမှုအတွက် ကိုယ်ရေးကိုယ်တာလုံခြုံမှု ချိုးဖောက်မှုအတွက်ဇူကာဘတ်ကိုစွပ်စွဲပြစ်တင်ထားသည်။

အထက်လွှတ်တော်တရားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကော်မတီက ကမကထပြုလုပ်သည့် ကြားနာစစ်ဆေးမှုကို ဧပြီ ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ဧပြီ ၁၁ ရက်တွင် အောက်လွှတ်တော်က ကြားနာစစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်း ၂၀၀၀က အသုံးပြုနေသော လူမှုကွန်ရက် မီဒီယာအား မည်သို့မည်ပုံ အလွဲသုံးမှု ရှိလာနိုင်သည်၊ ကောက်ကျစ်ယုတ်မာသော မစ္ဆေရစိတ်ဖြင့် မလျော်မကန် အသုံးချလာနိုင်သည်ကို မစဉ်းစားတတ်အောင်ပင်ဖြစ်ခဲ့ရပြီး သုံးစွဲသူဦးရေ အလွန်အမင်း များပြားခြင်းကြောင့် ဖေ့စ်ဘွတ်၏လူမှုကွန်ရက်ပလက်ဖောင်းကို မိမိတို့ ထိန်းချုပ်နိုင်စွမ်းမရှိခဲ့ကြောင်း ဇူကာဘတ်က ဝန်ခံပြောကြားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲကာလအတွင်း ဒေါ်နယ်ထရန့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့နှင့်အတူ လုပ်ကိုင်ခဲ့သော ဗြိတိန်အခြေစိုက် သတင်းအချက်အလက်များ ဆန်းစစ်လေ့လာရေး နိုင်ငံရေးအတိုင်ပင်ခံ ကုမ္ပဏီကိန်းဘရစ် အင်နယ်လစ်တီကာက ဖေ့စ်ဘွတ်သုံးစွဲသူ လူသန်းပေါင်းများစွာတို့၏ ကိုယ်ရေးအချက်အလက်များကို ဥပဒေမဲ့ရယူအသုံးပြုခဲ့သည့်အရှုပ်တော်ပုံနှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ်၏ ကြားနာစစ်ဆေးမှုများ မပြုလုပ်မီ ဇူကာဘတ်သည် ဥပဒေပြုအမတ်များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

## သံတမန်ရေးဆက်ဆံမှု တိုးတက်လာမှု၏ပြယုဂ် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မော်စကိုသို့ ရောက်ရှိ

**မော်စကို ဧပြီ ၁၀**
မြောက်ကိုရီးယားနိုင်ငံက ၎င်း၏အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာစေရေးအတွက် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၁၀ ရက်တွင် မြို့တော်မော်စကိုမြို့သို့ ရောက်ရှိနေသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုမှာ ကြုံတောင့်ကြုံခဲဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

လာမည့်ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တောင်ကိုရီးယားနှင့် အမေရိကန်သမ္မတတို့နှင့် ချူကလီးယားအရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ထားစဉ်အတွင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟို၏ ရုရှားခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက တရုတ်နိုင်ငံသို့ သွားရောက်သည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ သမိုင်းဝင်ခရီးစဉ်အပြီးတွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက တရုတ်နိုင်ငံ ပေကျင်းမြို့သို့ သွားရောက်ခဲ့ကာ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့၏ တွေ့ဆုံ ဆွေးနွေးမှု၌ ကိုရီးယားကျွန်းဆွယ် တင်းမာမှုဖြေလျှော့ရေးနည်းလမ်းများအပါအဝင် အရေးကြီးကိစ္စရပ်များကို ဆွေးနွေးမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံဆွေးနွေးမှုသည် ဒေသတွင်း၌ အပြုသဘောဆောင်သည့် အလားအလာဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့သို့ မြောက်ကိုရီးယားနိုင်ငံမှ ပြည်ပစီးပွားရေးရာ ဆက်သွယ်ရေးဝန်ကြီး သွားရောက်ခဲ့ပြီး ယင်းမှာ မြောက်ကိုရီးယားနိုင်ငံမှ ဝန်ကြီးအဆင့် တာဝန်ရှိသူတစ်ဦးအနေဖြင့် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့်နောက်ဆုံးခရီးဖြစ်သည်။

၂၀၁၅ ခုနှစ်က ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ဒုတိယကမ္ဘာစစ်ပြီးစီးခဲ့သည့် နှစ်(၇၀)မြောက် အထိမ်းအမှတ်အခမ်းအနားသို့ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီ တက်ရောက်မည်ဟု မျှော်လင့်ရသော်လည်း ခရီးစဉ်သွားရောက်မည့်နောက်ဆုံးမိနစ်တွင်မှ မသွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။ **အေအက်ဖ်ပီ**

# အမေရိကန်၏ စီးပွားရေးဒဏ်ခတ်မှုကြောင့် ထိခိုက်ရသော ရုရှားကုမ္ပဏီများကို အကူအညီပေးမည်ဟုဆို

**မော်စကို ဧပြီ ၁၀**
အမေရိကန်၏ စီးပွားရေးဒဏ်ခတ်မှုများကြောင့် ထိခိုက်နစ်နာရသော ရုရှားကုမ္ပဏီများအတွက် အကူအညီပေးသွားမည်ဖြစ်ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် အာကာဒီဗိုကိုဗစ်ချ်၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ရှိဖြစ်ပေါ်လာသောအခြေအနေအရ ရုရှားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီများ အခက်အခဲများနှင့် ရင်ဆိုင်လာရချိန်တွင် အစိုးရအဖွဲ့က ကုမ္ပဏီများကို အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ဒီဗိုကိုဗစ်ချ်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ ကုဋေကြွယ်လုပ်ငန်းရှင် သူဌေးကြီး အိုလက်ဒါရီပါဆာက ထိန်းချုပ်ထားသောရှူဆယ်အမည်ရှိ ကုမ္ပဏီ၏ အစုရှယ်ယာများမှာ ဟောင်ကောင်စတော့ရှယ်ယာဈေးကွက်တွင် ဧပြီ ၉ ရက်က ၅၀ ရာခိုင်နှုန်းကျော်မျှ ထိုးကျသွားခဲ့ရခြင်းမှာ အမေရိကန်၏စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှု၏ ရလဒ်တစ်ခုဖြစ်သည်။


ရုရှား ရှူဆယ်ကုမ္ပဏီ၏ အလူမီနီယမ် ထုတ်လုပ်ရေးစက်ရုံ။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ရုရှားကုမ္ပဏီများ ထိခိုက်နိုင်မှု အတိုင်းအတာကို အစိုးရအဖွဲ့က လေ့လာသုံးသပ်လျက်ရှိသည်။

အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုအသစ်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ မိမိတို့ဘက်မှ တုံ့ပြန်နိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အချိန်ယူ သုံးသပ်လေ့လာသွားရန် လိုအပ်ကြောင်း သမ္မတပူတင်၏ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီ ပက်စတော့ဗ်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# လေဆိပ်အလုပ်သမားများ သပိတ်ကြောင့် လုဖ်သန်ဇာလေကြောင်းခရီးစဉ်များ ဖျက်သိမ်း




**ဖရန့်ဖတ် ဧပြီ ၁၀**
ဂျာမနီနိုင်ငံတွင် ဖရန့်ဖတ်လေဆိပ်ကဲ့သို့ အဓိကကျသော လေဆိပ်ကြီးများ၌ လေဆိပ်လုပ်သားများ၏ လစာတိုးမြှင့်ရရှိရေး သပိတ်မှောက်မှုကြောင့် ဧပြီ ၁၀ရက်တွင် လေကြောင်းခရီးစဉ် ၈၀၀ ကျော်အထိကို ဖျက်သိမ်းလိုက်ရကြောင်း ၎င်းနိုင်ငံ၏ အကြီးမားဆုံးလေကြောင်းလိုင်း လုဖ်သန်ဇာက ပြောကြားသည်။

ဧပြီ ၁၀ ရက်တွင် ပြုလုပ်သည့် လေဆိပ်အလုပ်သမားများ သပိတ်ကြောင့် လုဖ်သန်ဇာလေကြောင်းလိုင်းမှ စီစဉ်ထားသည့် ခရီးစဉ်ပေါင်း ၁၆၀၀ အနက် ခရီးစဉ် ၈၀၀ ကျော်ကို ဖျက်သိမ်းရခြင်းဖြစ်ပြီး ယင်းတို့အနက် ခရီးဝေး ပျံသန်းမှုခရီးစဉ် ၅၈ ခုပါဝင်ကြောင်း၊ ယင်းခရီးစဉ်များ ဖျက်သိမ်းမှုသည် ခရီးသွားဦးရေ ၉၀၀၀၀ နီးပါးပေါ်သို့ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက ပြောကြားသည်။

လေဆိပ်မြေပြင်အဖွဲ့သားများနှင့် လေဆိပ်မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီမှ ညနေ ၆ နာရီအကြားတွင် အလုပ်ခွင်မှ ထွက်ခွာသပိတ်မှောက်ရန် စီစဉ်ထားပြီး သပိတ်မှောက်မှုများပြီးဆုံးသည့် ဧပြီ ၁၁ ရက်တွင် လုပ်ငန်းများ ပုံမှန် ပြန်လည်လည်ပတ်မည်ဖြစ်ကြောင်း လုဖ်သန်ဇာလေကြောင်းက ပြောကြားသည်။

**အေအက်ဖ်ပီ**

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**
**၁၃၇၉ခုနှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဃ)ပါ "အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်" ဆိုသည့် စကားရပ်ကို "အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ စီးပွားရေးနှင့်အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဌ) ပါ"ကောင်စီတွင်မှတ်ပုံတင်ထားသူ" ဆိုသည့်စကားရပ်ကို "ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင် သို့မဟုတ် စီးပွားရေးနှင့်အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့်စာရင်းပညာရှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

(ဍ) အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်း ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ် မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ်ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကိုဆိုသည်-

(၁) လက်အောက်ခံကုမ္ပဏီအား စာရင်းစစ်ဆေးခြင်း အပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ဆေးခြင်းလုပ်ငန်း

(၂) ဘဏ္ဍာရေးဆိုင်ရာ(မှုခင်းအပါအဝင်)စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း

(၃) ဘဏ္ဍာရေးအခြေအနေသုံးသပ်ခြင်းလုပ်ငန်း

(၄) စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်းလုပ်ငန်း

(၅) လွတ်လပ်သည့် ဌာနတွင်းစာရင်းစစ်ဆေးခြင်းအပါအဝင် သဘောတူညီထားသည့် အစီအစဉ်အတိုင်း စစ်ဆေးခြင်းလုပ်ငန်း

(၆) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံလက်မှတ်ရေးထိုးခြင်းလုပ်ငန်း

(ဃ) ပုဒ်မခွဲ (ဎ)ပါ **"ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း"** ဆိုသည့်စကားရပ်ကို "စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့်စာရင်းဝန်ဆောင်မှုလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (တ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောင်စီက ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုသည့် စာရင်းပညာ၊ စာရင်းပညာနှင့်ဆက်စပ်သည့် ပညာရပ်များသင်ကြားသည့် သင်တန်းကျောင်းကိုဆိုသည်။

(စ) ပုဒ်မခွဲ (ဖ) နောက်တွင် ပုဒ်မခွဲ (ဗ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဗ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသောနိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်းဆိုသည်။

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၈ တွင်-

(က) ပုဒ်မခွဲ (ဂ) တွင် "ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် အပြန်အလှန်အသိအမှတ်ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များချုပ်ဆိုခြင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (င) ပါ "ကောင်စီသို့ထောက်ခံတင်ပြခြင်း၊" ဆိုသည့်စကားရပ်အစား "ကောင်စီသို့ထောက်ခံတင်ပြခြင်းနှင့် အသင်းသားများလိုက်နာရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (စ) ပါ "ပြည်ထောင်စုဝန်ကြီးဌာန" ဆိုသည့်စကားရပ်ရှေ့တွင် "ပြည်ထောင်စုအဆင့်အဖွဲ့အစည်း" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ၊ အခန်း ၈ ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ကောင်စီကဖွင့်လှစ်ခွင့်ပြုသည့်သင်တန်းများ"**

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၂၉ အရ ကောင်စီ သို့မဟုတ် ကောင်စီကတာဝန်ပေးအပ်သည့်ကော်မတီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၆၊ ၂၇၊ ၃၀၊ ၃၄၊ ၃၅ နှင့် ၃၆ တို့တွင်ပါရှိသော "ကောင်စီ" ဆိုသည့်စကားရပ်ကို "ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့်ကော်မတီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၈ ၏ခြေဆင်းစာသားဖြစ်သည့် "လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ)အဖြစ် ကောင်စီက အသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၇ နှင့်အညီ ကောင်စီက အသိအမှတ်ပြုထားသည့် ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

၂၉။ ကောင်စီ သို့မဟုတ် ကောင်စီကတာဝန်ပေးအပ်သည့်ကော်မတီသည် ဒီပလိုမာ စာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာသတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့်စာရင်းသင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉ နောက်တွင် ဥပဒေပုဒ်မ ၂၉-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂၉-က။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ကို နိုင်ငံသားများသာ လျှောက်ထားနိုင်သည်။

၁၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင် သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ် လုပ်ကိုင်သူသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

၄၅။ ကောင်စီသည်အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် ပုဂ္ဂိုလ်အနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကဌာန အဖွဲ့အစည်းအသီးသီးနှင့် နှစ်စဉ် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ နောက်တွင် ဥပဒေပုဒ်မ ၄၅-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၄၅-က။ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်းများကို စစ်ဆေးနိုင်သည်။

၁၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၆ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူနှင့် ကောင်စီက သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသူသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းကို လုပ်ကိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၁၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၇ နှင့် ၅၀ တို့တွင်ပါရှိသော "အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း" ဆိုသည့်စကားရပ်ကို "အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈ ခြေဆင်းနှင့် ပုဒ်မ ၈၂ တို့တွင်ပါရှိသော "မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (ဈ) နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ည) နိုင်ငံသားများသာ လုပ်ခွင့်ရှိသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမည်ကို နိုင်ငံခြားအဖွဲ့အစည်း၏ အမည် သို့မဟုတ် အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အသုံးပြုခြင်း။

၁၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၃ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

၈၃။ မည်သူမျှဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဍ) ပါလုပ်ငန်းများနှင့် ကောင်စီက အခါအားလျော်စွာသတ်မှတ်သည့် စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်း မပြုရ။

၁၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၇ နောက်တွင် ပုဒ်မ ၈၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၈၇-က။ မည်သူမျှပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်အတိုင်းမှတ်ပုံတင်ခြင်း မရှိဘဲ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၁၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၈ နောက်တွင် ပုဒ်မ ၈၈-က နှင့် ပုဒ်မ ၈၈-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၈၈-က။ မည်သည့်စာရင်းလုပ်ငန်း လုပ်ကိုင်သူမျှ မမှန်ကန်သည့် ဘွဲ့ သို့မဟုတ် လက်မှတ်ကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ။

၈၈-ခ။ မည်သူမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်း မရှိဘဲ အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်းမပြုရ။

၂၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၄ နောက်တွင် ပုဒ်မ ၉၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၉၄-က။ မည်သူမဆို ပုဒ်မ ၈၇-က ပါပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ပါ "ပုဒ်မ ၈၈" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၈၈၊ ၈၈-က သို့မဟုတ် ၈၈-ခ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံ၍ လိုအပ်သလိုစီမံဆောင်ရွက်နိုင်သည်။

၂၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၀၀ ၏နောက်တွင် ပုဒ်မ ၁၀၀-က နှင့် ပုဒ်မ ၁၀၀-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၁၀၀-က။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကောင်စီဝင် သို့မဟုတ် ကောင်စီက ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များ၏ အဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း အရေးယူခြင်း မပြုရ။

၁၀၀-ခ။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြိုတင်ခွင့်ပြုချက်ကိုရယူရမည်။

---

**aA'gjrufyifydfqkHeonf**
**iZifacmifa&pDv**
**aumifrGefqmifcGef**

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဝန်ထမ်းများနှင့် ဂန္ဓမာ Group ပရဟိတအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းပြီး ခြင်ပေါက်ပွားမှုလျော့နည်း စေရန်နှင့် ရေစီးရေလာကောင်းမွန်ရေး ဧပြီ ၉ ရက် နံနက် ၇ နာရီက (၄)ရပ်ကွက်တွင် ဗေဒါမြက်ပေါင်းများ ပိတ်ဆို့နေသော ဇလင်းချောင်းအတွင်း ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ယခု ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်နေသည့် ဇလင်းချောင်းပြီးသွားပါက ပြည်သူများ၏ လိုအပ်ချက်အရ စံပယ် (၄) လမ်း စံပယ်လမ်းမကြီး ဝဲ ယာ၊ နှင်းဆီ(၅)လမ်း ပတ္တမြားလမ်းမဝဲ ယာ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဂန္ဓမာ Group ပရဟိတ အကျိုးဆောင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလိုဆက်လက်ဆောင်ရွက်မယ့် လမ်းရေမြောင်းတွေထဲမှာ အမှိုက်၊ နုန်း၊ ကြေး(ချေး)သဲ၊ ခဲတွေ ပိတ်ဆို့နေတယ်၊ ဧပြီ ၇ ရက်က လျှပ်တစ်ပြက်ရွာတဲ့မိုးကြောင့် ရေစီးဆင်းနိုင်ခြင်း မရှိဖြစ်ပြီး အိမ်ဝင်းထဲရေဝင်လာတယ်" ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ထွန်းဝင်း**

ကြေးမုံ

ဧပြီ ၁၁၊ ၂၀၁၈



## မန္တလေးကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်ကြီး ၁၆ ခုဆောက်လုပ်

**မန္တလေး ဧပြီ ၁၀**

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကြီးအပါအဝင် ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ် ၁၆ ခု ဆောက်လုပ်၍ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်ကြီးများအနက် လေလံစနစ်ဖြင့် နေရာချထားပေးထားသည့် အရှည်ပေ ၁၀၀ နှင့် ၂၅ ပေအကျယ်အဝန်းရှိ မဏ္ဍပ်ကြီး ၁၀ခုကိုလည်းကောင်း၊ ဌာနဆိုင်ရာ မဏ္ဍပ်ကြီး သုံးခုကိုလည်းကောင်း ကျုံးအရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် အသီးသီးဆောက်လုပ်ခွင့်ပြုထားပြီး ကျုံးတောင်ဘက်အခြမ်း လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာတွင် မန္တလေးမြို့တော်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ နန်းမြို့သူ ရေကစားမဏ္ဍပ်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ရေကစားမဏ္ဍပ်ကြီးများ ဆောက်လုပ်၍ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

"ဒီနှစ်သင်္ကြန်ပွဲတော်အတွက် ကျုံးပတ်လည်မှာ ပုဂ္ဂလိကရေကစားမဏ္ဍပ်ကြီးတွေကို လေလံစနစ်နဲ့ ချထားပေးတဲ့အတွက် လေလံကြေးငွေကျပ်သိန်း ၁၃၀၀ နီးပါးရရှိခဲ့ပါတယ်၊ လမ်းလျှောက်သင်္ကြန် ကျင်းပမယ့် ကျုံးတောင်ဘက်အခြမ်းမှာ ပေ ၃၀၊ ပေ ၂၀ နဲ့ ၁၀ပေအသီးသီးရှိတဲ့ မဏ္ဍပ်ငယ်တွေကို နေရာချထားပေးမှုမှာ လက်ရှိအခြေအနေထိ သိန်း ၅၀၀ ကျော်ရရှိပြီးဖြစ်ပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇော်အောင်က ပြောသည်။

ယခုနှစ် ပုဂ္ဂလိက ရေကစားမဏ္ဍပ်များအား လေလံစနစ်ဖြင့် နေရာချထားပေးမှုအပေါ် ကျုံးအရှေ့ဘက်အခြမ်းတွင် လေလံအောင်မြင်သည့် The Rave ရေကစားမဏ္ဍပ်ပိုင်ရှင် ကိုစိုးလပြည့်အောင်က "အရင်တုန်းက နေရာယူမယ်ဆိုရင် မဲနှိုက်ပြီးတော့ ငါးသိန်းတည်းနဲ့ ရပါတယ်၊ ပြီးတော့ ကုမ္ပဏီတွေနဲ့အတူ လက်တွဲခွင့်ရတယ်၊ မနှစ်ကစပြီး လေလံစနစ်နဲ့ နေရာချထားပေးတာဆိုတော့ သိန်းပေါင်းရာနဲ့ချီပြီး အစိုးရကို သွင်းရပါတယ်၊ ဒါ့အပြင် ကုမ္ပဏီတွေကလည်း လမ်းလျှောက်သင်္ကြန်နဲ့ တောသင်္ကြန်တွေမှာ သူတို့ရဲ့ ထုတ်ကုန်တွေကို ကြေညာတဲ့အတွက် မဏ္ဍပ်တွေပြုလုပ်တဲ့အခါမှာ ထောက်ပံ့မှုတွေလည်း မရှိတဲ့အပြင် သွင်းရတဲ့ ငွေကြေးတွေလည်း များတာကြောင့် မဏ္ဍပ်လေးဖြစ်ဖို့ကို ရုန်းကန်လာရပါတယ်၊ မန္တလေးသင်္ကြန်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေပါဝင်တဲ့ လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်တွေလုပ်သလို လူငယ်တွေပျော်ဖို့ သင်္ကြန်အတွက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲရန်အတွက် မန္တလေးကျုံးပတ်လည်နှင့် မြို့တွင်း အနှံ့အပြားတွင် မဏ္ဍပ်ကြီးများ၊ မဏ္ဍပ်ငယ်များကြိုတင်ပြင်ဆင်ဆောက်လုပ်နေကြပြီဖြစ်ပြီး မန္တလေး ကျုံးအရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဆောက်လုပ်နေကြသည့် ပုဂ္ဂလိကရေကစား မဏ္ဍပ်ကြီးများမှ ၎င်းတို့၏ ရေကစားမဏ္ဍပ်သို့ လာရောက်၍ ပျော်ရွှင်စွာ ရေကစားနိုင်ရန် ဖိတ်ခေါ်မှုများဖြင့် ကျုံးပတ်လည်တွင် စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**




## မိတ္ထီလာသင်္ကြန်ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်

**မိတ္ထီလာ ဧပြီ ၁၀**

ယခုနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်တွင် ဗဟိုဆုပေးမဏ္ဍပ်၌ သင်္ကြန် ယိမ်းအကပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မြို့ပေါ်ရပ်ကွက် ၁၄ ခုမှ သင်္ကြန်ယိမ်းအဖွဲ့များအပါအဝင် ပြိုင်ပွဲဝင်အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်မှာ သင်္ကြန်ယိမ်းအကပြိုင်ပွဲကို မဟာသင်္ကြန် အကြိုနေ့ကနေ မဟာသင်္ကြန် အကြတ်နေ့အထိ သုံးရက်တိုင် ကျင်းပမှာဖြစ်ပါတယ်၊ မြို့ပေါ်ရပ်ကွက် ၁၄ ခုက သင်္ကြန်ယိမ်း အဖွဲ့များအပါအဝင် ပြိုင်ပွဲဝင်အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်၊ မဟာသင်္ကြန် အတက်နေ့မှာ ဆုချီးမြှင့်ပွဲကို ကျင်းပပြီး ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်ဖို့ စီစဉ်ထားပါတယ်" ဟု သင်္ကြန်ယိမ်းအကပြိုင်ပွဲကျင်းပရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဦးသာဝက ပြောသည်။

ပြည်သာယာ(တ)၊ ပြည်သာယာ(မ)၊ ကျီတော်ကုန်း၊ ရန်မျိုးအောင်၊ အောင်ဇေယျာ၊ သီရိမင်္ဂလာ၊ ချည်စက်(က)၊ ချည်စက်(ခ)၊ ဈေးအရှေ့ ပြင်၊ နန်းတော်ကုန်း၊ မြို့မ၊ ဝန်ဇင်း၊ အောင်ဆန်း၊ ရတနာမာရ်အောင်၊ ပေါက်ချောင်းရပ်ကွက်အသင်းများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ခလရ (၇၉)၊ တကစ(၁၀)၊ ၃၁၅ တပ်ရင်း သင်္ကြန်ယိမ်းအသင်း ၂၀ တို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ယိမ်းအကများဖြင့် ပြိုင်ပွဲဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သင်္ကြန်ကာလအတွင်း YBS ယာဉ်လိုင်း ၆၁ လိုင်းဖြင့် ယာဉ်အစီးရေ ၈၀၀ နီးပါး ပြေးဆွဲပေးမည်

**ရန်ကုန် ဧပြီ ၁၀**

သင်္ကြန်ပိတ်ရက်များအတွင်း YBS ယာဉ်လိုင်း ၆၁ လိုင်းဖြင့် ယာဉ်အစီးရေ စုစုပေါင်း ၈၀၀ နီးပါး မြို့တွင်းခရီးစဉ်လမ်းကြောင်းများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

သင်္ကြန်ကာလ ပိတ်ရက်များအတွင်း ရန်ကုန်မြို့တွင်း ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်မှု မရှိစေရန်အတွက် YBS ယာဉ်လိုင်းများမှ ယာဉ်အစီးရေ ၇၆၉ စီးခန့် ပုံမှန်ဈေးနှုန်းများအတိုင်း ပြေးဆွဲပေးရန် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမော်အောင်က ပြောသည်။

"ဒီနှစ်က စုစုပေါင်း ၇၆၉ စီးပေါ့၊ အစီး ၈၀၀ နီးပါးလောက် ပြေးဆွဲပေးမယ်၊ ယာဉ်လိုင်းက ၆၁ လိုင်း ဖြစ်ပါတယ်၊ ဘယ်ယာဉ်လိုင်းတွေ ပြေးဆွဲပေးပြီး ဘယ်ယာဉ်လိုင်းတွေ ရပ်နားမယ်ဆိုတာကို ကြေညာပေးပါမယ်၊ မဏ္ဍပ်တွေရှိတဲ့ လမ်းကြောင်းတွေတော့ လမ်းကြောင်းပြောင်းဖို့ ရှိပါတယ်၊ နောက်ပြီး ယာဉ်စီးခ ပုံမှန်နှုန်းထားအတိုင်း ကောက်ခံဖို့နဲ့ ဈေးမတက်ဖို့ကိုလည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်၊ ယာဉ်မောင်းသူတွေ အရက်သေစာသောက် စားခြင်း မရှိအောင်လည်း ဆောင်ရွက် မှာပါ"ဟု ၎င်းကပြောသည်။

ယာဉ်စီးခ ပိုတောင်းမှု အပါအဝင် သင်္ကြန်ကာလအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုများအပေါ် တိုင်ကြားမှုများအား စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယာဉ်လိုင်းတာဝန်ရှိသူ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ခေါ်ယူတွေ့ဆုံ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

**၀၀၁**

## မန္တလေးမဟာသင်္ကြန်ပွဲတော်ကာလ ကျုံးပတ်လည်တစ်လမ်းမောင်းသတ်မှတ်

**မန္တလေး ဧပြီ ၁၀**

၂၀၁၈ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လမ်းလျှောက်သင်္ကြန်နှင့် တောသင်္ကြန် ညဈေးကျင်းပရာတွင် ကျုံးပတ်လည်လမ်းများအား တစ်လမ်းမောင်း သတ်မှတ်ထားရာ ၆၆ လမ်းအား ၁၂ လမ်းနှင့် ၆၆ လမ်းဆုံမှ ၆၆ လမ်းအတိုင်း မြောက်မှတောင်သို့ လမ်း ၂၀ နှင့် ၆၆ လမ်းဆုံအထိ၊ ၁၉ လမ်းအား ၁၉ လမ်းနှင့် ၆၆ လမ်းဆုံမှ ၁၉ လမ်းအတိုင်း အနောက်မှ အရှေ့သို့ ၁၉ လမ်းနှင့် ၆၄ လမ်းဆုံအထိ၊ လမ်း ၂၀ အား လမ်း ၂၀ နှင့် ၆၆ လမ်းဆုံမှ လမ်း ၂၀ အတိုင်းအနောက်မှ အရှေ့သို့ လမ်း ၂၀ နှင့် ၆၄ လမ်းဆုံ အထိ၊ ၂၇ လမ်းအား ၂၇ လမ်းနှင့် ၇၈ လမ်းဆုံမှ ၂၇ လမ်းအတိုင်း အနောက်မှ အရှေ့သို့ ၂၇ လမ်းနှင့် ၆၆ လမ်း ဆုံအထိ၊ လမ်း ၈၀ အား ၂၆လမ်းနှင့် လမ်း ၈၀ ဆုံမှ လမ်း ၈၀ အတိုင်းတောင်မှ မြောက်သို့ ၁၂ လမ်းနှင့် လမ်း ၈၀ ဆုံအထိ သတ်မှတ်ထားပြီး လမ်းဘေးဝဲယာ ယာဉ်ရပ်နားခွင့်မပြုကြောင်း မဟာသင်္ကြန်လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီက ကြေညာထားသည်။

၂၀၁၈ ခုနှစ် မန္တလေးမြို့တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ၎င်းလမ်းကြောင်းတွင် အနေးယာဉ်များ၊ စက်ဘီး၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ ဝင်/ထွက်ခွင့် မပြုကြောင်းလည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။

**သီဟကိုကို(မန္တလေး)**



## သင်္ကြန်အထူးရထား ထပ်မံအားဖြည့် ပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၁၀**

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများအဆင်ပြေစေရန် သင်္ကြန်အထူးရထားတစ်စီး ထပ်မံအားဖြည့်ပြေးဆွဲပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားသွားလာပို့ဆောင်ရေးဌာန တိုင်းအမှတ် (၇)တိုင်း မန်နေဂျာ ဦးဇော်လွင်က ပြောသည်။

"ပုံမှန်ပြေးဆွဲပေးနေတဲ့ရထားတွေအပြင် ဆယ်ရက်ကနေ ဆယ့်သုံးရက်အထိ သင်္ကြန်အထူးရထားပြေးဆွဲပေးပါတယ်၊ အခုခရီးသည်တွေများတဲ့အတွက် ဆယ်ရက်ကနေ ဆယ့်နှစ်ရက်အထိ နောက်ထပ်အထူးရထားတစ်စီး တိုးချဲ့ပြေးဆွဲဖို့ ဆောင်ရွက်နေတယ်၊ မနေ့ကမှ အရေးပေါ်ပြန်လုပ်ပြီး ဒီနေ့လက်မှတ်ရောင်းပေးတယ်" ဟု တိုင်းမန်နေဂျာကပြောသည်။

ထို့အပြင် သင်္ကြန်အပြီး ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အထူးရထားများ ဆက်လက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ဝန်ထမ်းများအတွက် အထူးရထားကို ၁၂ ရက်တွင် နေပြည်တော်မှ ရန်ကုန်သို့ ဆင်းမည့် ဝန်ထမ်းများအတွက် ပြင်ဆင်ထားပြီး နှစ်ဆန်းတစ်ရက်နေ့တွင် နေပြည်တော်သို့ သွားရန် ညပိုင်းအထူးရထား စီစဉ်ပေးထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အမှတ် (၅) အဆန်ရထား၊ အမှတ် (၆) အစုန်ရထား၊ ရန်ကုန်မော်လမြိုင်လမ်းပိုင်းတွင် အမှတ် (၃၅) အဆန်ရထား၊ အမှတ် (၃၆) အစုန်ရထား၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အမှတ် (၃၇) အဆန်ရထား၊ အမှတ် (၃၈) အစုန်ရထား၊ အမှတ် (၅၇) အဆန်ရထား၊ အမှတ် (၅၈) အစုန်ရထား၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၇)အဆန်ရထား၊ အမှတ် (၈) အစုန်ရထား၊ ရန်ကုန်-ပုဂံလမ်းပိုင်းတွင် အမှတ် (၆၁) အဆန်ရထား၊ အမှတ်(၆၂) အစုန်ရထား ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်ရထား အမှတ်(၇၂)အစုန်ရထား ပြေးဆွဲခြင်းများကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ရထားလက်မှတ် လာရောက်ဝယ်ယူကြသည့် ခရီးသွားပြည်သူများအတွက် မှောင်ခိုလက်မှတ်များရောင်းချမှုမရှိစေရန်နှင့် လိမ်လည်မှုများမဖြစ်စေရန် ရထားရဲတပ်ဖွဲ့က ကြိုတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စာနည်မောင်**

# တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်မှာကြား



**ပဲခူး ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဧပြီ ၉ ရက် ညနေ ၄ နာရီက ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရွှေကျင်မြို့နယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အင်ဂျင်နီယာမှူးကြီး ဦးကျော်သူနိုင်က ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အချက်အလက်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် မြင့်တက်လာကြောင်း၊ လိုအပ်သည့် ပမာဏကို ထုတ်လုပ်ပေးနိုင်ရုံမျှမက တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားဖြစ်ရန် လိုအပ်ကြောင်းနှင့် မိုးရာသီမတိုင်မီ တမံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးရန် မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး ရွှေကျင်ချောင်းပေါ်တွင် မြေသားတမံအလျား ပေ ၃၆၁၀၊ တမံအမြင့် ၁၈၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၆၈၅၀၀၀၊ အကျိုးပြုရေလှောင် ပမာဏ ဧကပေ ၁၁၇၄၂၀၀၊ ကန်ရေပြင်ကျယ်ဧရိယာ ၄၄ စတုရန်းမိုင်၊ ရေဆင်းဧရိယာ ၃၄၃ စတုရန်းမိုင်ဖြစ်ပြီး ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တန့်ဆည်၊ အရာတော်၊ ဆားလင်းကြီးနှင့် မြောင်မြို့နယ်များတွင် ပျိုးပင်တစ်သောင်းကျော် စိုက်ပျိုးသွားမည်

**မုံရွာ ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကျေးလက်နေ ပြည်သူများ ပူးပေါင်းပြီး ပြည်သူ့ဗဟိုပြုစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးပင် ၁၀၂၀၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သစ်ပင်စိုက်ရာသီတွင် ပြန်လည် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"ဒီကနေ့အချိန်မှာ ရာသီဥတုဖောက်ပြန်တာတွေဖြစ်တယ်၊ အဲဒါနဲ့ဆက်စပ်ပြီး သီးနှံအထွက်နှုန်းတွေ ကျဆင်းလာတယ်၊ သစ်တောတွေမရှိတဲ့အတွက်ဆိုတာကို ကျေးလက်နေပြည်သူတွေကို သိရှိဖို့အတွက် အသိပညာပေးလုပ်ငန်းတွေလုပ်တယ်၊ နောက်ပြီး သစ်တောသစ်ပင်တွေကို ချစ်ခင်ဖို့ ပြုစုပျိုးထောင် ထိန်းသိမ်းတဲ့အလေ့အကျင့်ကောင်းတွေရရှိဖို့အတွက် လုပ်ဆောင်တာပါ၊ အခုစိုက်ပျိုးမယ့် ပျိုးပင်တွေကလည်း စီးပွားရေးအတွက် အထောက်အကူဖြစ်စေတဲ့ အပင်မျိုးတွေကို စိုက်ပျိုးဖို့ ဖြန့်ဝေပေးမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဘလွင်ဦးက ပြောသည်။

ပြည်သူ့ဗဟိုပြု စိုက်ပျိုးနည်းစနစ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးရှိ အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော တန့်ဆည်မြို့နယ် ဇီးပေါက်ကျေးရွာရှိ အိမ်ထောင်စု ၂၀၅ စုတွင် ကျွန်းနှင့်ပိတောက် အပင် ၅၀၀၀ အားလည်းကောင်း၊ အရာတော်မြို့နယ် ကုန်သာကျေးရွာရှိ အိမ်ထောင်စု ၂၉၇ စုတွင် ကျွန်းနှင့်လျှော်ဖြူ အပင် ၂၀၀၀ နှင့် အောင်ချမ်းသာကျေးရွာရှိ အိမ်ထောင်စု ၁၆၈ စုတွင် ကျွန်းနှင့်လျှော်ဖြူ အပင် ၁၀၀၀ အားလည်းကောင်း၊ ဆားလင်းကြီးမြို့နယ် ဥသျှစ်ပြားကျေးရွာရှိ အိမ်ထောင်စု ၅၆ စုတွင် ကျွန်းနှင့် ယူကလစ် အပင် ၁၀၀၀ အားလည်းကောင်း၊ မြောင်မြို့နယ် မြစ်ကျေးရွာရှိ အိမ်ထောင်စု ၆၃ စုတွင် တမာပင် ၁၂၀၀ စုစုပေါင်း အပင် ၁၀၂၀၀ အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သစ်ပင်စိုက်ရာသီတွင် မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်းပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားစေမည့် ဝါးလက်မှုအသုံးအဆောင်များ ပြုလုပ်တတ်စေရေး သင်တန်းဖွင့်လှစ်

**ဘားအံ ဧပြီ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု နောင်ဘိုကျေးရွာတွင် ကျေးရွာတွင်း မိသားစုတစ်ပိုင်တစ်နိုင် ဝါးလက်မှုလုပ်ငန်းဖြင့် ဝင်ငွေရရှိနေသည့် မိရိုးဖလာ ဝါးလက်မှုထည်လုပ်ငန်းများ မပျောက်ပျက်စေရေးနှင့် လက်ဆင့်ကမ်းသင်ကြားနိုင်ရေး၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားစေမည့် ဝါးလက်မှုအသုံးအဆောင်များ ပြုလုပ်တတ်စေရေးအတွက် ရည်ရွယ်ကာ ဝါးလက်မှုထည်ထုတ်လုပ်မှုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ကျေးရွာစာကြည့်တိုက်တွင် သင်တန်းဆင်းပွဲ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သစ်ဝါးပေါများသောဒေသဖြစ်သောကြောင့် မိမိဒေသထွက် ကုန်ကြမ်းဝါးများဖြင့် စိုက်ပျိုးရေးသုံး၊မွေးမြူရေးသုံးပစ္စည်းများအပြင် လှပသေသပ်သော ဝါးလက်မှုထည်အမှတ်တရပစ္စည်းများသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ခြင်းကြောင့် ဧည့်သည်များ လာရောက်ရာနေရာများတွင် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချကာ တစ်ပိုင်တစ်နိုင်လက်မှုလုပ်ငန်းဖြင့် ဝင်ငွေရစေလိုကြောင်း ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်နေသည့် ဝါးလက်မှု ပညာရပ်တွေ ပြန့်ပွားစေလို ကြောင်း ပြောကြားသည်။

သင်တန်းသူနော်ဖြူဖြူအောင်က "နောင်ဘိုကျေးရွာမှာတော့ ဘိုးဘွားတွေလက်ထက်ကတည်းက မွေးမြူရေး၊ စိုက်ပျိုးရေးနဲ့ အိမ်သုံးဖြစ်တဲ့ ကြက်အုပ်ဆောင်း၊ ကြက်ဝပ်ကျင်း(ဥကျင်း)၊ မြက်ထည့်ခြင်းတောင်း၊ ဈေးဗန်း၊ တောင်းအမျိုးမျိုး၊ စပါး၊ ပဲ၊ ကလေးပုခက်၊ ဆေးရွက်ကြီးလှောင်ပုတ်တွေကို အများဆုံး ဖောက်သည်သွင်းရတဲ့အထိ ရက်လုပ်ရောင်းချနေတာပါ၊ ဒီဒေသအရ ဝါးတစ်လုံးကို ကျပ် ၂၀၀၀ နဲ့ ဝယ်ရပြီး မြက်ထည့်ခြင်းတောင်း ငါးလုံးရက်လုပ်နိုင်ပြီး ကြက်အုပ်ဆောင်း ရက်လုပ်ရာမှာ မိသားစုအလိုက်တစ်နေ့ကို ၁၀ လုံး လုပ်နိုင်လို့ တစ်လုံးဖောက်သည်သွင်းဈေး ကျပ် ၁၅၀၀ ဆိုတော့ တစ်နေ့ ကျပ် ၁၅၀၀၀ ဝင်ငွေရရှိပါတယ်။ကြက်အုပ်ဆောင်းနဲ့မြက်ခြင်းကို အများဆုံးရက် လုပ်ရောင်းချရပါတယ်၊ ပြန်ရောင်းမယ့်သူတွေ လာရောက်ဝယ်ယူပြီး မော်လမြိုင်၊ သထုံ၊ ကော့ကရိတ်မြို့တွေမှာ ပြန်လည်ရောင်းချတယ်လို့ သိရပါတယ်၊ ဒီသင်တန်းအရ ဝါးကိုအခြေခံပြီး လှပသည့် အသုံးအဆောင် အမှတ်တရ ပစ္စည်းလေး တွေကိုလည်း ရောင်းရနိုင်ဖို့ ရက်လုပ်သွားကြမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ သင်တန်းတွင် နောင်ထလုံးကျေးရွာအုပ်စု နောင်ဘိုကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင် လေးရွာမှ အမျိုးသား၊ အမျိုးသမီးငယ် ၃၀ တက်ရောက်ကြပြီး ဘိုးစဉ်ဘောင်ဆက်မိရိုးဖလာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အိမ်သုံးပစ္စည်းများအပြင် ဝါးနှီးကိုအခြေခံကာ လှပသေသပ်စွာရက်လုပ်ထားသော ဝါးပလိုင်းငယ်များ၊ အခြားဧည့်ခန်းထား အသုံးအဆောင်များအား ကရင်ရိုးရာအထည်၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များတွင် တွဲဖက်ရောင်းချနိုင်စေမည့် ဝါးလက်မှုထည်ထုတ်လုပ်မှု သင်တန်းကို မတ် ၂၆ ရက်မှ ဧပြီ ၉ ရက်ထိ ၁၅ ရက်တိုင်တိုင်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဖျာပုံမှအခြေပြုထွက်သည့် မော်တော်ယာဉ်လိုင်းအားလုံး သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ရပ်နားမည်

**ဖျာပုံ ဧပြီ ၁၀**

ဖျာပုံမှအခြေပြုလျက် ခရီးသည်နှင့် ကုန်စည်များ ပို့ဆောင်ပြေးဆွဲနေသည့် မော်တော်ယာဉ်အားလုံး သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ရပ်နားထားမည်ဖြစ်ကြောင်း ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းစနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ၏ ရုံးအဖွဲ့မှူး ဦးအုန်းချိုက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

ဖျာပုံမှအခြေပြုထွက်ခွာနေသည့်မော်တော်ယာဉ်လိုင်းပေါင်း ၁၉ လိုင်းရှိပြီး မော်တော်ယာဉ်အစီးရေ ၃၅၁စီးသည်လှိုင်သာယာ၊ ဒလ၊ ဟင်္သာတနှင့်မန္တလေးမြို့များသို့ လည်းကောင်း၊ ဖျာပုံမြို့မှအောက်ပိုင်းပင်လယ်ကမ်းခြေရွာများသို့ ပြေးဆွဲနေသည့်မော်တော်ယာဉ်လိုင်း ၉ လိုင်းမှ မော်တော်ယာဉ် ၈၈ စီးတို့သည် မဟာသင်္ကြန်ရက်များဖြစ်သည့် သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ခရီးစဉ်များရပ်နားထားမည်ဖြစ်ကြောင်းနှင့် နှစ်ဆန်း ၂ ရက်နေ့မှစတင်၍ခရီးစဉ်အားလုံး ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်ပြန်မည့်ခရီးသည် တစ်ဦးက ယခင်နှစ်အတွေ့အကြုံအရ မော်တော်ယာဉ်လိုင်းများပြန်ဖွင့်သည့် နှစ်ဆန်း ၂ ရက်မှ ၃/၄ရက်အထိ ခရီးသည်များပြားမှုကို အကြောင်းပြုပြီး မူလကားခထက်နှစ်ဆခန့် ဈေးတက်လေ့ရှိကြောင်း၊ ဘိုကလေး-ဖျာပုံ-ဒလ(မှန်လုံ) ယာဉ်လိုင်းက သတ်မှတ်ဈေးနှုန်း အတိုင်း ပြေးဆွဲပေးခဲ့ကြောင်းပြောသည်။

ယာဉ်လိုင်းများ ပိတ်ထားသော်လည်း မဖြစ်မနေခရီးသွားလိုသူများအနေဖြင့် ပုံမှန်ယာဉ်စီးခထက်ပိုယူပြီး ပြေးဆွဲနေသည့် ကြားကားများရှိနေမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# နွေရာသီ အားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက အခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းများပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ကြောင်း သိရသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးဗိုလ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးဒေါ်ဖြိုးပိုပိုထွေးနှင့် ကော်မတီဝင်များ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားသင်တန်းသား ၁၂၀ ကျော် တက်ရောက်သည်။

**၃၂၉**

# ဗဟန်းမြို့နယ်အတွင်း မှုခင်းများ မဖြစ်ပွားစေရေး သတိပေးနှိုးဆော်

**ရန်ကုန် ဧပြီ ၁၀**

ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း ဦးစီး၍ရဲတပ်ဖွဲ့ဝင်များ၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဧပြီ ၉ ရက် ည ၁၁ နာရီခွဲခန့်က ရဲတပ်ဖွဲ့မှူး၏မီးတန်းယာဉ်မှအသံချဲ့စက်ဖြင့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းမှုခင်းများမဖြစ်ပွားစေရေး၊အရက်သေစာသောက်စား၍ မူးယစ်ရမ်းကားမှုများမရှိစေရေး၊ သင်္ကြန်ကာလအတွင်း ခိုက်ရန်ဖြစ်ပွားမှုများမရှိဘဲ အေးချမ်းစွာဖြင့် အတာသင်္ကြန်ကာလပြီးမြောက်စေရေးအတွက် ရပ်ကွက်နေမိဘပြည်သူများ သိရှိစေရန် သတိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

"ဗဟန်းမြို့နယ်မှာရပ်ကွက် ၂၂ ရပ်ကွက်ရှိပါတယ်၊ ရပ်ကွက်တိုင်းလိုက်လံနှိုးဆော်ပါတယ်၊ ရပ်ကွက်အားလုံးမှာရှိတဲ့ မိဘပြည်သူနဲ့ကလေးလူငယ်မကျန် မဟာသင်္ကြန်ကာလမှာစိတ်ချမ်းမြေ့ပြီး ပျော်ရွှင်စွာဖြတ်သန်းနိုင်စေဖို့ သတိပေးနှိုးဆော်ဆောင်ရွက်ရတာပါ"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

**မောင်မောင်**

ကြေးမုံ

ဧပြီ ၁၁၊ ၂၀၁၈

# မင်္ဂလာရှိသောသင်္ကြန်

ဦးကလျာဏ(သရက်တော)

ယဉ်ကျေးသော လူမျိုးတိုင်းပင် နှစ်ဟောင်းကုန်၍ နှစ်သစ်နှစ်ဆန်းကို အလေးအမြတ်ထားကြသည်။ နှစ်သစ်ကူးပြောင်းချိန် အမျိုးမျိုးကွဲပြားကြသော်လည်း မိမိတို့ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များ ကျင်းပ၍ နှစ်ဆန်းနှစ်သစ်ကို ကြိုဆိုလေ့ရှိကြသည်။

မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကာ ကြိုဆိုကြမြဲဖြစ်ပေသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က သင်္ကြန်ပွဲတော်ဟု ခေါ်ဝေါ်ကြသည်။

သင်္ကြန်ဟူသော ဝေါဟာရသည် 'သင်္ကန္တ'ဟူသော ပါဠိမှ 'သင်္ကြန္တ'ဟူသော သက္ကတ ပုဒ်မှ ဆင်းသက်လာသည် ဟု ဆိုကြသည်။ သင်္ကန္တဟူသော ပါဠိမှာ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဗေဒင်ပညာရှင်တို့က ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဆိုသည်မှာ တနင်္ဂနွေဂြိုဟ်ဟု ခေါ်သော နေမင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ကျသည်ကို သင်္ကြန်ကျသည်ဟု ဖွင့်ဆိုကြသည်။

## မြန်မာ့ရိုးရာမပျက် အတာသင်္ကြန်ပွဲတော်များ

လူအများ ကြားဖူးကြသည့် ဗြဟ္မာမင်းဦးခေါင်းပြောင်းရွှေ့ခြင်းအကြောင်းမှာ ဟိန္ဒူဗြဟ္မဏဝါဒီတို့၏ အဆိုဖြစ်သည်။ ကဝိလမိုင်းပုံပြင်အရ ပြောဆိုကြခြင်းဖြစ်သည်။ ကမ္ဘာဦးကာလက ကဝိလမိုင်းအမည်ရှိသည့် ဗေဒင်ပါရဂူဆရာကြီးတစ်ဦးပေါ်ထွန်းခဲ့သည်။ သိကြားမင်းနှင့် ဗြဟ္မာမင်းတို့အငြင်းပွားမှုကို ဖြေရှင်းဆုံးဖြတ်ပေးနိုင်သော ဆရာတစ်ဆူဖြစ်သည်။ အာသီအမည်ရှိသော ဗြဟ္မာမင်းနှင့် သိကြားမင်းတို့ ဗေဒင်ဆိုင်ရာ ပြဿနာနှင့် ပတ်သက်၍ အငြင်းပွားကြရာ ရှုံးသူကို နိုင်သူက ခေါင်းဖြတ်စတမ်းဟု သဘောတူခဲ့ကြသည်။

ကဝိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံသည့်အခါ သိကြားမင်းက နိုင်သွား၍ ဗြဟ္မာမင်းဦးခေါင်းဖြတ်ခံရမည့် အခြေအနေသို့ရောက်သွားသည်။

သိကြားမင်းသည် ဗြဟ္မာမင်း၏ ဦးခေါင်းကို မဖြတ်လိုပေ။ သို့ရာတွင် ဗြဟ္မာမင်းသည် မိမိ၏ ကတိအတိုင်း ကိုယ်တိုင်ခေါင်းဖြတ်လေသည်။ ဗြဟ္မာမင်း၏ ဦးခေါင်းကို ထားရန်နေရာမရှိပေ။ မြေမှာ ပစ်ချသော် တလောကလုံး မီးဟုန်းဟုန်းလောင်ပေမည်။ သမုဒ္ဒရာတွင် ပစ်သော် ရေတွေ ခန်းခြောက်သွားမည်။ ထို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနစ်ယောက်အား တာဝန်ပေး၍ ဗြဟ္မာမင်း၏ ဦးခေါင်းကို အလှည့်ကျပွေ့ချီထားစေသည်။ နတ်သမီးတစ်ဦး၏ လက်မှ အခြားတစ်ဦး၏ လက်သို့ လွှဲပြောင်းပေးသော ကာလမှာ လူတို့အရေအတွက်ဖြင့် တစ်နှစ်ပြည့်မြောက်သောအချိန်နှင့် ညီမျှလေသည်။ ယင်းသို့ ပြောင်းရွှေ့သည်ကို သင်္ကြာရာဇ်ဦးခေါင်းပြောင်းသည်ဟု ခေါ်သည်။ နတ်သမီးတစ်ဦး၏ တာဝန်အလွှဲအပြောင်းအတာပြောင်းသည်ကိုစွဲ၍ အတာသင်္ကြန်ပွဲများ ကျင်းပကြသည်ဟုလည်း ဆိုကြသည်။ ကူးပြောင်းခြင်း၊ ပြောင်းလဲခြင်းကို အမျိုးမျိုးဖွင့်ဆိုကြသော်လည်း ကူးပြောင်းခြင်းနှင့် ပြောင်းလဲသည်ဟူသော အဓိပ္ပာယ်မှာ တူညီကြသည်။ တနင်္ဂနွေဂြိုဟ်ရာသီပြောင်းချိန်တွင် မြန်မာနှစ်သစ်ကူးချိန်နှင့် ကိုက်ညီနေပေသည်။ အများနားလည်သည့်အတိုင်း မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်ကူးခြင်းဆိုသည့် အဓိပ္ပာယ်အတိုင်း မြန်မာ့ရိုးရာမပျက် "မဟာသင်္ကြန်ပွဲတော်" အတာသင်္ကြန်ပွဲတော်များ နွှဲပျော်ဆင်နွှဲကြခြင်းဖြစ်ပေသည်။

## မြန်မာနှစ်ကူးနှင့် အင်္ဂလိပ်နှစ်ကူး

အင်္ဂလိပ်နှစ်ကူးမှာ ရိုးရှင်းလွယ်ကူဟန်ရှိသည်။ နှစ်စဉ် ဒီဇင်ဘာလကုန်လျှင် နှစ်သစ်ကူးတော့သည်။ မြန်မာနှစ်သစ်ကူးမှာ သာမာန်အားဖြင့်တန်ခူးလ၌ ဖြစ်သော်လည်း တစ်ခါတစ်ရံ ကဆုန်လ၌ ဖြစ်တတ်သည်။ နက္ခတ်ရာသီကို အသေးစိတ်တွက်ချက်ပြီးမှ သင်္ကြန်အကြို၊ သင်္ကြန်အကျ၊ သင်္ကြန်အတက်နှင့် နှစ်ဆန်းရက်ကို သတ်မှတ်ရသည်။ ရှေးကဆိုလျှင် သင်္ကြန်စာ ဆက်သွင်းရသည်။ ယခုခေတ်မှာမူ ပြက္ခဒိန်ဆက်အဖွဲ့က တွက်ချက်တင်ပြအတည်ပြုသတ်မှတ်ကြသည်။ ပုဂ္ဂလိကသင်္ကြန်စာကိုမူ မန္တလေးက ထုတ်ပြန်နေဆဲပင် ဖြစ်သည်။

## စွဲစွဲမြဲမြဲလက်ခံကျင့်သုံးသင့်

အင်္ဂလိပ်နှစ်မှာ မှတ်ရလွယ်သဖြင့် ကမ္ဘာသုံးဖြစ်နေသည်။ ယခုခေတ်ကလေးလူငယ်များသည် အင်္ဂလိပ်နှစ်သစ်ကူးကိုပင် ဟက်ပီးနယူးယီးယား အော်ကာ ညသန်းခေါင်ယံတွင် လှည့်လည်အော်ဟစ်နေကြပေသည်။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင်မူ အင်္ဂလိပ်နှစ်သစ်ကူးကို အလေးမထားသင့်၊ မြန်မာကောဇာသက္ကရာဇ်ကို စွဲစွဲမြဲမြဲလက်ခံကျင့်သုံးသင့်ပေသည်။ သို့ရာတွင် ပြက္ခဒိန်ထုတ်သူများက မြန်မာနေ့ရက်ကို စာလုံးသေးသေးဖြင့်သာ ဖော်ပြနေကြသည်ကို တွေ့နေရသည်။ မြန်မာပြက္ခဒိန်သည် ရဟန်းတော်များအတွက် ဝါထပ်ရက်ငယ်စသည်ပါရှိမှ အဆင်ပြေသည်။ ဥပုသ်ပြုရမည့် ရက်ကို သိနိုင်သည်။ ဘုရားပညတ်တော်မူသည့်ကထိန်ခေတ်ကိုလည်း သတ်မှတ်နိုင်သည်။ အချို့သော ဗုဒ္ဓဘာသာနိုင်ငံများ၌ အင်္ဂလိပ်ပြက္ခဒိန်ကိုသာ သုံးသဖြင့် ရဟန်းတော်များအတွက် အခက်အခဲရှိလာကြောင်း ကြားသိနေရသည်။



ရဟန်းတော်များအတွက်သာ အကျိုးရှိသည်မဟုတ်၊ ပင်လယ်ဒီရေတက်သော ဒေသနေပြည်သူများအတွက်လည်း မြန်မာပြက္ခဒိန်က အကျိုးပြုလေသည်။ သာမန်အရပ်သားများပင် လဆန်းရက်၊ လဆုတ်ရက်ကို ကြည့်၍ ဒီရေအတက်အကျကို သိနိုင်ကြသည်။ ထို့ကြောင့် အင်္ဂလိပ်ပြက္ခဒိန်သည် ရုံးသုံးပြက္ခဒိန်ဖြစ်နေစေကာမူ မြန်မာတို့၏ ပြက္ခဒိန်သည်လည်း အလွန်အရေးကြီးသော ပြက္ခဒိန်ပင် ဖြစ်ပေသည်။ ပညာသားပါသော ပြက္ခဒိန်ဟုပင် ဆိုသင့်လှပေသည်။

## ဒုတိယတာကူးလ

ယခုနှစ်သင်္ကြန်ကို ကြည့်လျှင် သက္ကရာဇ် ၁၃၇၉ ခု ၁၃၈၀ ပြည့်နှစ် အကူးအပြောင်းကိုတွေ့ရပေမည်။ ၁၃၇၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်သည် သင်္ကြန်အကျနေ့ဖြစ်သည်။ ခရစ်နှစ် ဧပြီလ ၁၄ ရက် စနေနေ့တွင် ကျရောက်သည်။ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျသည်။

ကဆုန်လဆန်း ၁ ရက် (ဧပြီလ ၁၅ ရက်)တနင်္ဂနွေနေ့သည် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည်။ ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၆ ရက်) ညနေ ၃ နာရီ ၁၃မိနစ် ၄၇ စက္ကန့်အချိန်တွင် သင်္ကြန်တက်သည်။ ၁၃၈၀ ပြည့်နှစ်ဦး ကဆုန်လဆန်း ၃ ရက် (ဧပြီလ ၁၇ ရက်) အင်္ဂါနေ့သည် နှစ်ဆန်း ၁ ရက်ဖြစ်သည်။ ရခိုင်နှစ်ဆန်း ၁ ရက်လည်း ထိုနေ့ပင်ဖြစ်သည်။ ထူးခြားသည်မှာ ရခိုင်က ဦးကဆုန်ဟု မသုံးနှုန်းဘဲ ဒုတိယတာကူးလဟု သုံးနှုန်းခြင်းသာ ဖြစ်သည်။

၎င်း ၁၃၈၀ ပြည့်နှစ်တွင် လလွန်၊ လထပ် ရက်ရှိသည့်အတွက် ဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ဇူလိုင် ၂၈ ရက်) စနေနေ့တွင် ပုရိမဝါကပ်တော်မူရမည့်ရက်ဖြစ်လေသည်။ ဝါခေါင် လပြည့်ကျော် ၁ရက် (ဩဂုတ်လ ၂၇ ရက်) တနင်္လာနေ့တွင် ပစ္ဆိမဝါကပ်ရက်ဖြစ်သည်။

## သင်္ကြန်စာ

သင်္ကြန်စာကို တောင်သူလယ်သမားများက ဖတ်ရှုမှတ်သားတတ်ကြသည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း ကောင်းမည်၊ မကောင်းမည်ကိုသိလိုကြသည်။ စိုက်ပျိုးချိန်ကို ချိန်ဆကြသည်။ သင်္ကြန်စာကို လှည့်လည်ရောင်းချသည်ကို တွေ့နေရသေးသည်။

သင်္ကြန်စာကို နိုင်ငံတော်က ထုတ်ပြန်ခြင်း မပြုတော့၊ ပြက္ခဒိန်ဆက်အဖွဲ့က ထုတ်ပြန်သည့်အတိုင်း ပြက္ခဒိန်ဖြင့် လုံလောက်သည်။ ယခုအခါ လှည့်လည်ရောင်းချသော သင်္ကြန်စာမှာ မန္တလေးမြို့က ပုဏ္ဏားများတွက်ချက်ရေးသားသော သင်္ကြန်စာဖြစ်သည်။ မိုးလေဝသအခြေအနေ သိရန်ဆိုလျှင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ပေးလျက်ရှိသဖြင့် သင်္ကြန်စာကို အားကိုးရန် မလိုတော့ပေ။

## ရေပက်ကစားခြင်း

မြန်မာတို့သည် သာကီမျိုးနွယ်မှ ဆင်းသက်လာသည်ဟု ဂုဏ်ယူပြောဆိုတတ်ကြသည်။ "သာကီမျိုးဟော့ ဒို့ဗမာ"ဟူ၍ပင် ဟစ်ကြွေးခဲ့ကြသည်။

'မြန်မာအစ တကောင်းက' ဟုဆိုစကားရှိသည်။ တကောင်းပြည်ကို သာကီဝင်များတည်ထောင်ခဲ့သည်။ သာကီဝင်များသည် ရေပက်ကစားခြင်းဓလေ့ရှိခဲ့ကြသည်။ ထို့ကြောင့် တကောင်းခေတ်ကပင် စတင်ကာ ရေကစားခဲ့သည်ဟု ဆိုကြသည်။

ပုဂံခေတ်၌ မြန်မာတို့သည် သကျသာကီဝင်မင်းတို့၏ ဓလေ့ထုံးစံအတိုင်း ရေပက်ဖျန်းကစားလေ့ရှိကြောင်း ရာဇဝင်တို့၌ဖော်ပြကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်သည် သမိုင်းနှင့်ချီ၍ အစဉ်အလာကောင်း သင်္ကြန်ဖြစ်သည်။ အစဉ်အလာကောင်းသော ရေပက်ကစားခြင်းဖြစ်သည်။ ငွေဖလားတွင် နံ့သာရည်ထည့်၍ သပြေခက်ဖြင့် ယဉ်ကျေးစွာပက်ဖျန်းသည့် အစဉ်အလာရှိခဲ့သည်။ ယခုခေတ်မှာလည်း ယဉ်ကျေးမှုမဟာသင်္ကြန်မဏ္ဍပ်အတွင်းရှိ လူကြီးများက စတင်ကာ နံ့သာရည်ဖြင့်ပက်ဖျန်းပြီး ရေသဘင်ပွဲကို စတင်ဆင်နွှဲကြဆဲပင်ဖြစ်သည်။

ထိုမှ နောက်၌ လူငယ်များအချင်းချင်း ရေခွက်ဖြင့် လောင်းပက်ခြင်း၊ ရေပိုက်ဖြင့် ပက်ဖျန်းခြင်းများကို သင်္ကြန်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး စိတ်မဆိုးစတမ်း လောင်းပက်ကြသည်မှာ ပျော်ရွှင်စရာဖြစ်သည်။ မဏ္ဍပ်များတွင် ယိမ်းအကများ အတီးအမှုတ်အကအခုန်များဖြင့် ဧည့်ခံကာရေပက်ကြသည်။ အမျိုးသားများလည်း ရေပက်ခံ အလှပြကားများဖြင့် မဏ္ဍပ်စုံ လှည့်လည်၍ရေပက်ကြသည်။ မဏ္ဍပ်အရောက်တွင်တီးမှုတ်ကခုန်ကာပြန်ဖျော်ဖြေပြီးမှ နှုတ်ဆက်ထွက်ခွာခြင်းများမှာ ကြည်နူးစရာဖြစ်သည်။ ညနေ ၆ နာရီဆိုလျှင် ရေပက်ကစားခြင်းကိုရပ်၍ မီးရောင်စုံထွန်းသည့် အလှပြကားများဖြင့်လှည့်လည်ဖျော်ဖြေမှု၊ မဏ္ဍပ်အသီးသီးတွင် အပြန်အလှန် ဖျော်ဖြေမှုတို့ဖြင့် ယဉ်ကျေးပျူငှာ ဆက်ဆံကြပုံမှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။

## ချစ်စရာကောင်းလှ

မြန်မာတို့၏ သင်္ကြန်သည် မြို့ကြီးပြကြီးများမှာသာ ကျင်းပသည်မဟုတ် ကျေးလက်ဒေသတွင်လည်း ဒေသအလျောက်ဆင်နွှဲကြသည်။ မြို့ရောတောပါမကျန် တိုင်းရင်းသားအားလုံး ပါဝင်ဆင်နွှဲကြသည့် သင်္ကြန်ဖြစ်သည်။ ကျေးလက်ဒေသများ၌ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်စောင့်သူများဖြင့် စည်ကားနေသည်။ ဥပုသ်သည်များအား အကျွေးအမွေး ကုသိုလ်ပြုကြသည့် ဓလေ့များမှာ ချစ်စရာကောင်းလှသည်။

မြို့ကြီးပြကြီးသင်္ကြန်များတွင် လှပျိုဖြူများက ယိမ်းအက၊ တစ်ပင်တိုင်အကတို့ဖြင့် ဖျော်ဖြေနေကြသည်ကို ကြည့်လျှင် လူတိုင်းကတတ်နေကြသည်ဟုပင် ထင်မှတ်ရသည်။ ရေပက်ကစားကြသည့် လူငယ်မောင်မယ်တို့ကလည်း မမောနိုင်မပန်းနိုင် ရေကစားနေကြသည့် လူငယ်တို့ဘဝ ပျော်စရာကြီးပင်ဖြစ်တော့သည်။

စတုဒိသာ ကျွေးမွေးသူများကလည်း အင်မတန်စေတနာထက်သန်ကြသည်။ လာလာသမျှ အယုတ်အလတ် အမြတ်မရွေး ကျွေးမွေးကြသည်။

ရပ်ကွက်အသီးသီးမှာလည်း စတုဒိသာကျွေးမွေးမှုများ နေရာအနှံ့ရှိနေသည့်အတွက် အလှူရက်ရောသည့် မြန်မာလူမျိုးတို့၏ ဓလေ့ကို အထူးလေ့လာရန်ပင်မလိုဘဲ တွေ့မြင်ရမည်ဖြစ်သည်။

## မင်္ဂလာရှိသောသင်္ကြန်

မြန်မာ့သင်္ကြန်ပွဲတော်သည် ဘာသာရေးပွဲတော်မဟုတ်ပါ။ ထို့ကြောင့် ဘာသာပေါင်းစုံပါဝင်ဆင်နွှဲနေကြခြင်းပင်ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သည့် မြန်မာနိုင်ငံတွင် ပြုလုပ်သည့် မြန်မာ့သင်္ကြန်အားလျော်စွာ ကုသိုလ်တိုးပွား၍ မင်္ဂလာရှိသော သင်္ကြန်ပွဲတော်ဖြစ်စေရန်အတွက် ဒါန၊ သီလ၊ ဘာဝနာ အစုံပါအောင် ပြုလုပ်ကြသည်။

ဘုန်းတော်ကြီးကျောင်းသွား၍ လှူဒါန်းခြင်း၊ လာလာသမျှ ကျွေးမွေးသည့် စတုဒိသာပွဲများသည် ဒါနကုသိုလ်ဖြစ်သည်။ မြို့တိုင်း၊ ရွာတိုင်း၊ နေအိမ်တိုင်းကပင် ပြုလုပ်ကြသည်။ ဘုန်းတော်ကြီးကျောင်းသွား၍ဥပုသ်စောင့်သူများမှာလည်း နေရာတိုင်းမှာ များစွာတွေ့ရသည်။ လူကြီးပိုင်းများမှာ သင်္ကြန်ရက်တွင် ဥပုသ်စောင့်ကြသည်ကများသည်။ တရားရိပ်သာများကိုကြည့်လျှင် ဝိပဿနာဘာဝနာတရားအားထုတ်သူများဖြင့် ပြည့်နေပေသည်။ အရေအတွက်များသည့်အတွက် သင်္ကြန်အထူးတရားစခန်းများပင် ဖွင့်ပေးကြရသည်။

ရုပ်မြင်သံကြားတွင် အက အခုန် အတီး အမှုတ်တို့ဖြင့် ရေပက်ကစားသူများကို များစွာမြင်တွေ့ရသဖြင့် လူအားလုံးပင် အပျော်အပါးပွဲများသာ ထင်ရှားနေသော်လည်း ဥပုသ်စောင့်သူ၊ ရိပ်သာဝင်၍ တရားအားထုတ်သူများမှာ အထူးပေါများလှသည်။ ဒါနပြုသူများမှာ ပို၍ပင်များသေးသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာများသည် မည်သည့်ပွဲမျိုးကို ပြုလုပ်သည်ဖြစ်စေ ကုသိုလ်ရေးမပါလျှင်မပြီး ပြုလုပ်ကြသည်ကို သိနိုင်ပေသည်။

ထို့ကြောင့် မြန်မာတို့၏သင်္ကြန်သည် "မင်္ဂလာရှိသော သင်္ကြန်" ဟု ဆိုထိုက်လှပေသည်။ ။

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

*ယခုရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်တွေထဲမှာ မက်ဒရစ်ဒါဘီရှိပေမယ့် ပရိသတ်တွေအားလုံးရဲ့အာရုံကိုအလှူပ်ခတ်ဆုံးကတော့မန်ချက်စတာဒါဘီဖြစ်ခဲ့သလို ချန်ပီယံအဖြစ် အောင်ပွဲခံဖို့ လက်တစ်ကမ်းအလိုရောက်နေတဲ့ မန်စီးတီးရဲ့ခြေလှမ်းတွေကို မန်ယူအသင်းက ဖျက်ဆီးပစ်နိုင်ခဲ့တာကလည်း မန်ယူပရိသတ်အတွက် ချိုမြိန်လွန်းခဲ့ပါတယ်။*

## မန်စီးတီးကိုမန်ယူဘာကြောင့် အနိုင်ရသလဲဆိုတာ ပေါ့ဂ်ဘာဖွင့်ဟ

ပရီမီယာလိဂ်ပွဲစဉ်( ၃၂)မှာ မန်ယူအသင်းဟာ မန်စီးတီးအသင်းကို ဒုတိယပိုင်းသွင်းဂိုးတွေနဲ့ အနိုင်ယူပြီးနောက် မန်စီးတီးရဲ့ ပရီမီယာလိဂ် အိပ်မက်ကို ချိုးဖျက်နိုင်ခဲ့ပါတယ်။ မန်ယူအသင်းဟာ ပွဲကစားချိန် ၅၃ မိနစ်နဲ့ ၅၅ မိနစ်တွေမှာ နှစ်ဂိုးဆက်တိုက် ချေပဂိုးသွင်းယူပြီးနောက် ဘယ်လိုအကြောင်းတရားကြောင့် မန်ယူအသင်း လျှင်လျှင်မြန်မြန် ပြန်လာနိုင်ခဲ့သလဲဆိုတာ ဘောလုံးအရေးကျွမ်းကျင်သူတွေအတွက် မေးမြန်းစရာပါ။

သီယာရီအွန်နရီက ဒီကိစ္စရပ်ကို မန်ယူအတွက် ချေပဂိုးနှစ်ဂိုးဆက်တိုက် သွင်းယူသွားခဲ့တဲ့ မန်ယူကွင်းလယ်လူပေါ့ဂ်ဘာကို မေးမြန်းခဲ့ရာမှာ ပေါ့ဂ်ဘာက မန်ယူကွင်းလယ်လူဟောင်း ကာရစ်က အရေးပါခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောကြားသွားခဲ့ပါတယ်။ ဒ့ါအပြင် ပေါ့ဂ်ဘာက မန်ချက်စတာဒါဘီမှာ ခါးသီးတဲ့ မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းကို ရှုံးနိမ့်ပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်စေလိုက်မယ်ဆိုရင် ဒါက ပရိသတ်တွေကိုသတ်လိုက်တာနဲ့အတူတူပဲလို့ ပေါ့ဂ်ဘာက ဆိုပါတယ်။

ပေါ့ဂ်ဘာက "ကျွန်တော်တို့ ပြီးခဲ့တဲ့ရာသီက မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကို အခုထိ စိတ်ထဲမှာ မမေ့နိုင်သေးတာကြောင့် ကျွန်တော် သူတို့ကို မရှုံးလိုပါဘူး၊ သူတို့က နိုင်သွားရင် ချန်ပီယံဖြစ်တော့မှာပါ၊ ဒါက ပရိသတ်တွေကို သတ်လိုက်တာနဲ့ အတူတူပါပဲ၊ နှစ်ဂိုးပြတ်ရှုံးနေတာတောင် ပထမပိုင်းအပြီး အဝတ်လဲခန်းမှာ ကျွန်တော်တို့ ဘယ်လိုအကြောင်းနဲ့မှ အရှုံးခံလို့ မဖြစ်ဘူးဆိုတာကို ပြောခဲ့ကြတယ်"လို့ အဲဒီတုန်းက အခြေအနေကို ပြန်ပြောခဲ့ပါတယ်။

မန်ယူအသင်းရဲ့ ဒုတိယပိုင်း သွင်းဂိုးတွေကို အထောက်အပံ့ပြုခဲ့တဲ့ထဲမှာ မန်စီးတီးနောက်တန်းအားနည်းမှုကလည်း တစ်ထောင့်တစ်နေရာက ပါဝင်တယ်လို့ ဝေဖန်မှုတွေ ရှိနေသလို လီဗာပူးနဲ့ ချန်ပီယံလိဂ်ပွဲကစားပြီး ဆက်တိုက်ကစားရတာကြောင့် မန်စီးတီးအသင်း ပွဲပန်းခဲ့တာလည်း အဓိက အကြောင်းတရားဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ပေါ့ဂ်ဘာကတော့ မန်ယူကွင်းလယ်လူဟောင်း ကာရစ်က သူ့ကို ဘယ်လိုဂိုးသွင်းလို့ရမယ်ဆိုတာကို ဗီဒီယိုတွေပြပြီး နည်းလမ်းပြခဲ့တာလို့ ဆိုပါတယ်။

ပေါ့ဂ်ဘာက "ဒီလိုနောက်ကျဂိုးတွေ ပြန်သွင်းနိုင်ဖို့ ကာရစ်က များစွာကူညီခဲ့တယ်လို့ ပြောလိုပါတယ်၊ ကျွန်တော်ဘာလုပ်သင့်သလဲဆိုတာ သူက ကျွန်တော့်ကို အမြဲတမ်း ဗီဒီယိုတွေဖွင့်ပြပြီး ရှင်းပြလေ့ရှိသူပါ" လို့ ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

## ပြိုင်ဘက်အသင်းများရဲ့အထောက်အပံ့ကို ဘာစီလိုနာရရှိလေသလား

ဘာစီလိုနာနဲ့ ရိုးမားအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ပြိုင်ဘက် ရိုးမားအသင်းရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် နှစ်ဂိုးအထိ ရရှိခဲ့ပါတယ်။

ရိုးမားရဲ့ ဒီရော့စီနဲ့ မင်နိုလက်စ်တို့ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ဘာစီလိုနာအသင်းဟာ မိနစ် ၅၀ ကျော်ကတည်းက နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာဟာ ဒီနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတစ်ခုတည်းမှာတင် ပြိုင်ဘက်အသင်းတွေရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ငါးဂိုးအထိ ရရှိခဲ့ပြီး ဘာကာ တိုက်စစ်မှူး ထိပ်တန်းမက်ဆီရဲ့ ချန်ပီယံလိဂ်သွင်းဂိုး ခြောက်ဂိုးအောက် တစ်ဂိုးသာ လျော့နည်းတော့တဲ့ အခြေအနေပါ။

ဘာကာနည်းပြ ဗယ်လ်ဗာဒီကတော့ "ကိုယ့်ဂိုးကိုယ်သွင်းယူတဲ့ ဂိုးတွေလား၊ ဒီကိစ္စရပ်ပေါ် ကျွန်တော် ဂရုမစိုက်ပါဘူး၊ ခင်ဗျားတို့အနေနဲ့ ပြိုင်ဘက်ဂိုးဧရိယာနား နီးနီးကပ်ကပ်မရောက်ရင် ဘယ်လိုလုပ် ဒီလိုဂိုးတွေ ရပါ့မလဲဗျာ" လို့ တုံ့ပြန်လိုက်ပါတယ်။ ဒါပေမယ့် မှတ်တမ်းတွေအရ ရိုးမားအသင်းဟာ တစ်ပွဲတည်းမှာပဲ နှစ်ဂိုးအထိကိုယ့်ဂိုးကိုယ်သွင်းယူခဲ့တဲ့ ပထမဆုံးအသင်းမဟုတ်ဘဲ စတုတ္ထမြောက်အသင်းဖြစ်ပြီး ဘာကာရဲ့ ဂိုးလက်ဆောင်တွေ ယခုရက်သတ္တပတ်ရဲ့ အထူးခြားဆုံး ကိစ္စရပ်အဖြစ်ဖော်ပြလိုက်ရပါတယ်။

## ခရစ္စမတ်နောက်ပိုင်း ပရီမီယာလိဂ်ရလဒ်အကောင်းဆုံး အသင်းအဖြစ် စပါးရပ်တည်

စပါးအသင်းဟာ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က မန်စီးတီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီးနောက် ခရစ္စမတ်ကာလနောက်ပိုင်း ကစားခဲ့တဲ့ ၁၄ ပွဲမှာ ၁၁ ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်တာကြောင့် ကိန်းဂဏန်းတွေအရ ပရီမီယာလိဂ်ရလဒ်အကောင်းဆုံး အသင်းက စပါးအသင်း ဖြစ်နေတာကိုတွေ့ရပါတယ်။




စပါးအသင်းဟာ ဒီကာလအတွင်း ရမှတ် ၃၆မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ မန်စီးတီးတောင် ၃၂ မှတ်နဲ့ တတိယနေရာမှာ ရှိနေကာ လီဗာပူးကတော့ ၃၃ စုဆောင်းနိုင်တာကြောင့် ရလဒ်အကောင်းဆုံး ဒုတိယနေရာကို ရယူထားနိုင်တာကို တွေ့ရပါတယ်။ မန်ယူကတော့ ရမှတ် ၃၀နဲ့ စတုတ္ထ၊ နယူးကာဆယ်ကတော့ ရမှတ် ၂၃ မှတ် စုဆောင်းနိုင်မှုနဲ့အတူပဉ္စမနေရာမှာ ရှိနေပါတယ်။

ဒီထုတ်ပြန်ချက်ဟာ ချယ်လ်ဆီး၊ အာဆင်နယ်တို့အတွက် သေချာပေါက် စိတ်ပျက်ဖွယ်ဖြစ်မှာဖြစ်ပြီး အာဆင်နယ်ရော ချယ်လ်ဆီးပါ ခရစ္စမတ်နောက်ပိုင်း ၁၈ မှတ်သာစုဆောင်းနိုင်ခဲ့တာကြောင့် ဒါက တန်းဆင်းဇုန်အထက်နားက ဆွမ်ဆီး (၂၀ မှတ်)၊ ဘုန်းမောက် (၂၂မှတ်) ထက်တောင် နည်းပါးနေတဲ့ အနေအထားပါ။

ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံးက ဝက်စ်ဘရွန်းအသင်းက နောက်ဆုံးကစားခဲ့တဲ့ ၁၅ ပွဲမှာ ရမှတ် ခုနစ်မှတ်သာ စုဆောင်းနိုင်တာကြောင့် ချန်ပီယံရှစ်အတွက်သာ ပြင်ဆင်ရတော့မှာပါ။ ဒီကာလအတွင်း ၁၀ မှတ်သာ စုဆောင်းနိုင်တဲ့ ဆောက်သမ်တန်၊ ၁၀ မှတ်သာ စုဆောင်းနိုင်တဲ့ ဟက်ဒါဖီးလ်အသင်းတို့ကလည်း တန်းဆင်းဇုန်ထဲရောက်နေခဲ့ပြီဖြစ်ပါတယ်။

## အွန်လိုင်းမှာ ဝေဖန်မှုမြင့်တက်နေတဲ့ မန်ယူအသင်းဝတ်စုံသစ်

ရာသီကုန်ခါနီးပြီဖြစ်တာကြောင့် အသင်းအချို့ရဲ့ လာမယ့်ရာသီသစ်မှာ ဝတ်ဆင်ကြမယ့် ဝတ်စုံဒီဇိုင်းသစ်အချို့ဟာ အွန်လိုင်းပေါ်မှာ ပေါ်ထွက်နေပြီဖြစ်ပါမယ်။ မန်ယူအသင်းဝတ်စုံသစ် အွန်လိုင်းပေါ်မှာ ထွက်ပေါ်လာချိန်မှာတော့ ဝေဖန်သံတွေ စူဝေလာခဲ့ပါတယ်။ အက်ဒီးဒက်စ်က ဒီဇိုင်းသစ် ထုတ်ခဲ့တဲ့ မန်ယူအသင်းယခုဝတ်စုံသစ်ဟာ အမ်ဘရို၊ နိုက်ကီတို့က ထုတ်ခဲ့တဲ့ ယခင်ဒီဇိုင်းတွေနဲ့ အတော်လေးကွာဟခဲ့တာကို တွေ့ရပါတယ်။

မန်ယူအသင်းရဲ့ ယခုဝတ်စုံဟာ အနီရောင်မှာ အမဲလိုင်းစင်းလေးတွေ ပါရှိပြီး ဒါက ကလပ်အသင်းကို တည်ထောင်ခဲ့ကြတဲ့ ရထားလုပ်သားတွေကို ဂုဏ်ပြုထားတဲ့အနေနဲ့ အမည်းရောင် လိုင်းစင်းလေးတွေကို ထည့်သွင်းထားတယ်လို့ သိရပါတယ်။ မန်ယူအသင်းကို နယူးတန်ဟဲလ်အရပ်၊ ရော့ခ်ရှိုင်းယားရထားဘူတာ၊ ကာရစ်နဲ့ ဝီဂန်ဌာနတို့က နယူးတန်ဟဲလ်အသင်းအဖြစ် ၁၈၇၈ ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်း ၂၀၁၈-၂၀၁၉ခုနှစ်မှာ အသုံးပြုမယ့် အိမ်ကွင်းဝတ်စုံသစ်ကို မေလမှာ စတင်ရောင်းချမှာဖြစ်ပြီး ဒီဝတ်စုံသစ်အပေါ် ချီးမွမ်းသံထက် ဝေဖန်သံတွေ ဝေစီခဲ့တာကို အွန်လိုင်းမှာ ရေးသားကြတဲ့ မှတ်ချက်တွေကို ကြည့်ပြီး ရှင်းရှင်းလင်းလင်း အဖြေထုတ်နိုင်ပါတယ်။








မေလှဲ့သင်း - ရေးသားသည်

# ဝေဖန်မှုများကြားက ပွင့်လန်းခဲ့သည့် ရွှေကြာ

ဆွေဇင်နေမင်း




လတ်တလော ရုံတင်ဇာတ်ကားများကို စောင့်ကြည့်ခဲ့ရာမှာ ရွှေကြာကိုလည်း ကြည့်ဖြစ်ခဲ့သည်။ ယင်းနောက် ကြည့်ခဲ့ရသော ရွှေကြာနှင့် ဆက်စပ်သည့် ရုပ်ရှင်ခံစားမှုများကို စာဖတ်သူများထံ ပြန်လည်ဝေမျှလို၍ ရေးသားဖော်ပြခြင်းဖြစ်သည်။ ရေးသားရာတွင်လည်း ဝတ္ထုနဲ့ ရုပ်ရှင်ကြားမှ ကွဲလွဲမှုများကို တစ်စုံတစ်ခုသော မှတ်ချက်မပြုလိုဘဲ ရွှေကြာ၏ မူရင်းဝတ္ထုကို မဖတ်ဖူးသည့် လူတစ်ယောက်အနေဖြင့် ရေးသားခြင်းဖြစ်ပါသည်။

ရုပ်ရှင်တစ်ကားကြည့်ပြီးသွားသည့်အခါ စိတ်ကြိုက်ခံစားမှု ဖြစ်ခြင်း၊ မဖြစ်ခြင်းသည် ကြည့်ရှုသူ၏ ခံစားချက်အပေါ် မူတည်ပါသည်။ ရွှေကြာရုပ်ရှင်ကို ကြည့်ပြီးသည့်နောက်တွင်တော့ ပရိသတ်တစ်ယောက်အနေဖြင့် နှစ်သက်မိသည်။ သေချာသည်ကရွှေကြာ ရည်ရွယ်ချက်မဲ့ ဇာတ်ကားတစ်ခု မဟုတ်ခြင်းကြောင့်ပင်။

ဇာတ်လမ်းတစ်ခုလုံး ခြုံငုံကြည့်သည့်အခါ ဇာတ်လမ်းအတွက် ဖွေးဖွေးကို ရွေးချယ်သည်မှာ မှန်ကန်သည်ဟု ဆိုချင်သည်။ ဖွေးဖွေးသည် ဇာတ်လမ်းအတွက် လေးနက်မှုရာနှုန်းပြည့်ရှိသူတစ်ယောက် ဖြစ်သည်။ ဇာတ်ကောင်စရိုက်ကို ဖမ်းသည့်နေရာတွင် စိတ်ပါလက်ပါရှိလွန်းပြီး သူ၏ကြိုးစားထားမှုများကို မြင်တွေ့ရသည်။

ညမှာ မြင်ရသည့် ရွှေကြာ၊ နေ့မှာ မြင်ရသည့် လဝန်းတို့၏ ဇာတ်ကောင်စရိုက်နှစ်ခုကို ကွဲကွဲပြားပြား သရုပ်ဖော်နိုင်ခဲ့သည်။ အကြိုက်ဆုံး ဇာတ်ဝင်ခန်းတစ်ခုကို ပြောရမည်ဆိုလျှင် ကြည်ညိုနှင့်တွေ့ဆုံချိန်တွင် မြင်ရသည့် ရွှေကြာ၏ ဇာတ်ဝင်ခန်းများ ဖြစ်သည်။ ရွှေကြာ၏ ရိုးသားဖြူစင်သော စိတ်ထားကို ခံစားမိပြီး ယင်းသည် ဝမ်းနည်းကြေကွဲစရာ ဇာတ်ဝင်ခန်းများလည်း ဖြစ်စေသည်။

မြေအောက် ကားပါကင်တွင် ကြည်ညိုလိုက်လာပြီး လှမ်းခေါ်သော်လည်း မကြားချင်ယောင်ဆောင်ကာ ကလပ်တွင်းသို့ ပြေးဝင်သွားပြီး ဝမ်းနည်းကြေကွဲခဲ့ရသည့် ရွှေကြာ။ ကြည်ညိုထံသို့ ဖုန်းခေါ်မိသော်လည်း စကားတစ်ခွန်းမှ မပြောရဲဘဲ အသံတိတ်ငိုမိသည့် ရွှေကြာ။ ယင်းဇာတ်ဝင်ခန်း နှစ်ခန်းသည် ရွှေကြာရုပ်ရှင်၏ ဇာတ်ရှိန်အမြင့်ဆုံး ဇာတ်ဝင်ခန်းများဖြစ်ပြီး ပရိသတ်နှစ်သက်သည့် ဇာတ်ဝင်ခန်းများ ဖြစ်မည်ဟုလည်း ယူဆမိသည်။

ရွှေကြာနှင့်ဆက်စပ်က ကြည်ညိုအဖြစ် သရုပ်ဆောင်ထားသည့် အလင်းရောင်အကြောင်း ဆက်ပြောကြည့်ချင်သည်။ ပထမရုံတင်ဇာတ်ကား 3 Girl တွင် အလင်းရောင်ကို ၅၀ ရာခိုင်နှုန်းလောက်သာ စိတ်တိုင်းကျခဲ့သည်။ ယခုဇာတ်လမ်းတွင်မူ အလင်းရောင်ကို ရာနှုန်းပြည့် နှစ်သက်မိသည်။

အထူးသဖြင့် ဇာတ်ကားထဲမှ အလင်းရောင်၏ စကားပြောဟန်နှင့် လေယူလေသိမ်းများ ပိုကောင်းလာသည်ကို သတိထားမိသည်။ ဇာတ်ကောင်စရိုက်အပေါ်တွင် အာရုံဝင်စားမှု အားကောင်းလာသည်ဟုလည်း ယူဆမိသည်။

ပထမဇာတ်ကား 3 Girl နှင့် အနည်းငယ် နှိုင်းယှဉ်ပြောလိုသည်။ 3 Girl ဇာတ်ကားတွင် အလင်းရောင်၏ ဒေါသဇာတ်ဝင်ခန်းများမှာ ဒေါသကို မမြင်ရဘဲ စကားလုံးများကိုသာ မြင်တွေ့ခဲ့ရသည်။

စကားလုံးတခြား၊ လူတခြားဖြင့် ခံစားမှု သတ်သတ်ဖြစ်ခဲ့ရသည်။ စကားလုံးအရ ဒေါသဖြစ်သော်လည်း သရုပ်ဟန်ကမူ သာမန်သာဖော်ပြနိုင်ခဲ့သည်ဟု ထင်မြင်မိသည်။

တစ်နည်းဆိုရလျှင် 3 Gril ရုပ်ရှင်တွင် အလင်းရောင်၏ ဒေါသများက ပရိသတ်ထံ ကူးစက်မလာခဲ့သည့် ဒေါသများဖြစ်သည်။

သို့ပေမယ့် ရွှေကြာဇာတ်ကားတွင်မူ အလင်းရောင်၏ ဒေါသများကို စကားလုံးများနှင့် တွဲဖက်ကာခံစားသက်ဝင်မှုကောင်းသော သရုပ်ဟန်များဖြင့် မြင်တွေ့ခဲ့ရသည်။ အကြိုက်ဆုံးဇာတ်ဝင်ခန်းသည် လဝန်းကို ပြည့်တန်ဆာမလေး ရွှေကြာအဖြစ် ပထမဆုံးစကားပြောသော ဇာတ်ဝင်ခန်းပင် ဖြစ်သည်။

အသိအမှတ်ပြုစရာ အကြောင်းများကို ရေးသားဖော်ပြပြီးသည့်အခါ ဝေဖန်သုံးသပ်မှုကိုလည်း ဆက်လက်ဖော်ပြလိုသည်။ ရွှေကြာရုပ်ရှင်သည် ပြသချိန်အတွင်း များပြားလှသော ဇာတ်ဝင်ခန်းများစွာနှင့် တင်ပြထားခြင်းဖြစ်ပြီး ဇာတ်လမ်းကပြောပြချင်သည့်ဇာတ်လမ်းအကြောင်းအရာသည်လည်း ကျယ်ဝန်းသည်။

ဒါရိုက်တာဝိုင်း အနေနှင့် ရွှေကြာကို ဖန်တီးပုံဖော်သည့်နေရာတွင် ထည့်သွင်းရိုက်ကူးပြချင်သည့် အကြောင်းအရာများ များပြားသည်ဟု ယူဆမိသည်။

ဇာတ်ဝင်ခန်းတစ်ခုစီကို အသေးစိတ်ပုံဖော်ထားရုံသာမက ပါဝင်သမျှ ဇာတ်ကောင်အားလုံး၏ ဘဝပုံရိပ်များနှင့် စိတ်ခံစားမှုများကို ထည့်သွင်းပြနိုင်စေရန် ကြိုးစားထားသည်။ ပြည့်တန်ဆာလောက၏ အလှအသီးသီးမှ ပုံရိပ်များကိုလည်း ပြသချိန်အတွင်း ပါဝင်စေရန် ထည့်သွင်းထားသည်ဟု သုံးသပ်မိသည်။

ယင်းကြောင့်ပင် ပြသချိန်အတွင်း များပြားသည့် ဇာတ်လမ်းအကြောင်းအရာများကြောင့် ပရိသတ်အနေဖြင့် ကြည့်နေစဉ် စိတ်လေးလံလာရသည်။ ငြီးငွေ့ဖွယ်ရာခံစားရသည်။ ဇာတ်ဝင်ခန်းအပြောင်းအလဲများတွင် စိတ်အနားယူချိန် မရရှိဘဲ ရွှေကြာနှင့်အတူ ဘဝအမောများကို ဆက်တိုက်ခံစားကြရသည်။ ရုပ်ရှင်ရသများကြားမှ စိတ်ပင်ပန်းမှုဒဏ်ကို ဇာတ်ကောင်များနှင့်အတူ ခံစားကြရသည်။

မူရင်းဝတ္ထုဇာတ်လမ်း၏ အကြောင်းအရာ ကျယ်ဝန်းမှုနှင့် ရုပ်ရှင်၏ အချိန်အကန့်အသတ်ကြားတွင် ဇာတ်လမ်းသည် ကျပ်တည်းစွာ ရှေ့ဆက်ရသည်။ ယင်းသည် ဒါရိုက်တာဝိုင်း၏ ဇာတ်လမ်းတင်ပြပုံ လိုအပ်ချက်ဖြစ်မည်ဟုလည်း သုံးသပ်မိသည်။ ထို့ကြောင့် ရွှေကြာကို ရုပ်ရှင်မဟုတ်ဘဲ ဇာတ်လမ်းတွဲတစ်ခုအဖြစ်သာ အသက်သွင်းခဲ့မည်ဆိုလျှင် ပိုကောင်းမည်ဟု ယူဆမိသည်။

နိဂုံးချုပ်ဆိုရလျှင် ရွှေကြာ ရုပ်ရှင်သည် ရုံမတင်ခင်ကတည်းက ပရိသတ်စိတ်ဝင်စားမှု ရရှိခဲ့သည့်အပြင် ရုံတင်ပြီးသည့်နောက်ပိုင်း ပရိသတ်ဝေဖန်မှုများ၊ အငြင်းပွားမှုများနှင့် ကောလာဟလများကို ခံယူခဲ့ရသည့် ရုပ်ရှင် ဖြစ်သည်။ တရုတ်ဇာတ်ကား The Golden Lotus ကို မှီငြမ်းရိုက်ကူးထားသည့် ကော်ပီဇာတ်ကားဖြစ်သည်ဆိုသည့် ဂယက်ကို ရုံတင်ခါစရက်တွေမှာပင် ရင်ဆိုင်ခဲ့ရပြီး ရွှေကြာအပေါ် ပရိသတ်များ၏ ယုံကြည်မှု ကျဆင်းခဲ့ရသည်။

ယင်းပြင် ဝတ္ထုချစ်သူများဘက်မှလည်း ရွှေကြာရုပ်ရှင်သည် မူရင်းဝတ္ထု၏ အနှစ်သာရကို မဖော်ပြနိုင်သည့် ဇာတ်ကားဖြစ်သည်ဟု လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဝေဖန်မှုရေးသားမှုများ ရှိလာပြန်သည်။ သို့တည်းမဟုတ် အဓိကဇာတ်ဆောင်များနှင့် ဒါရိုက်တာဝိုင်းအပေါ်တွင်လည်း အမျိုးမျိုးသော သုံးသပ်ဝေဖန်မှုများလည်း ရှိခဲ့သည်။

သို့သော် အခြေအနေနှင့် အချိန်အခါအရ ရွှေကြာရုပ်ရှင်ကို ပရိသတ်များဘက်မှ စိတ်ဝင်စားမှု အလွန်မြင့်တက်ခဲ့သည်။

ထို့ကြောင့် ရွှေကြာသည် ပရိသတ်မျက်စိအောက်တွင် စောင့်ကြည့်ခြင်းကို ခံယူခဲ့ပြီးနောက် ပိတ်ကားပေါ်တွင် ပွင့်လန်းနိုင်ခဲ့သည့် ရုပ်ရှင်ဟုပင် ဆိုချင်သည်။ ဝေဖန်မှုများကြားက ရွှေကြာကို အချစ်ပိုသော ပရိသတ်များစွာလည်း ရှိလို့နေတော့သည်။ ။

# သင်္ကြန်တွင် ဖျော်ဖြေမည့် တေးသံရှင်များနှင့် မဏ္ဍပ်

### တေးသံရှင် ဇော်ဝင်းထွဋ်နဲ့ အင်ပါယာမဏ္ဍပ်

နိုင်ငံကျော်တေးသံရှင် ဇော်ဝင်းထွဋ်ရဲ့ Emperor မဏ္ဍပ်ကိုတော့ ရန်ကုန်တိုင်းဒေသကြီး မင်းဓမ္မလမ်းပေါ်မှာ တွေ့မြင်ရမှာ ဖြစ်ကာ ၎င်းနဲ့အတူ တေးသံရှင် အောင်ရင်၊ စည်သူလွင်၊ ဟဲလေး၊ အောင်ထက်၊ ခင်စုစုနိုင်၊ လိမ္မော်သီး၊ ကေကေမိုးနဲ့ Triple A တို့က သင်္ကြန်လေးရက်တိုင်တိုင် သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

### မိန်းကလေးပရိသတ်တွေကြား ရေပန်းစားနေတဲ့ ပရောဂျက်ကေ အဖွဲ့

လူငယ်လေးတွေနဲ့ဖွဲ့စည်းထားတဲ့ Project K အဖွဲ့ကတော့ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းမကြီးပေါ်မှာရှိတဲ့ Dr.Z မဏ္ဍပ်မှာ ဖျော်ဖြေပေးသွားမယ်လို့ သိရပါတယ်။

### မြန်မာတစ်နိုင်ငံလုံးအနှံ့ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာ လှည့်လည်ဖျော်ဖြေမယ့်မမများအဖွဲ့

ဇာတ်ပို့၊ ဇာတ်ရန်၊ အမျိုးသမီးသရုပ်ဆောင်များနဲ့ ဖွဲ့စည်းထားတဲ့"မမများအဖွဲ့"ကတော့ ဒီနှစ်သင်္ကြန်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ဖျော်ဖြေရေးမဏ္ဍပ်တွေမှာ လှည့်လည် ဖျော်ဖြေပေးသွားမယ်လို့သိရပါတယ်။

သူတို့အဖွဲ့ ဖျော်ဖြေမယ့် နေ့ရက်နဲ့ နေရာတွေကတော့ သင်္ကြန်အကြိုနေ့မှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဖျော်ဖြေမှာဖြစ်ပြီး သင်္ကြန်အကျနေ့မှာ နေပြည်တော်တွင်လည်းကောင်း၊ သင်္ကြန်အကြတ်နေ့မှာတော့ မုံရွာတွင် သွားရောက်ဖျော်ဖြေပေးမယ့်အပြင် သင်္ကြန်အတက်နေ့မှာ မန္တလေးသို့ သွားရောက်ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။

### လူငယ်တေးသံရှင်တွေ ဖျော်ဖြေမယ့် Lifebuoy Forever Thingyan မဏ္ဍပ်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းမ ကျိုက္ကဆံကွင်းအနီးမှာ တည်ရှိတဲ့ Lifebuoy Forever Thingyan 2018 ဖျော်ဖြေရေးနဲ့ ရေကစားမဏ္ဍပ်မှာတော့ လူငယ်တေးသံရှင်တွေဖြစ်ကြတဲ့ လင်းလင်း၊ အားတီ၊ ဘန်နီဖြိုး၊ နေဝင်း (Snare)၊ ဖြိုးလေး (Snare)၊ နေမင်းအိမ်၊ ယုဇန၊ ရေဗက္ကာဝင်း၊ ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ ချစ်စနိုးဦးနဲ့ ဝိုင်းလေးတို့ သီဆိုဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။

### (၁၅) ကြိမ်မြောက်ကျင်းပမယ့် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်

နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ရခိုင်ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကတော့ ယခုနှစ်တွင်လည်း (၁၅) ကြိမ်မြောက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းမှာကျင်းပသွားမှာဖြစ်ပါတယ်။ ပွဲတော်ရက်များအတွင်းမှာ ရခိုင်စတိတ်ရှိုး၊ စင်တင်တေးဂီတတွေနဲ့ ဖျော်ဖြေပေးသွားမှာပဲ ဖြစ်ပါတယ်။

### ပရိသတ်မျှော်လင့်နေကြတဲ့ Iron Cross မဏ္ဍပ်

နိုင်ငံကျော် တေးသံရှင်တွေဖြစ်ကြတဲ့ အငဲ၊ လေးဖြူ၊ မျိုးကြီးနဲ့ ဝိုင်ဝိုင်းတို့ ပါဝင်ကြတဲ့ Iron Cross တေးဂီတအဖွဲ့ကတော့ ယခုနှစ်သင်္ကြန် ဖျော်ဖြေရေးအစီအစဉ် ပြုလုပ်ဖို့ မရှိဘူးလို့ သိရပါတယ်။

မေနှင်းဆီ




# အိမ်ထောင်ရှင် အလှမယ်ရွေးချယ်

**မြင်းခြံ မေ ၁၀**

မြင်းခြံမြို့တွင် ပထမဆုံးအကြိမ်အဖြစ် Myanmar Beauty Pageant Organization မှက ကြီးမှူးကျင်းပသော Mrs. TOURISM BEAUTY QUEEN MYINGYAN 2018 အိမ်ထောင်ရှင် အလှမယ်ရွေးချယ်ပွဲကို မေ ၇ ရက် ညနေ ၅ နာရီက မြင်းခြံမြို့ရှိ မဏိကဥ္စနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၌ အသက် ၂၃ နှစ်မှ ၅၅ နှစ်အထိ ပြိုင်ပွဲဝင် အမျိုးသမီး ၃၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် Crown ဆု ၁၁ ဆု၊ Title ဆု ၁၀ ဆုတို့ကို ပေးအပ်ခဲ့ပြီးနောက် Mrs. Tourism Beauty Queen Myingyan 2018 Winner ဆုကို ခါးနံပါတ် ၁၉ မထက်ထက်ဟန်က ရရှိသည်။

ပြိုင်ပွဲမှရရှိသည့် ငွေကြေးများကို မြင်းခြံမြို့ရှိ ဘိုးဘွားရိပ်သာများနှင့် အခြားပရဟိတအသင်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မေနှင်းဆီ**

## တာချီလိတ်၌ ဆိုင်ကယ်စီး ဦးထုပ်များ အခမဲ့ပေးဝေ

**တာချီလိတ် ဧပြီ ၁၀**

၁၃၇၉ခုနှစ် မြန်မာရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အတွင်း ပြည်သူများစိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေသဘင်ပွဲတော် ဆင်နွှဲနိုင်ရန်နှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေး ယာဉ်အန္တရာယ်သတိပေး ဆိုင်းဘုတ်ဖွင့်ပွဲနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့အဝင် ဟောင်လိတ်လမ်းဆုံမီးပွိုင့်တွင် ကျင်းပကြောင်း သိရသည်။

အဆိုပါဆိုင်းဘုတ်ဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တာချီလိတ်ခရိုင်မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်မင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကြီးမြတ်သောရွှေမြင်းကုမ္ပဏီမှ ဒါရိုက်တာနှင့် အဖွဲ့ဝင်များ တက်ရောက်သည်။

ဆိုင်းဘုတ်အား ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကြီးမြတ်သောရွှေမြင်းကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်ကယ်စီးဦးထုပ်မပါသည့် မော်တော်ဆိုင်ကယ် စီးသူများအား ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀ ဖြန့်ဝေပေးကာ မေးသိုင်းကြိုးတပ်ဆင်ပေးခြင်း၊ သင်္ကြန်အကျႌ အထည် ၁၀၀ တို့ကို အခမဲ့ဖြန့်ဝေသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မှုခင်းအသိပညာပေးနှင့် မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ သတိပြုရန် နှိုးဆော်ချက်များ၊ မှုခင်းများ မဖြစ်ပွားစေရေး သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ ယာဉ်မောင်းသူများ လိုက်နာရန်များ ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အလားတူ အမှတ် (၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တာချီလိတ်ခရိုင်က မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်မောင်းသူများလိုက်နာရန် အသိပေးနှိုးဆော်ချက်များကို မြို့တွင်းလှည့်လည်ကာ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## ကယားပြည်နယ်ဝန်ကြီးချုပ် (၁၈)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ တက်ရောက်

**မယ်စဲ့ ဧပြီ ၁၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် (၁၈) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ကို ဧပြီ ၁၀ ရက် နံနက် ၆ နာရီခွဲက ပန်တိန်းကျေးရွာ ကယန်းအမျိုးသားကွင်း၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မယ်စဲ့မြို့နယ်အတွင်းမှ ကယန်းတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဦးအေရီးကို၊ ကယန်းအမျိုးသားညီညွတ်ရေးဦးဆောင်ကော်မတီ အထွေထွေအတွင်းရေးမှူး ခွန်အသန်းတို့က အမှာစကားပြောကြားပြီး သံလွင်အရှေ့ဘက်ခြမ်း ကယန်းအမျိုးသားဥက္ကဋ္ဌ ဦးလောရင်းက ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများမေ့မှိန်ပျောက်ကွယ်မှုမရှိစေရန်၊ မျိုးဆက်သစ်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ တစ်နိုင်လုံးအတိုင်းအတာဖြင့် ကယန်းအမျိုးသားနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၈) ကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်း ကယန်းအမျိုးသားနေ့ကျင်းပရေးကော်မတီမှ ဦးဒီဝမ်းက ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## တိုးချဲ့လျက်ရှိသော ရန်ကုန်–မန္တလေးကားလမ်းတစ်လျှောက် ဓာတ်တိုင်များကိုအမြန်ဆုံးရွှေ့ပြောင်းပေးသင့်

**တောင်ငူ ဧပြီ ၁၀**

နေ့စဉ်ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုအများဆုံးဖြစ်သော ရန်ကုန်-မန္တလေးကားဟောင်းကို နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ်တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ဖောက်လုပ်ပြီးသော တောင်ငူမြို့နယ် နတ်စဉ်ကုန်းကျေးရွာဝန်းကျင်တွင် ယခင်ကစိုက်ထူခဲ့သော ဓာတ်တိုင်ဟောင်းများမှာ အချိန်မီ ရွှေ့ပြောင်းနိုင်ခြင်းမရှိသည့်အတွက် ယာဉ်မောင်းနှင်သူများအတွက် ညပိုင်းရောက်လျှင် သတိထားကာမောင်းနှင်ကြရသည်ကိုတွေ့ရှိရသည်။

"လမ်းကုမ္ပဏီတွေက လေးလမ်းသွားလုပ်ငန်းကို သတ်မှတ်ကာလအမီ ဆောင်ရွက်နေကြတယ်၊ ဒါပေမယ့် ဒီဓာတ်တိုင်တွေ ရွှေ့ပြောင်းမှုမှာ ဘယ်လိုတွေ အခက်အခဲဖြစ်နေလို့ မရွှေ့နိုင်သေးတာလဲမသိဘူး၊ ဆိုင်ကယ်တွေ၊ ကားတွေအတွက် အန္တရာယ်ရှိပါတယ်"ဟု နှစ်ဆောင်ပြိုင် ကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ထို့အတူ လမ်းပိုင်းတိုးချဲ့လျက်ရှိသော ရေတာရှည်မြို့နယ် အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် လမ်းမီးတိုင်များအား အချိန်မီ ဖယ်ရှားရွှေ့ပြောင်းမှုများပြုလုပ်ပေးလျက်ရှိရာ တောင်ငူမြို့နယ်အတွင်းရှိ နတ်စင်ကုန်းကျေးရွာနှင့် ကျွန်းကုန်းကျေးရွာများ အနီးရှိ မီးတိုင်များကို အချိန်မီရွှေ့ပြောင်းပေးနိုင်ရန် ဒေသခံများက လိုလားနေကြခြင်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**မြောက်ဥက္ကလာပ**။ ။မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးသည် ဧပြီ ၅ ရက် ညပိုင်းက (က)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သင်္ကြန်ကာလ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု ပပျောက်ရေး အသိပညာပေးဟောပြောရာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **ကြေးမုံ**

**တိုက်ကြီး**။ ။ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကတိုင်စိန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးမြင့်နှင့်အဖွဲ့သည် ဧပြီ ၉ ရက် မွန်းတည့် ၁၂ နာရီက တိုက်ကြီးမြို့နယ် အထရောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်တွင် သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## သင်္ကြန်ကာလ မှုခင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ဟင်္သာတ ဧပြီ ၁၀**

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေးအတွက် သတိပြုရှောင်ကြဉ်ရမည့် မှုခင်းဆိုင်ရာ အချက်အလက်များ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုလိုက်နာစေရေးအချက်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ယာဉ်မောင်းသူများ လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးဗီနိုင်းပိုစတာများကို ဧပြီ ၁၀ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ညီ၊ မြို့မရဲစခန်းမှူးဒုရဲမှူး ခင်မောင်ထွန်းနှင့် အမှတ်(၈၄)ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်လူလူနှင့် တပ်ဖွဲ့ဝင်များက ဟင်္သာတမြို့ လူစည်ကားသည့်နေရာများတွင် လိုက်လံစိုက်ထူခဲ့ကြောင်း သိရသည်။

ယင်းနောက် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးနှင့် ယာဉ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို ပဒေသာဈေးအနီးမီးပွိုင့်တွင် ယာဉ်အသုံးပြုသူ ခရီးသွားပြည်သူများလက်ဝယ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

**ကျော်ကျော်(ပြန်/ဆက်)**



## ကော့သောင်းမြို့တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဘေးအန္တရာယ်ကင်းရှင်းစွာ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်

**ကော့သောင်း ဧပြီ ၁၀**

ပင်လယ်သဘာဝကျွန်းခရီးသွားလုပ်ငန်းဖြင့် လူသိများလာနေသည့် တနင်္သာရီတိုင်းဒေသကြီး တောင်ဘက်စွန်း ကော့သောင်းမြို့တွင် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ အခြားမြို့များနည်းတူ ကျင်းပရန် မြို့နေတာဝန်ရှိအဖွဲ့အစည်းများ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖျော်ဖြေရေး ဗဟိုမဏ္ဍပ်အပါအဝင် ရပ်ကွက်အလိုက် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ တည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ကြောင်း ဧပြီ ၁၀ ရက်က သိရသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အား ကော့သောင်းမြို့တွင် မြို့ပေါ် ၁၀ ရပ်ကွက် အပါအဝင် ကျေးလက်တောရွာများပါ မြို့လုံးအနှံ့ စည်ကားသိုက်မြိုက်စွာဆင်နွှဲကြမည်ဖြစ်ရာ ရပ်ကွက်အလိုက် ယိမ်းအကအဖွဲ့များက သင်္ကြန်အကြိုနေ့ညမှစတင်ကာ ခရိုင်နှင့်မြို့နယ်၏ ဗဟိုဆုပေးမဏ္ဍပ်တွင် အကပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး နေ့ဘက်တွင် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက ရပ်ကွက်ဖျော်ဖြေရေးမဏ္ဍပ်များတွင် လှည့်လည်သီဆိုကပြဖျော်ဖြေ ရေကစားကြမည်ဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် လူငယ်လူရွယ်များ သရုပ်ပျက်အပြုအမူများရှောင်ရှားကာ မြန်မာရိုးရာယဉ်ကျေးမှုမပျက် ရေကစားကြရေး၊ အရက်သေစာသောက်စားမူးယစ်ရမ်းကားကာ ရာဇဝတ်မှုခင်းများမဖြစ်ပေါ်ရေးအတွက် တာဝန်ရှိအဖွဲ့အစည်းများက ကြိုတင်သတိပေးမှုများ နှိုးဆော်ဆောင်ရွက်လျက်ရှိသည့်အပြင် သင်္ကြန်ရက်များအတွင်း အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် လုံခြုံရေးအလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးသဖြင့် သင်္ကြန်အားလပ်ရက်ရှည်ကာလအတွင်း ပြည်ပခရီးသွားဧည့်သည်များအပါအဝင် မြန်မာနိုင်ငံပြည်တွင်းခရီးသွားများ ကော့သောင်းမြို့အနီး သဘာဝပင်လယ်ကျွန်းများသို့ အပန်းဖြေအနားယူရန် အလည်အပတ်လာရောက်ကြလေ့ရှိရာ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပင်လယ်ပြင်လုံခြုံရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ချောင်းဦးမြို့တွင်းရှိဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ချောင်းဦး ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့ပေါ်ရပ်ကွက်များရှိ ဆေးဝါးအရောင်းဆိုင် ခုနစ်ဆိုင်သို့ ဧပြီ ၉ ရက် နံနက် ၁၁ နာရီက သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ၊ လူငယ်များ အလွဲသုံးမှု ရှိနိုင်သည့် ဆေးဝါးများရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးကာလအတွင်း လူငယ်များအနေဖြင့် ဆေးဝါးများကိုအလွဲသုံးစွဲမှုကြောင့် မလိုလားအပ်သည့်ပြဿနာများ၊ မှုခင်းများမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များရှိ ဆေးအရောင်းဆိုင်များ စစ်ဆေးရာတွင် ချောင်းဦးမြို့နယ် အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့ပေါ် ခြောက်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လိုက်ပါစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မှုခင်းအသိပညာပေး

**ကျောက်တံတား**

ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဝင်းနှင့်အဖွဲ့သည် ဧပြီ ၈ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ရာ ပြည်သူ ၂၅၀ ခန့် လာရောက်ကြည့်ရှုခဲ့သည်။

**၁၁၈**

**တွံတေး**

တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက် ၈ နာရီက မြို့မဈေး၊ မြို့လယ်ကျောက်တိုင်နှင့် ကံဘဲ့လမ်းဆုံတို့တွင် မဟာသင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားမှု မရှိစေရေးတို့အတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ပက်ကေ့ချ်များကို ကိုယ်တိုင်ဖန်တီး အသုံးပြုနိုင်မည့် မိုဘိုင်း App မြန်မာနိုင်ငံတွင် ပထမဦးဆုံး မိတ်ဆက်

**ရန်ကုန် မေ ၁၀**

မြန်မာနှစ်သစ်ကူးကို သုံးစွဲသူများနှင့်အတူ ကြိုဆိုသည့်အနေဖြင့် သုံးစွဲသူများကိုယ်တိုင် မိမိတို့အသုံးပြုလိုသော ပမာဏအပေါ် မူတည်ပြီး ပက်ကေ့ချ်များကို ဖန်တီးရယူ အသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော မိုဘိုင်းအပလီကေးရှင်း Telenor FlexiPlan ကို တယ်လီနောက မိတ်ဆက်ပေးလိုက်ကြောင်း သိရသည်။

တယ်လီနော ကြိုတင်ငွေဖြည့်စနစ်သုံး ဖုန်းသုံးစွဲသူများအနေဖြင့် မိမိသုံးစွဲလိုသည့်ပမာဏအတိုင်း ဖုန်းခေါ်ဆိုမှု၊ စာတိုပေးပို့မှု၊ အင်တာနက်အသုံးပြုမှုနှင့် သုံးစွဲနိုင်သော သက်တမ်းတို့ကို ကိုယ်တိုင်ချိန်ဆရွေးချယ်ပြီး မိမိနှင့် အသင့်တော်ဆုံး ပက်ကေ့ချ်ကို ဖန်တီးအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး Telenor FlexiPlan အပလီကေးရှင်းကို ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အသုံးပြုသူများအနေဖြင့် အခြေခံဈေးနှုန်းများနှင့် ယှဉ် လျှင် လျှော့ဈေး ၈၀ ရာခိုင်နှုန်းထိ ခံစားခွင့်ရရှိနိုင်ပြီး အခြားအသုံးပြုသူများကိုလည်း ဒေတာပက်ကေ့ချ်လက်ဆောင်များ ပေးအပ်နိုင်မည့် လုပ်ဆောင်ချက်အသစ်လည်း ပါဝင်သည်ဟုဆိုသည်။

"ပျော်စရာကောင်းလှတဲ့ သင်္ကြန်ပွဲတော်လည်း နီးလာတဲ့အလျောက် တယ်လီနောရဲ့ ဝန်ဆောင်မှုတွေကို သုံးစွဲသူတွေအားလုံး အကျိုးရှိရှိနဲ့ အားရပါးရ အသုံးပြုနိုင်စေဖို့ စိတ်အားထက်သန်ခဲ့ပါတယ်၊ တယ်လီနော သုံးစွဲသူတွေမှာ ဝန်ဆောင်မှုတွေကို သုံးစွဲတဲ့ ပုံစံအမျိုးမျိုးရှိကြတဲ့အတွက် မိမိစိတ်ကြိုက် ပြင်ဆင်ပြောင်းလဲနိုင်မယ့် ဒီမိုဘိုင်း အပလီကေးရှင်းအသစ်ကို မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်၊ ဒီ Telenor FlexiPlan ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ တယ်လီနော သုံးစွဲသူတွေ အကောင်းဆုံးအတွေ့အကြုံကို ခံစားရရှိနိုင်ဖို့အတွက် ဝန်ဆောင်မှုတွေ တိုးတက်လာအောင် ဆက်လက်ကြိုးပမ်းနေတယ်ဆိုတာ အထင်အရှား သိနိုင်တယ်လို့ ယုံကြည်မိပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားခဲ့သည်။

ယခုကဲ့သို့သော အပလီကေးရှင်းအမျိုးအစားတွင် မြန်မာ့ပထမဆုံးဖြစ်သည့် Telenor FlexiPlan ကို Google Play Store၊ App Store နှင့် web-link တို့တွင် ရယူနိုင်မည်ဖြစ်ပြီး အပလီကေးရှင်းကို Download ရယူရာတွင် လည်းကောင်း၊ ပက်ကေ့ချ်များကို ဖန်တီးပြုလုပ်နေချိန်တွင် လည်းကောင်း ဒေတာအသုံးပြုမှုမှာ အခမဲ့ဖြစ်သည်။ အပလီကေးရှင်းမှ ဝယ်ယူထားသော စာတိုပို့ အသုံးပြုမှုသည် တယ်လီနောအချင်းချင်းအတွက်သာဖြစ်ပြီး ပက်ကေ့ချ်သက်တမ်း ကုန်ဆုံးသည့်နောက်တွင်လည်း ထပ်မံသက်တမ်းတိုးရန်လိုအပ်သည်ဟု သိရသည်။

**စာဏီ**







## အာကာသတွင် ၂၀၂၂ ခုနှစ်၌ ဧည့်သည်များစတင်လက်ခံနိုင်တော့မည်

Aurora Station အမည်ရသော အာကာသတွင်းတည်ဆောက်ထားသည့် ဟိုတယ်တွင် လာမည့် ၂၀၂၂ ခုနှစ်၌ ဧည့်သည်များစတင် လက်ခံတော့မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဟိုတယ်တွင် ခရီးသွားဧည့်သည်လေးဦးနှင့် ဝန်ထမ်းနှစ်ဦး အပါအဝင် ခြောက်ဦးသာ နေထိုင်နိုင်မည်ဖြစ်ကာ တစ်ကြိမ်တည်းခိုလျှင် အာကာသအတွင်း ၁၂ ရက်ကြာ လှည့်လည်ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

အာကာသဟိုတယ်မှာ အရွယ်အားဖြင့် မကြီးမားဘဲ ၃၅ ပေအရွယ်သာရှိပြီး အတွင်း၌ဧည့်သည်များအတွက် လုံလောက်သော ဝန်ဆောင်မှုစနစ်များပါဝင်မည်ဖြစ်သည်။ ၎င်းအာကာသဟိုတယ်တွင် တည်းခိုမည်ဆိုပါက ကမ္ဘာမြေတွင် အာကာသခရီးသွားခြင်းဆိုင်ရာများကို သုံးလကြာသင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး ဆွဲငင်အားမရှိသည့် ပတ်ဝန်းကျင်တွင် နေထိုင်မှုနှင့် အာကာသတွင်း လှည့်လည်ခရီးသွားခြင်းဆိုင်ရာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသဟိုတယ်ကို Orion Span အမည်ရအမေရိကန်ကုမ္ပဏီတစ်ခုက ဖန်တီးထားခြင်းဖြစ်ပြီး တည်းခိုခနှင့် အာကာသဟိုတယ်သို့ အသွားအပြန်ယာဉ်စီးနင်းခအပါအဝင် လူတစ်ဦးအတွက် ကုန်ကျစရိတ်မှာ ဒေါ်လာ ၉ ဒသမ ၅ သန်း ကျသင့်မည်ဖြစ်ကာ အွန်လိုင်းမှလည်း ဒေါ်လာ ရှစ်သောင်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်သည်ဟု သိရသည်။

သတ်မှတ်ထားသည့် ဈေးနှုန်းအရ အဆိုပါ အာကာသဟိုတယ်တွင်တည်းခိုရန် ငွေကြေးချမ်းသာသည့်လူများသည်ပင် မိသားစုလိုက်သွားနိုင်ရန် အခက်အခဲရှိနေပြီး ၎င်းခရီးအတွက်စိတ်ဝင်စားမှုများရှိနေသော်လည်း ယခုအချိန်ထိ ကြိုတင်စာရင်းပေးသွင်းခြင်းမျိုး ရှိမလာသေးကြောင်းသိရသည်။

ALEX

## သာမန်ဒရုန်းများထက် လေးဆပိုမိုမြန်ဆန်သည့် ဒရုန်းများဖြင့် ကုန်စည်များပို့ဆောင်မည်




အမေရိကန်တွင် ဒရုန်းများအသုံးပြုကာ စီးပွားဖြစ်နှင့် အစိုးရနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများအတွက် ကုန်ပစ္စည်းပို့ဆောင်ခြင်းများ ပြုလုပ်ရန် အစီအစဉ်တစ်ခုကို အမေရိကန် လေကြောင်းဦးစီးဌာနက ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခင်ကအမေရိကန်တွင် စီးပွားဖြစ် ဒရုန်းအသုံးပြုမှုကို ဥပဒေတစ်ရပ်ပြဌာန်းကာ ထိန်းချုပ်ထားပြီး လုံခြုံရေးအရ စီးပွားဖြစ် ဒရုန်းအသုံးပြုမှုကို ပိတ်ပင်ထားခြင်းများရှိခဲ့သည်။

ယခုအခါစီးပွားဖြစ်ဒရုန်းအသုံးပြုမှုအတွက် ဥပဒေပြဌာန်းကာ အသုံးပြုခွင့်ပေးတော့မည်ဖြစ်ပြီး အဆိုပါစမ်းသပ်မှုများအတွက် ဒရုန်းကုမ္ပဏီများကို Unmanned Aircraft System Integration Pilot အစီအစဉ်တွင် ပါဝင်ရန်ရွေးချယ်လျက်ရှိကြောင်းသိရသည်။ အဆိုပါ ရွေးချယ်မှုများတွင် Zipline ကုမ္ပဏီလည်းပါဝင်ကာ ၎င်းတို့ထုတ်လုပ်ထားသော ဒရုန်းတစ်မျိုးမှာ အခြားဒရုန်းများထက် ပိုမိုမြန်ဆန်ပြီး အမြန်ဆုံးဒရုန်းဟု သတ်မှတ်ခြင်းခံထားရသည်ဟု သိရသည်။

၎င်းဒရုန်းတွင် အတောင်ပံများပါဝင်ပြီး တစ်နာရီလျှင် ၁၆၀ ကီလိုမီတာအမြန်နှုန်းဖြင့်ပျံသန်းနိုင်ကာ တစ်ကြိမ်လျှင် လေးပေါင်ရှိသော အလေးချိန်ကို သယ်ဆောင်နိုင်ကြောင်းသိရသည်။ တစ်ရက်လျှင် အကြိမ်ငါးရာခန့်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းပြုလုပ်နိုင်ပြီး အခြားဒရုန်းများထက် အဆနှစ်ရာပိုမိုသည့် အကွာအဝေးအထိ ပျံသန်းနိုင်သည်ဟုဆိုသည်။ အနာဂတ်တွင် စီးပွားဖြစ်ဒရုန်းအသုံးပြုမှုများကို အမေရိကန်တွင် ခွင့်ပြုပေးတော့မည်ဖြစ်ရာ အရည်အသွေးနှင့် နည်းပညာမြင့်မားသည့် ဒရုန်းလုပ်ငန်းများအတွက် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများတွင် ပါဝင်လာနိုင်ဖွယ်ရှိကာ ဒရုန်းဈေးကွက်သစ်တစ်ခု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသောကြောင့် ဒရုန်းထုတ်လုပ်သူအများစုက စိတ်ဝင်စားလျက်ရှိနေကြကြောင်းသိရသည်။

**စာဏီ**

## သင်္ကြန်အကြို ပါဝါအိတ်ဇောတပ်မော်တော်ဆိုင်ကယ်များဖမ်းဆီး

**မန္တလေး မေ ၁၀**

မဟာသင်္ကြန်ကာလ ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၏အနီးကပ်ကြီးကြပ်မှုဖြင့် မန္တလေးခရိုင်နယ်မြေအတွင်း စီမံချက်ချဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၉ ရက် ည ၈ နာရီမှ ၁၂ နာရီအတွင်းအောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့် ၆၆ လမ်းဆုံတွင် အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးရဲလွင်ဦးစီးတပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ၁၉ လမ်းနှင့် ၆၆ လမ်းဆုံတွင် အမှတ်(၁၄)ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးသိန်းသန်းစောဦးစီးနယ်မြေရဲတပ်ဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း နှင့် ၆၆ လမ်းဆုံတွင် အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်အောင်ကျော်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့မနှင့်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ပါဝါအိတ်ဇောတပ်ထားသော ဆိုင်ကယ်များအား စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်းဆင်း

**မြင်းခြံ မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ နာရီစင်အနီးနှင့် ၁၂ မုခ်ကိုးဆောင်ကျောင်းတိုက်အတွင်းရှိ အဖြူရောင်လက်များ ပရဟိတအသင်းတွင် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်း ဆင်းပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည် ။

အဆိုပါ နိုင်ငံတကာအဆင့်မီအရေးပေါ် အသက်ကယ်သင်တန်းဆင်းပွဲတွင် ပရဟိတအသင်းများမှ လူငယ်မောင်မယ်များအနေဖြင့် အရေးပေါ်အခြေအနေ အန္တရာယ်တစ်စုံတစ်ရာပေါ်ပေါက်၍ ကူညီကယ်ဆယ်ရာတွင် ဆေးရုံသို့ မပို့ဆောင်မီ လူနာ၏အခြေအနေကိုစမ်းသပ်ခြင်း၊ ချောက်အတွင်းပြုတ်ကျသောလူနာကို ရှာဖွေကယ်ဆယ်ခြင်း၊ လူနာကိုသယ်ဆောင်ရာတွင် နည်းစနစ်ကျကျသယ်ဆောင်ခြင်း စသည်များကို စာတွေ့လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။

နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းကို အဖြူရောင်လက်များ ပရဟိတအသင်းက ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပရဟိတအသင်းသား ၇၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ခုနစ်ရက်ကြာမြင့်ကာ သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူအသီးသီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**ပုလဲ ဧပြီ ၁၀**

လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲရတနာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့်အဖွဲ့သည် ဧပြီ ၂ ရက်မှ ၉ ရက်အထိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျေးလက်လမ်း အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေး၊ ကျောင်းအဆင့်တိုးရရှိရေး၊ ကျောင်းဆောင်သစ်များရရှိရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲများရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျေးလက်လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ချပြရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန် အပန်းဖြေဆင်စခန်းသုံးခု ဖွင့်လှစ်ပြီးစီး

**မန္တလေး ဧပြီ ၁၀**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခရီးသွားလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် အပန်းဖြေဆင်စခန်းသုံးခု ဖွင့်လှစ်ပြီးစီးကြောင်း သိရသည်။

အဆိုပါ အပန်းဖြေဆင်စခန်းများမှာ ပြင်ဦးလွင်မြို့နယ် ဗိုက်ကားရေတံခွန်အနီးရှိ ဒီးဒုတ်အပန်းဖြေဆင်စခန်း၊ ပြင်ဦးလွင်မြို့နယ် ဝါးနက်ကျေးရွာအနီးရှိ ဝါးနက်ဆင်စခန်း၊ ညောင်ဦးမြို့နယ် ပလင်းအနောက်ကျေးရွာအနီးရှိ ပလင်းကမ်းသာယာဆင်စခန်းတို့အား ယခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

အပန်းဖြေဆင်စခန်းသုံးခုလုံးတွင် ဆင်ခြောက်ကောင်စီဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကာ ဆင်စီးခမှာ ပြည်တွင်းခရီးသွားတစ်ဦးလျှင် ကျပ် ၃၀၀၀ ဖြစ်ပြီး ပြည်ပခရီးသွားတစ်ဦးလျှင် ကျပ် ၂၀၀၀၀ ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ ဆင်စခန်းသို့ လာရောက်အပန်းဖြေသူများအနေဖြင့် ဆင်စီးတာ၊ ဆင်တွေနဲ့ ဓာတ်ပုံရိုက်တာ၊ ဆင်လေးတွေ ဘောလုံးကန်ပြတာ၊ ဆင်တွေရေချတာ၊ ဆင်တွေခြေထောက်တစ်ဖက် ထောင်ပြတာတွေ၊ ဆင်တွေရဲ့ သဘောသဘာဝကို အနီးကပ်လေ့လာတာတွေ အစရှိတာတွေကို လာရောက်လည် ပတ်တဲ့သူတွေကို ဝန်ဆောင်မှုပေးပါတယ်" ဟု ဝါးနက်ဆင်စခန်းမှ တာဝန်ခံကိုစောအေးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး သစ်လုပ်ငန်းဦးစီးဌာနမှ တိုင်းမန်နေဂျာ ဦးအောင်မြင့်ဌေးက ဆင်စခန်းများကို မြန်မာ့သစ်လုပ်ငန်းများမှ ဆင်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေမှုအား ပြည်တွင်း၊ ပြည်ပခရီးသွား လေ့လာနိုင်စေရန်၊ ဆင်စခန်းများအနီးရှိ ကျေးရွာများမှ ဒေသခံများ ဆင်စခန်းကိုအမှီပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အစရှိသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြင်ဦးလွင်မြို့နယ် ဆင်စခန်းများမှ ဆင်များသည် မန္တလေးဖောင်ဖွဲ့ရေးဒေသမှ ဆင်များကို အသုံးပြုထားကာ ပလင်းကမ်းသာယာဆင်စခန်းမှ ဆင်များသည် ချင်းတွင်းဖောင်ဖွဲ့ရေးဒေသအောက်မှ ညောင်ဦးဖောင်ဖွဲ့ရေးနယ်က ဆင်များဖြင့် အသုံးပြုထားကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယခုနှစ် ဧပြီ ၇ ရက်ထိ အပန်းဖြေဆင်စခန်းသုံးခုဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်တွင်းခရီးသွား အများဆုံးလာရောက်ကြ၍ ပြည်ပခရီးသွားများ စိတ်ဝင်စားမှုရှိသော်လည်း လာရောက်မှု နည်းပါးသေးကြောင်းသိရသည်။

ပြည်ပခရီးသွားများသည် ဆင်စခန်း(သို့) ဆင်စခန်း အနီးနားတွင် တည်းခိုကာ ကောင်းစွာနားနေနိုင်မည့် ဟိုတယ်များ၊ Inn များ စသည့်တို့ရှိရန် လိုအပ်ကြောင်း၊ ဆင်စခန်းများမှ ဆင်များအား ထိုင်းနိုင်ငံမှ ဆင်များကဲ့သို့ စိတ်ဝင်စားဖွယ် ဆွဲဆောင်မည့် ပြကွက်များနှင့် အခြားအစီအစဉ်များလိုအပ်ကြောင်း ခရီးသွားဧည့်လမ်းညွှန်ကိုဉာဏ်လွင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်ထိ ဆင်စခန်း စုစုပေါင်း သုံးခု ဖွင့်လှစ်ထားပြီးဖြစ်ရာ အဆိုပါ ဆင်စခန်းများသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ကျိုက်မော်ဝန်း ရေလယ်ဘုရား၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်း ရေလယ်ဘုရားသည် မိုးတွင်းအခါတွင် ဘုရားဖူးပြည်သူများ လာရောက်မှုနည်းပါးသော်လည်း နွေအခါနှင့် ဆောင်းတွင်းအခါများတွင် ဘုရားဖူးပြည်သူများ အလွန်များပြားသောကြောင့် ရေလယ်ဘုရားသို့ ပို့ဆောင်နေကြသော ရေယာဉ်လုပ်သားများအတွက် နေ့စဉ် အပိုဝင်ငွေ တိုးပွားလျက်ရှိကြောင်း ရေယာဉ်လုပ်သား ဦးခင်မောင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေကျင်၌ တီဘီရောဂါအကြောင်း အသိပညာပေး

**ရွှေကျင် ဧပြီ ၁၀**

မြန်မာနိုင်ငံ ကျန်းမာရေးမျှူးအသင်းနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သောင်လယ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ မြို့နယ်ကျန်းမာရေးဌာနမှ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်လွင်လွင်အေးက တီဘီရောဂါအကြောင်းနှင့် မိမိတို့အကူအညီပေးနိုင်သည့်အကြောင်းများ၊ မြန်မာနိုင်ငံ ကျန်းမာရေးမျှူးအသင်း လူထုအခြေပြုဘက်စုံကျန်းမာရေးစောင့်ရှောက်မှုစီမံချက် အရာရှိ ဦးသက်ဝေထွန်းက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အကြောင်းနှင့် မိမိတို့စီမံချက်၏လုပ်ငန်းစဉ်များအကြောင်းတို့ကို ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျေးရွာသားဖွားဆရာမ ဒေါ်နီနီဝင်းနှင့် ကျေးရွာအတွင်းရှိ ပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး တီဘီရောဂါနှင့်ပတ်သက်သော သိလိုသည့် မေးမြန်းချက်များကို မေးမြန်းရာ စီမံချက်အရာရှိ ဦးသက်ဝေထွန်းက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




# ဝက်လက်မြို့၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ဝက်လက် ဧပြီ ၁၀**

ဆေးရောင်ခြယ်ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းနှင့် မိခင်နှင့် ကလေးမူကြိုတို့မှ သားသား၊ မီးမီးများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွှေဘိုခရိုင် မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာဝင်းက ပြိုင်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ပြန်/ဆက်)**

# မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲနှင့် မြေဆီလွှာအာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းပေးအပ်ပွဲ ကျင်းပ

**ဇလွန် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲနှင့် မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးခြင်း မှတ်တမ်းပေးအပ်ပွဲ အခမ်းအနားကို ဇော်ဂျီကွင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးခြင်း လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဟင်္သာတခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်ညွှန့်ညွှန့်ဆွေက မြေဆီလွှာ အာဟာရဓာတ်စစ်ဆေးရာတွင် မြေဆီလွှာတွင် ပါဝင်သည့် အချဉ်၊ အငန်ဓာတ်အခြေအနေ၊ နိုက်ထရိုဂျင်ဓာတ်အခြေအနေ၊ ဖော့စဖိတ်ဓာတ်အခြေအနေများကို မြေဆီလွှာစစ်ဆေးရေး ဓာတ်ခွဲသေတ္တာဖြင့် တက်ရောက်လာသော တောင်သူများအား စစ်ဆေးသရုပ်ပြခဲ့သည်။

ယင်းနောက် ဇော်ဂျီကွင်းကျေးရွာအုပ်စု၊ ကျုံအီကျေးရွာအုပ်စုနှင့် ကျုံရှကျေးရွာအုပ်စုများ၏ မြေဆီလွှာ အာဟာရဓာတ် စစ်ဆေးပြီးစီးသည့် ၃၈၉ နေရာမှ တောင်သူ ၄၆၁၄ ဦးအား မြေနမူနာစစ်ဆေးခြင်းမှတ်တမ်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်းနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့သည်။

ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေဆီလွှာ အာဟာရဓာတ် စစ်ဆေးရာတွင် မိုးစပါး၊ ရေတော်မိုးတော် ဧက ၅၅၉၉၀ တွင် မြေနမူနာ ၁၁၂၃ နေရာအား ဆောင်ရွက်မည်ဖြစ်ရာ မတ်လမှ မေလအထိ နေရာ ၃၄၀ အား ဆောင်ရွက်ရန် လျာထားခဲ့ရာ ယနေ့အထိ ၃၈၉ နေရာအား ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ရီရီမြင့်၏ ပြောကြားချက်အရ သိရသည်။

**ဝေယံ(ပြန်/ဆက်)**



# မိုင်းဖြတ်မြို့နယ်၌ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ဖော်ဆောင်ရေး ဆွေးနွေး

**မိုင်းဖြတ် ဧပြီ ၁၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှုဓလေ့များကို မြတ်နိုး တန်ဖိုးထားလာစေရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ ဖော်ဆောင်ရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များ ပြုစုထိန်းသိမ်းနိုင်ရေး၊ လူထုအခြေပြုဗဟိုဌာနကို အဆင့်မြှင့်တင်နိုင်ရေး စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းကျော်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဖြူဖြူထွန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှု ကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရှောလမွန်(ပြန်/ဆက်)**

# မော်လမြိုင်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဧပြီ ၁၀**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ World Vision အဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက တောင်းရမ်းစားသောက်သည့် ကလေးငယ်များကို မိဘများအား အသိပညာပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာပေးရန်၊ ကလေးသူငယ်များကို ကလေးအခွင့်အရေးအပြင် လိုက်နာရမည့် စည်းကမ်းများကိုပါ အသိပညာပေးရှင်းပြရန်၊ ကလေးပြဿနာ ပေါ်လာလျှင် အတတ်နိုင်ဆုံး မိဘများကို အသိပညာပေးရန်နှင့် ဝန်ခံကတိများ လက်မှတ်ရေးထိုးရန်၊ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို သက်ဆိုင်ရာအလိုက် ပူးပေါင်းဆောင်ရွက်ကြရန်၊ ဥပဒေနှင့် ဆက်နွှယ်နေသော ကလေးသူငယ်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်၊ စီမံချက် ပရောဂျက်များရေးဆွဲရာတွင် တောင်းရမ်းစားသောက်သူ ကလေးသူငယ်များနှင့် စေခိုင်းသူ မိဘအုပ်ထိန်းသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ရေးအတွက် နည်းလမ်းများ ထည့်သွင်းရေးဆွဲကြရန်လိုကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်နေရ

**ငါ့သရောက် ဧပြီ ၁၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်က ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ BAJ အဖွဲ့တို့ပူးပေါင်း၍ တူးဖော်ပေးခဲ့သည့် ခြောက်လက်မ အဝီစိစက်ရေတွင်းမှာ ဧပြီ ၁ ရက်က တွင်းအောက်ပိုင်း ချွတ်ယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့၍ ရေထွက်အားနည်းကာ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်မှုမရှိတော့ဘဲ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာမှ ဒေသခံပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာမှာ အခုလို နွေရာသီရောက်ပြီဆိုရင် ဒေသခံပြည်သူတွေဟာ ကျေးရွာမှာ ၂၀၀၀ ပြည့်နှစ်က ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နဲ့ ဂျပန်နိုင်ငံ BAJ အဖွဲ့တို့ ပူးပေါင်းပြီး တူးဖော်ပေးခဲ့တဲ့ ခြောက်လက်မ အဝီစိစက်ရေတွင်းကို သောက်သုံးရေအတွက် မှီခိုအားထား အသုံးပြုနေရတာပါ၊ အဲဒီစက်ရေတွင်းက ရေထွက်အားကလည်း တစ်နာရီကို ရေဂါလန် ၁၃၀၀ ခန့် ထွက်ရှိလို့ ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၃၁၇ အိမ်က လူဦးရေ ၁၈၀၀ ခန့်အတွက် သောက်သုံးရေ ဖူလုံစွာ သုံးစွဲခွင့်ရရှိစေပါတယ်၊ အခုတော့ အဲဒီစက်ရေတွင်းက ဧပြီ ၁ ရက်က တွင်းအောက်ပိုင်း ချွတ်ယွင်းပျက်စီးမှုဖြစ်ခဲ့ပြီး ရေထွက်အားက တစ်နာရီကို ရေဂါလန် ၄၀၀ ခန့်သာ ထွက်ရှိပါတော့တယ်၊ ရေထွက်အား သိသိသာသာ ကျဆင်းသွားတဲ့အတွက် ဒေသခံပြည်သူတွေ သောက်သုံးရေ လုံလောက်မှု မရှိတော့ပါဘူး၊ အဲဒါကြောင့် ကျေးလက်နေပြည်သူတွေ သောက်သုံးရေအတွက် မှီခိုအားထားပြုနေရတဲ့ ခြောက်လက်မ အဝီစိစက်ရေတွင်းကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်"ဟု ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာမှ ဒေသခံပြည်သူ ဦးထွန်းလင်းက ပြောသည်။

ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေ(ဒုတိယညွှန်ကြားရေးမှူး)နှင့် ညောင်ဦးမြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိအဖွဲ့သည် ဧပြီ ၉ ရက်က ကျေးရွာသို့ လာရောက်ပြီး စက်ရေတွင်း ချွတ်ယွင်းပျက်စီးမှု



နှင့်ပတ်သက်ပြီး မေးမြန်းခဲ့ကြကာ အဆိုပါ ချွတ်ယွင်းပျက်စီးခဲ့သည့် အဝီစိစက်ရေတွင်းကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဆောင်းစိုက်ကြက်သွန်နီများ ဈေးကောင်းမရ၍ တောင်သူများအခက်ကြုံ

**ရေစကြို ဧပြီ ၁၀**
ယခုနှစ် ကြက်သွန်နီဈေးကွက်သည် မကြုံစဖူး ဈေးနှုန်းမြင့်မားခဲ့ပြီး ယခုဆောင်းစိုက် ကြက်သွန်နီများမှာ အရည်အသွေး၊ အရွယ်အစားကောင်းကောင်းဖြင့် ဈေးကွက်သို့ ဝင်ရောက်လာချိန်တွင် ဈေးနှုန်းများ ကျဆင်းနေပြီး ဈေးကောင်းမရသည့်အတွက် ကြက်သွန်စိုက်တောင်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

"အခုနှစ် ကြက်သွန်နီဈေးနှုန်းကတော့ စံချိန်တင်တဲ့နှစ်လို့တောင် ပြောရမလို အတက်အကျကလည်း မြန်တယ်၊ ဇူလိုင်လနဲ့ ဩဂုတ်လမှာစိုက်တဲ့ ကြက်သွန်နီတွေ ပေါ်ခါစ နိုဝင်ဘာလမှာ ကြက်သွန်နီဈေးနှုန်းက တစ်ပိဿာ ငွေကျပ် ၂၅၀၀ နဲ့အထက် ဈေးပွင့်သွားတယ်၊ ဈေးတွေမှာ လက်လီဈေးက တစ်ပိဿာ ကျပ် ၄၀၀၀ နဲ့အထက် ဖြစ်သွားတယ်၊ ကျွန်တော် ကြက်သွန်နီ ဝယ်၊ ရောင်းလုပ်လာတဲ့ နှစ်နှစ်ဆယ်အတွင်း ကြက်သွန်နီဈေးက စံချိန်တင်တက်ခဲ့တယ်၊ အခုဈေးကွက်အတွင်း ရောက်ရှိလာတဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာမှာစိုက်တဲ့ ဆောင်းကြက်သွန်နီဟာ တစ်ပိဿာ ကျပ် ၅၀၀ ဈေးဝန်းကျင်ပဲ ဖြစ်နေတယ်၊ ကြက်သွန်က အလုံးလည်းကြီး၊ အရည်အသွေးကလည်း အရင်နှစ်တွေကထက် ကောင်းတယ်၊ ဒါပေမယ့် ဈေးနှုန်းကတော့ ထုံးစံဈေးလို ဖြစ်နေတယ်"ဟု ကြက်သွန်နီပွဲစား ဦးစန်းယုက ပြောသည်။



"ကျွန်တော်တို့ အခုလာရောင်းတဲ့ ကြက်သွန်နီတွေက အလုံးလည်းကြီး၊ အရောင်လည်းကောင်း၊ အရည်အသွေးက ပြောစရာမရှိဘူး၊ ဒါပေမယ့် ရောင်းရတဲ့ဈေးက တစ်ပိဿာ ကျပ် ၅၁၀ ပဲရတယ်ဆိုတော့ လုပ်အားခတွေ၊ ရင်းနှီးစရိတ်တွေ စတဲ့ ကုန်ကျစရိတ်နဲ့ တွက်လိုက်ရင် အမြတ်နည်းတော့ ကျွန်တော်တို့ တောင်သူတွေမှာ အခက်အခဲတွေနဲ့ ကြုံနေကြရပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# တာချီလိတ်မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်ယိမ်းပြိုင်ပွဲများနှင့်အတူ သင်္ကြန်မယ်ရွေးချယ်၍ စည်ကားစွာကျင်းပမည်

**တာချီလိတ် ဧပြီ ၁၀**
၁၃၇၉ ခုနှစ် တာချီလိတ်မြို့ မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ဌာနဆိုင်ရာများ၊ တပ်နယ်၊ ရပ်ကွက်များနှင့် လူမှုရေးအသင်းအဖွဲ့များက မဏ္ဍပ်များဆောက်လုပ်ကာ ယိမ်းပြိုင်ပွဲများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ် ၁၀ ခု တည်ဆောက်နေပြီး ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအဖွဲ့ ၁၉ ဖွဲ့က ညစဉ် ယှဉ်ပြိုင်ကာ သင်္ကြန်နှင့်လိုက်ဖက်သည့် သင်္ကြန်အလှမယ်အား ပြိုင်ပွဲဝင်အသင်းများမှ ယှဉ်ပြိုင်သူတစ်ဦးကို ရွေးချယ်မည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့မှစတင်၍ ယိမ်းအဖွဲ့များ ညစဉ် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆုရ ယိမ်းအဖွဲ့အား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ် လေးသိန်း၊ တတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ် သုံးသိန်းနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ငွေကျပ် တစ်သိန်းစီနှင့် သင်္ကြန်မယ်ဆုရရှိသူအား ငွေကျပ် သုံးသိန်း ချီးမြှင့်ပေးအပ်မည် ဖြစ်သည်။

အဆိုပါ တာချီလိတ်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်မယ်ရွေးချယ်မှုမှာ လေးကြိမ်မြောက်ရွေးချယ်ခြင်းဖြစ်ပြီး ကပြမှုကောင်းမွန်ခြင်း၊ သင်္ကြန်နှင့်လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှု၊ ကိုယ်ခန္ဓာအချိုးကျမှု၊ မျက်နှာအမူအရာကောင်းမွန်မှု စသည့်အချက်များအပေါ် အခြေခံကာ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မောင်တောဒေသ ပြန်လည်လက်ခံရေးစခန်းနှစ်ခုတွင် အသုံးပြုရန် မီးစက်နှစ်လုံးဝယ်ယူရေး အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောဒေသ တောင်ပြိုလက်ဝဲနှင့် ငါးခူရပြန်လည်လက်ခံရေးစခန်းနှစ်ခုတွင် အသုံးပြုရန် ၂၀ ကေဗွီအေ မီးစက်နှစ်လုံး ဝယ်ယူရေးအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်လည်လက်ခံရေးစခန်းများဖြစ်ကြသည့် တောင်ပြိုလက်ဝဲနှင့် ငါးခူရစခန်းများတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့၏ ညှိနှိုင်းစီစဉ်မှုများအရ

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ☆**



# မန္တလေးမြို့ လမ်းလျှောက်သင်္ကြန်နှင့် တောသင်္ကြန်ကို ဆန်းသစ်သော အခင်းအကျင်းများဖြင့် ကျင်းပရန် ပြင်ဆင်

**မန္တလေး မေ ၁၀**

ယခုနှစ်မန္တလေးမြို့ အတာရေသဘင်ပွဲတော်တွင် ဆန်းသစ်သော တီထွင်ဖန်တီးမှုများဖြင့် ထည့်သွင်းကျင်းပမည့် လမ်းလျှောက်သင်္ကြန်နှင့် တောသင်္ကြန် ညပိုင်းဈေးရောင်းပွဲတော် အစီအစဉ်အတွက် ကြိုတင်ခင်းကျင်းပြင်ဆင်မှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အဆိုပါပွဲတော် အစီအစဉ်များအနက် ကျုံးတောင်ဘက်ခြမ်းတွင်ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် အထိမ်းအမှတ် မုခ်ဦးများကို (၆၆)လမ်းနှင့် (၇၈) လမ်းထိပ်တို့တွင် စိုက်ထူပြီးစီးနေပြီး အဆိုပါပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များကို စတင်ဆောက်လုပ်လျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖြစ် နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲနိုင်သည့် ရေကစားမဏ္ဍပ်များနှင့် ရိုးရာအစားအစာ စတုဒိသာ မဏ္ဍပ်များကိုလည်း ဆောက်လျက်ရှိကြောင်း၊ အတိတ်သင်္ကြန်ပုံရိပ်အဖြစ် ရေစိုခံကာတွန်းပြပွဲကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးသင်္ကြန်ပွဲတော်ကို အခြေပြု၍ ရိုးရာအစားအစာနှင့် မြန်မာ့ယဉ်ကျေးမှုကို တွဲဖက်ဖော်ထုတ်ကာ ခရီးသွားများကို ဆွဲဆောင်နိုင်စေရန် မန္တလေးအမှတ်တံဆိပ် ဒေသထွက်ကုန်များနှင့် ဆံရစ်ဝိုင်းမိန်းမပျိုလေးများ ပူးပေါင်းပါဝင်သည့် အစီအစဉ်ကို ထည့်သွင်းထားကြောင်း သိရသည်။ “ဒီအစီအစဉ်မှာ မုန့်လုံးရေပေါ်လုံးတဲ့ နေရာမျိုးတွေမှာ အတူတကွ လုံးနိုင်အောင် ဆောင်ရွက်ထားတယ်၊ ဆံရစ်ဝိုင်းမိန်းကလေးတွေနဲ့ အမှတ်တရ ဓာတ်ပုံတွဲရိုက်နိုင်အောင် စီစဉ်ထားတယ်၊ နိုင်ငံခြားသားခရီးသွားတွေရဲ့ ထူးခြားချက်က ရောက်ရှိရာ နိုင်ငံရဲ့ရိုးရာအစားအစာတွေကို မြည်းစမ်းကြတယ်၊ ဒါ့အပြင် အတူတကွ ပူးပေါင်းပါဝင် ချက်ပြုတ်ပြီးစားသောက်ကြတယ်၊ ဒီအစီအစဉ်ကို အခုသင်္ကြန်မှာ ထည့်သွင်းထားတယ်”ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲ (မန္တလေးရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

မန္တလေးမြို့၌ ကျင်းပမည့်သင်္ကြန်ပွဲတော်တွင် ဒေသခံပြည်သူများသာမက နိုင်ငံတကာခရီးသွားများပါ နေ့ရောညပါ ပျော်ရွှင်စွာ လည်ပတ်နိုင်စေရန်အတွက် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပသည့် တောသင်္ကြန်ညပိုင်းဈေးရောင်းပွဲတော်အစီအစဉ်ကို (၆၆)လမ်း၊ လမ်း(၂၀)မှ (၂၅) လမ်းကြားတွင် ဆောင်ရွက်ထားရှိသည်။ ယင်းအစီအစဉ်တွင် ရိုးရာအစားအစာနှင့် အမှတ်တရပစ္စည်းများကို ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအထိ ရောင်းချနိုင်ရန် ၁၀ ပေ ပတ်လည် ဆိုင်ခန်းပေါင်း ၁၈၀ ကိုလည်း အခမဲ့ထည့်သွင်းပေးထားပြီး ပိတ်ကားထောင်ရုပ်ရှင်၊ ရုပ်ကြီးစင်၊ ကျောက်ဆည်ဆင်အကနှင့် ခြင်းအလှခတ်ပွဲများလည်း ပါဝင်ကြောင်းသိရသည်။ လက်ရှိ မန္တလေးမြို့၏ သင်္ကြန်အကြိုကာလတွင် ကျုံးပတ်လည်၌ ဆောက်လုပ်လျက်ရှိသော ပုဂ္ဂလိကဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ကြီးများမှ ၎င်းတို့မဏ္ဍပ်များတွင် ပျော်ရွှင်စွာလာရောက်ရေကစားကြရန် ဖိတ်ခေါ်မှုများဖြင့် စည်ကားလျက်ရှိသည့်အပြင် လမ်းလျှောက်သင်္ကြန်ကျင်းပမည့်ကျုံးတောင်ဘက်ခြမ်းတစ်လျှောက်တွင် သစ်ပင်ကြီးများနှင့် လမ်းဖြတ်များတွင် LED ရောင်စုံမီးတွဲများ ထွန်းညှိချိတ်ဆွဲကာ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ကြိုဆိုလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာအမျိုးသမီးအသင်း ပြင်ဆင်

**ရန်ကုန် မေ ၁၀**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ လိုအပ်သည့် ပြင်ဆင်မှုများ၊ ပြိုင်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ်က ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် မျှော်မှန်းထားသလောက် အောင်မြင်မှု မရခဲ့သောကြောင့် ယခုနှစ်တွင် နည်းပြအပြောင်းအလဲ ပြုလုပ်ထားပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်လျက်ရှိသည်။ ဦးဝင်းသူမိုးသည် မြန်မာအမျိုးသမီးအသင်းအား အောင်မြင်သည့်အသင်းတစ်သင်းဖြစ်လာစေရန် တည်ဆောက်လျက်ရှိပြီး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၁၁ ရက်မှ ၁၉ ရက်အထိ သင်္ကြန်ကာလကြောင့် လေ့ကျင့်မှုရပ်နားမည်ဖြစ်ပြီး မေ ၂၀ ရက်တွင် လေ့ကျင့်မှုပြန်လည်ပြုလုပ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး သင်္ကြန်ကာလလေ့ကျင့်မှုမရပ်နားခင် ကစားသမားတစ်ဦး အပြောင်းအလဲပြုလုပ်ခဲ့ကာ နောက်ခံလူ နန့်ဇူဇူထက် နေရာတွင် သစ္စာအားမာန်အသင်းမှ လူငယ်နောက်ခံလူ ယမင်းလွင်ကို အစားထိုးခေါ်ယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိအချိန်ထိ ပြည်တွင်းခြေစမ်းပွဲ သုံးပွဲကစားထားပြီး မေလမှစတင်ကာ

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○**



မြန်မာအမျိုးသမီးအသင်း ကွင်းလယ်လူ ခင်မာလာထွန်းကို တွေ့ရစဉ်။



ကြေးမုံ
အထူးကဏ္ဍ
မေ ၁၁၊ ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# သာသနာအစွန့်ရှည်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေး ဆောင်ရွက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

● တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အစိုးရသစ်၏ ဒုတိယ(၁)နှစ်တာကာလအတွင်း အကြိမ်(၇၀)မြောက် တိပိဋကရေ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်ကြာ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ ပိဋကသုံးပုံ အာဂုံအောင် တစ်ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် နှစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ခြောက်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ၁၃ ပါး၊ ဝိနည်း(ပထမပိုင်း)နှစ်ကျမ်း အာဂုံအောင် ၅၁ ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် တစ်ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် လေးပါး၊ ဝိနည်း (ပထမပိုင်း)နှစ်ကျမ်း ရေးဖြေအောင် ၁၀ ပါး စုစုပေါင်းစာအောင် သံဃာ ၈၈ ပါးတို့ အောင်မြင်ပေါ်ထွန်းတော်မူခဲ့သည်။**

၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သုံးကျမ်းအောင် ၇၈၁ ပါး၊ နှစ်ကျမ်းအောင် ၁၁၇၆ ပါး၊ တစ်ကျမ်းအောင် ၁၄၉၀ ပါး၊ ပါဠိဂုဏ်ထူးအောင် ငါးပါး၊ မြန်မာဂုဏ်ထူး အောင် သုံးပါး စုစုပေါင်း ၃၄၅၅ ပါး အောင်မြင်တော်မူခဲ့သည်။

အစိုးရပါဠိပထမပြန် စာမေးပွဲများ၌ ပထမကြီးတန်းတွင် အောင်မြင်သူ ၄၄၅၈ ပါး၊ ပထမလတ်တန်းတွင် အောင်မြင်သူ ၄၁၇၂ ပါး၊ ပထမငယ်တန်းတွင် အောင်မြင်သူ ၆၃၄၂ ပါး၊ အခြေပြုမူလတန်းတွင် အောင်မြင်သူ ၇၈၂၈ ပါးနှင့် နိကာယ်စာမေးပွဲတွင် အောင်မြင်သူ ၃၃၉၁ ပါးတို့ ရှိခဲ့သည်။ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် အဘိဓမ္မာ အောင်မြင်သူ ၉၁၈၇ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၂၈၇၇ ဦး၊ အဘိဓမ္မာဂုဏ်ထူးဆောင် အောင်မြင်သူ ၁၇၈၄ ဦး၊ နှစ်ချင်းပေါက်သုံးဆင့် အောင်မြင်သူ ၇၈၈ ဦး၊ ဝိသုဒ္ဓိမဂ်အောင်မြင်သူ ၁၅၆၀ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင် သူ ၄၃၃ ဦးတို့ ပေါ်ထွက်ခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုနှင့်အတူ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းအခမ်းအနားနှင့် သံဃာတော်အပါး ၁၈၀၀၀ အား ဆွမ်းဆန်တော်လောင်းလှူပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် လည်းကောင်း၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ သံဃာတော်အပါး ၁၀၀၀၀ အား ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်တွင် လည်းကောင်း၊ မန္တလေးမြို့ ချမ်းမြသာစည် လေဆိပ်၌ သံဃာတော်အပါး ၂၀၀၀၀ အား ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်တွင် လည်းကောင်း ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်း**

ရွှေတိဂုံစေတီတော် ဂေါပကစည်းမျဉ်းသစ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အတည်ပြုလျှောက်ထားပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်မှစ၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စေတီတော်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ ရွှေတိဂုံစေတီတော်တွင် ငွေကျပ် ၈၁၃၆၂၁၁၅၀၆ ဒသမ ၇၀ အလှူခံရရှိခဲ့သည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓသံဃိကပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲစွာ စီးပွားရေးဆန်ဆန် ကိုယ်ကျိုးရှာ လက်ဝါးကြီးအုပ်မှုများဖြစ်ပေါ်ခဲ့၍ ၂၀၁၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဂေါပကအဖွဲ့သစ်ကို အဖွဲ့ဝင် ၁၁ ဦးနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဂေါပကစည်းမျဉ်းသစ်ကိုလည်း ပြင်ဆင်ရေးဆွဲခဲ့သည်။ ရင်ပြင်တော်ပေါ်တွင် ဂရင်းနိုက်ကျောက်ပြားများ(အစား)နေပူခံကျောက်ပြား (စကျင်ကျောက်)များ ခင်းခြင်းနှင့် ရေနုတ်မြောင်းအဟောင်းများ ပြန်လည်ပြုပြင်ခြင်း၊ ရေဂါလန် ၂၆၀၀၀၀ ကျော် ပိုမိုသိုလှောင်နိုင်မည့် မိုးဘောရေလှောင်တမံ အမှတ်(၁)နှင့် (၂)တို့အား ၄ ပေနှင့် ၈ ပေ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် အလှူခံရရှိငွေပေါင်းမှာ ငွေကျပ် ၇၆၁၃၃၄၃၂၂၃ ဒသမ ၄၃ ဖြစ်သည်။ မဟာမြတ်မုနိစေတီတော်မြတ်ကြီး အလှူငွေရရှိမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ ငွေကျပ် ၁၈၇၈၈၃၅၁၉၀ ဖြစ်သည်။

ဗိုလ်တထောင်စေတီတော်တွင် ဂေါပကရှစ်ဦးဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ ရန်ကုန်မြို့ ကျောက်တော်ကြီးဘုရားတွင် ဂေါပကအသစ်တစ်ဦး ခန့်ထားခြင်း၊ မဟာဝိဇယစေတီတော်နှင့် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် ဂေါပကတစ်ဦး အသစ်ထပ်မံခန့်ထားခြင်း၊ စွယ်တော်မြတ်စေတီတော်တွင် ဂေါပကအသစ် လေးဦး ထပ်မံခန့်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလဓမ္မပါရဂူဘွဲ့ရ တစ်ပါး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ရ ၁၁ ပါး၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ ၁၁၆ ပါး စုစုပေါင်း ၁၂၈ ပါးတို့အား ဘွဲ့အသီးသီး အပ်နှင်းနိုင်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)၏ (၃၃)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်တွင် ဓမ္မာစရိယစာမေးပွဲအထူးအောင် (ရဟန်း၊ သီလရှင်) လေးပါး၊ ပထမပြန်စာမေးပွဲ အထူးအောင် (ရဟန်း၊ သီလရှင်) ၁၂ ပါး၊ ဓမ္မာစရိယပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ် သုံးပါး၊ ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် သုံးပါး၊ နိကာယ်စာမေးပွဲ အထူးအောင်

အထူးကဏ္ဍ [ ခ ] သို့ »»»

> “ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ ဓမ္မပါရဂူဘွဲ့ရ တစ်ပါး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရ ၁၁ ပါး၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ရ ၁၁၆ ပါး စုစုပေါင်း ၁၂၈ ပါးတို့အား ဘွဲ့အသီးသီး အပ်နှင်းနိုင်ခဲ့သည်။ ”



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို




အာဆီယံ နှစ် (၅၀)ပြည့် ရွှေရတုအာဆီယံအထိမ်းအမှတ်အဖြစ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ စာတမ်းဖတ်ပွဲ ကျင်းပစဉ်။



မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်၌ သံဃာတော်အပါး ၂၀၀၀၀ ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲနှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

“ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဆောင်ရွက် ရာတွင်လည်း ကယန်း ပဒေါင် ကြေးချောင်း ပတ်ဓလေ့၊ ကရင်ဖားစည်တူရိယာ၊ မွန်မိကျောင်းတူရိယာ၊ မြန်မာ့သနပ်ခါး၊ ရခိုင်နံ့သာသွေးပွဲ၊ ကချင် လော်ဝေါ်သစ်ခွချည်လုပ်ငန်း၊ လွန်းရာကျော်အချိတ်၊ ချင်းရိုးရာ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းတိုင် စိုက်ထူခြင်း ဓလေ့များကို သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်ကာ ဖော်ထုတ်လေ့လာနိုင်ခဲ့သည်။”

»»» အထူးကဏ္ဍ [ က ] မှ

(ရဟန်း၊ သီလရှင်) အပါး ၂၀၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင်ကိုးဦး စုစုပေါင်း ၅၁ ပါး/ဦးတို့အား အောင်လက်မှတ်များနှင့် ဘွဲ့တံဆိပ်အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအား အားပေးချီးမြှောက်**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေး (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) စုစုပေါင်း ၁၅၄၇ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၉၂၇၃ ဦးတို့အား ဆရာ ဆရာမ ၇၈၆၂ ဦးတို့ဖြင့် ပညာသင်ကြားလျက်ရှိပြီး မူလတန်းပြ ဆရာ ဆရာမ တစ်ဦးလျှင် ကျပ် ၃၆၀၀၀ နှုန်း၊ မူလတန်းလွန်နှင့် အလယ်တန်းပြ တစ်ဦးလျှင် ကျပ် ၄၁၀၀၀ နှုန်း၊ အထက်တန်းပြ တစ်ဦးလျှင် ကျပ် ၄၅၀၀၀ နှုန်းစီဖြင့် လစဉ်ထောက်ပံ့ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်ကာလအတွင်း ငွေကျပ် ၁၄၀၆၈၁၀၀၀ ထောက်ပံ့နိုင်ခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်အတွက် ဒီပလိုမာ၊ ပထမနှစ်ဝိဇ္ဇာ၊ ဒုတိယနှစ်ဝိဇ္ဇာ၊ ပထမနှစ်မဟာဝိဇ္ဇာ၊ ဒုတိယနှစ်မဟာဝိဇ္ဇာ၊ မဟာဝိဇ္ဇာ(ကျမ်းပြု)၊ ပါရဂူအကြိုတန်းနှင့် ပါရဂူကျမ်းပြုများ၏ တက်ရောက်သင်ကြားခဲ့သော သင်တန်းသားသင်တန်းသူဦးရေမှာ ပြည်တွင်း ၁၄၇ ပါး/ဦး၊ ပြည်ပ ၁၂၂ ပါး/ဦး စုစုပေါင်း ၂၆၉ ပါး/ဦးတို့ထိ တိုးတက်လာခဲ့သည်။

**တက္ကသိုလ်ဥပဒေပြင်ဆင်ရေးဆွဲ**

ဝန်ကြီးဌာနမှ ခေတ်နှင့်အညီ အသစ်ပြန်လည်ရေးဆွဲထားသည့် “အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ(မူကြမ်း)”ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၁-၇-၂၀၁၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်သွင်းခဲ့သည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များကို ဗဟိုအဆင့် ၁ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့် ၁၁ ဖွဲ့၊ ခရိုင်အဆင့် ၃၉ ဖွဲ့၊ မြို့နယ် ၇၆ ဖွဲ့ စုစုပေါင်း ၁၂၇ ဖွဲ့အထိ ဖွဲ့စည်းထားပြီးဖြစ်ရာ ဆက်လက်တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**e-Government လုပ်ငန်းများဆောင်ရွက်**

ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် e-Library ၏ Website Domain Name များဖြစ်သော ရန်ကုန်မြို့ ကမ္ဘာအေးပိဋကတ်ပြတိုက် www.kbrl.gov.mm၊ နေပြည်တော် အမျိုးသားစာကြည့်တိုက် www.nlm-npt.gov.mm၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) www.nuacmdy.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီဖြစ်သည်။ ဆက်လက်၍လည်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှိ ပိဋကတ်ပြတိုက်၊ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့၌ e-Library များ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းအမှန်သိရှိနိုင်ရေး**

လူမှုကွန်ရက် အင်တာနက်စာမျက်နှာများတွင် ရေးသားဖော်ပြထားသော ဘာသာရေးဆိုင်ရာ သတင်းအမှားများအား လိုအပ်ပါက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သို့ လျှောက်ထားတင်ပြ အတည်ပြုချက်ရယူ၍ အများပြည်သူ သတင်းအမှန်သိရှိနိုင်ရေး ရှင်းလင်းဖော်ပြခြင်း၊ ဝန်ကြီးဌာန၏ မမှန်မကန်သတင်းများအား ထုတ်လွှင့်ဖော်ပြနေမှုများကို အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာန Website နှင့် Facebook တို့မှ အမှန်သတင်း (၆၃)ကြိမ် တုံ့ပြန်လွှင့်တင်ခြင်းနှင့် ဘာသာသာသနာကိစ္စများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ (၁၁၈)ကြိမ်သတင်းထုတ်ပြန်ပေးခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြည်သူများ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အသိပညာဗဟုသုတများသိရှိမှု၊ တန်ဖိုးထားမှု ဖွံ့ဖြိုးတိုးတက်လာစေရေး အသိပညာပေးခြင်း လုပ်ငန်းများကို မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။



သံဃာတော်များ ဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေစဉ်။

**ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေး ဆောင်ရွက်**

၁၉၉၆ ခုနှစ်မှစတင်၍ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ ပျူမြို့ဟောင်း (ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ)၊ ပုဂံဒေသ၊ မြောက်ဦးဒေသ၊ အထက်မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့များ (အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး)၊ (မွန်မြို့ဟောင်းများ၊ ပဲခူး၊ ဟံသာဝတီ)၊ ကုန်းဘောင်ခေတ် သစ်သားကျောင်းများစသည့် အမွေအနှစ်ဒေသရှစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး တင်ပြခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် Nomination Dossier (complete) ကို UNESCO သို့ တင်သွင်းခဲ့ပြီး ကမ္ဘာ့အမွေအနှစ်ကော်မတီ အဖွဲ့ဝင်နိုင်ငံများက အလေးအနက်ထောက်ခံကြသဖြင့် ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ် စာရင်းအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ယခုအခါ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး အဆိုပြုစာကို UNESCO သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တင်သွင်းခဲ့ပြီးဖြစ်သည်။ ထို့အတူ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းကို ၂၀၁၉ ခုနှစ်တွင် တင်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း တင်သွင်း**

မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်ခဲ့ရာတွင်လည်း ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာဖြင့် ရေးထိုးထားသော ခေါင်းလောင်းစာကို ၂၀၁၆ ခုနှစ် မေလက ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ဒေသအတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ အာနန္ဒစန္ဒြာ ကျောက်စာကိုလည်း အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တင်သွင်းထားခဲ့ပြီးဖြစ်ရာ ၂၀၁၈ ခုနှစ် မေလတွင် ကမ္ဘာ့အမွေအနှစ်စင်တာသို့ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်သတ်မှတ်နိုင်ရန် တင်သွင်းမည်ဟု ဆိုသည်။

**ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေမှုအနုပညာများ၊ လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ ရိုးရာလက်မှုပညာရပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး (၂)နှစ်တာကာလအတွင်း စုစုပေါင်း ၃၁၂ ခု ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ကြိုတင်**

မြောက်ဦးဒေသသည်လည်း မြန်မာနိုင်ငံ

အထူးကဏ္ဍ [ ဂ ] သို့ »»»



အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ကြီးက ဘွဲ့ရရှိသူတစ်ဦးအား ဘွဲ့လက်မှတ် အပ်နှင်းနေစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

၏ ရှေးဟောင်းအမွေအနှစ်များတည်ရှိရာ နေရာဒေသတစ်ခုဖြစ်ပြီး အဆိုပါဒေသများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ မြောက်ဦးဒေသရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ဆက်စပ်သည့် နေရာများအား မြောက်ဦးဌာနခွဲရှိ ဝန်ထမ်းများနှင့် ဒေသခံအဖွဲ့အစည်းများက သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ UNESCO ၏ ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ပေးနိုင်ရေး၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အစည်းအဝေးပြုလုပ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာအလိုက် အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ မြောက်ဦးနန်းတော်ရာကုန်းအား မြေဘောင်များ ဖယ်ရှား၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်း၊ စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းပြုစု ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိဗိုလ်ချုပ်အောင်ဆန်းပြတိုက် ထိန်းသိမ်းမွမ်းမံခြင်း၊ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်း

ရှေးဟောင်းပစ္စည်းများသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့တည်ရှိနေပြီး ယင်းသို့ ပျံ့နှံ့တည်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို နှစ်နှစ်တာကာလအတွင်း ဆုကြေးငွေ ချီးမြှင့်၍ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှေးဟောင်းပစ္စည်း ၄၈ မျိုးအား စုဆောင်းထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

### နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ငလျင်ဒဏ်ခံခဲ့ရသော်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်နေသည့်ဒေသဖြစ်သဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေး လုပ်ငန်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စများတွင် နိုင်ငံတကာ ပညာရှင်များဖြင့် ပညာရပ်ဆိုင်ရာ ပံ့ပိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို နှစ်နှစ်တာကာလအတွင်း ၁၀၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

### ဥပဒေများပြဋ္ဌာန်း

ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ရေးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရည်ရွယ်ချက်တစ်ခုဖြစ်ခြင်းကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့အပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေမူကြမ်း၊ ၁၉၉၈ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပြင်ဆင်ဖြည့်စွက်ရေးအဖွဲ့ ၂၆ ဦးပါအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဥပဒေမူကြမ်းကို နှစ်ကြိမ်ဆွေးနွေးခဲ့ခြင်း၊ မြန်မာနိုင်ငံ ပြတိုက်များဥပဒေကို သက်ဆိုင်ရာ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကြံပြုချက်များရယူ၍ အသစ်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ထိန်းသိမ်းထားသော ဇုန် ၄၇ ဇုန်အနက် ၁၈ ဇုန်အတွင်းတွင် လူနေမြို့ပြ၊ ကျေးရွာများလည်း ပါဝင်လျက်ရှိရာ ဒေသခံများ စားဝတ်နေရေးကိစ္စများ၊ ဒေသတွင်းစီးပွားရေး၊ လူမှုရေး၊ သာသနာရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ စီမံအုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးကိစ္စများသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်ရန်အတွက် ခေတ်နှင့်မလျော်ညီတော့သည့် ကိစ္စများ၊ နောင်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဒေသခံများ ပါဝင်ထိန်းသိမ်းနိုင်ရေးကိစ္စများ၊ ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသားအမွေအနှစ်ဆိုင်ရာ နိုင်ငံတကာသတ်မှတ်ချက်များနှင့် ညီညွတ်ရန်အတွက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လာသဖြင့် ဥပဒေပညာရှင်များနှင့်ညှိနှိုင်း၍ပြည်သူများလက်ခံသော ဥပဒေတစ်ရပ် ဖြစ်ပေါ်လာစေရန်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သွယ်ဝိုက်သော နည်းဖြင့် သက်ရောက်စေမည့် ယဉ်ကျေးမှုအမွေအနှစ်ကို နောင်နှစ်ပေါင်းများစွာ တည်တံ့နိုင်စေရန် ထိန်းသိမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ သုတေသီများနှင့် စိတ်ပါဝင်စားသူများသည် မြန်မာ့မူရင်း အမွေအနှစ်ကို ပိုမိုသိမြင်လာပြီး လာရောက်လေ့လာခြင်း၊ လည်ပတ်ခြင်းမှ ရရှိလာနိုင်သည့် အကျိုးအမြတ်များကို စီးပွားရေးလုပ်ငန်း အရင်းအမြစ်သဖွယ် ပေါ်ပေါက်စေရန် အကောင်အထည်ဖော်လျက်ရှိသည်။



**အနုပညာဌာနခွဲ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ ပြဇာတ်)ဌာနတို့မှ ကျောင်းသား ကျောင်းသူများအား ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ဘာသာရပ်များ၊ မြန်မာဘာသာစကားဆိုင်ရာ ဘာသာရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်များ၊ အင်္ဂလိပ်စာဘာသာရပ်များ၊ နိုင်ငံတကာ ဆက်သွယ်ရေးနှင့် သက်ဆိုင်သည့် ဘာသာရပ်များ၊ နိုင်ငံ့သမိုင်း ဘာသာရပ်များကို သင်ကြားပို့ချနိုင်ခဲ့သည်။**





ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)နှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ကွင်းဆင်းသုတေသနပြုခြင်း

ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင်လည်း ကယန်း ပဒေါင်ကြေးချောင်းပတ်ဓလေ့၊ ကရင်ဖားစည် တူရိယာ၊ မွန်မိကျောင်းတူရိယာ၊ မြန်မာ့သနပ်ခါး၊ ရခိုင်နံ့သာသွေးပွဲ၊ ကချင်လော်ဝေါ် သစ်ခွချည်လုပ်ငန်း၊ လွန်းရာကျော် အချိတ်၊ ချင်းရိုးရာ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းတိုင်စိုက်ထူခြင်း ဓလေ့များကို သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ကာ ဖော်ထုတ်လေ့လာနိုင်ခဲ့သည်။

### ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ မပပျောက်စေရေး

ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ မပပျောက်စေရေးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်း၏ တာဝန်တစ်ရပ်ဖြစ်ပြီး ခေတ်ရေစီးအရ ဝင်ရောက်ထိုးဖောက်လာသော မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်မကိုက်ညီသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခဲ့ခြင်း၊ မျိုးဆက်သစ်အနုပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရေးကို ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ထမ်း

အထူးကဏ္ဍ [ ဃ ] သို့ »»»



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ အကြိမ် (၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပစဉ်။



မြန်မာသမိုင်းအဖွဲ့ဝင်များ၏ သမိုင်းဘာသာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးခြင်းနှင့် စာတမ်းဖတ်ကြားဆွေးနွေးခြင်း ပြုလုပ်စဉ်။




ရေးသားပြုစု ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည့် စာအုပ်များ။

»» အထူးကဏ္ဍ [ ၈ ] မှ

ဆရာ ဆရာမများကို အခြေခံကဗျာလွတ်အကဆင့်ပွားနည်းပြသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ မြန်မာအကအခြေခံ ကဗျာလွတ်အကကို သင်ကြားတတ်မြောက်လာခြင်း၊ မြန်မာ့ရိုးရာအကများ၊ ဇာတ်တော်ကြီးများနှင့် ဇာတ်ကြီးများကို အများပြည်သူကြည့်ရှုနိုင်ရန် နယ်လှည့်ဖျော်ဖြေခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်စေရန် လှုံ့ဆော်အသိပညာပေးနိုင်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

### စာအုပ်/စာတမ်းများ ရေးသားထုတ်ဝေမှု

သမိုင်းသုတေသနဆိုင်ရာ၊ တိုင်းရင်းသားလူမျိုးများရေးရာ စာအုပ်စာတမ်းများ၊ စာစောင်များကိုရေးသားခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယခုကာလအတွင်း စာအုပ် လေးအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကာ စာအုပ် ၁၀ အုပ်ကို ထုတ်ဝေနိုင်ရန် စိစစ်ဖြည့်စွက်၍ ရေးသားပြုစုလျက်ရှိသည်။

### စာအုပ်/စာတမ်း ဝယ်ယူစုဆောင်း

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ၊ ပြန်တမ်းများ၊ စာစုများ၊ ဘွဲ့ယူကျမ်းများစသည့် စာအုပ်စာတမ်းများကို ဝယ်ယူစုဆောင်းခြင်း၊ လှူဒါန်းရရှိခြင်းတို့ဖြင့် စုဆောင်းထိန်းသိမ်းလျက်ရှိရာ သမိုင်းသုတေသန စာကြည့်တိုက်ဌာနစိတ်က ၂၈၁၃ အုပ်၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)က ၁၀၆၁၄ အုပ်၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)က ၁၀၂၉၄ အုပ်နှင့် အမျိုးသားစာကြည့်တိုက်ခွဲ (ရန်ကုန်)က ၂၁၄၇၇ အုပ် စုဆောင်းနိုင်ခဲ့ကြောင်း သိရသည်။

### မြန်မာသမိုင်းအဖွဲ့ပြင်ဆင်ဖွဲ့စည်း

မြန်မာသမိုင်းအဖွဲ့ကို ယခင်က အချိန်ပြည့် အဖွဲ့ဝင် ၁၀ ဦး၊ အချိန်ပိုင်းအဖွဲ့ဝင် ၁၂ ဦး ဖွဲ့စည်းရာမှ ယခုနှစ်အတွင်း အချိန်ပြည့် အဖွဲ့ဝင် ၁၈ ဦး၊ အချိန်ပိုင်းအဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

### သမိုင်းဆိုင်ရာ သုတေသနစာအုပ် စာတမ်းများ ရေးသားပြုစုထုတ်ဝေ

စုဆောင်းရရှိသည့် အထောက်အထားအချက်အလက်များ၊ ကွင်းဆင်းသုတေသနပြုလေ့လာခြင်းတို့မှ အသစ်ထပ်မံတွေ့ရှိသည့် သုတေသနပြုတွေ့ရှိချက်များကို အခြေခံ၍ သမိုင်းဆိုင်ရာ စာအုပ်၊ စာတမ်းများကို ရေးသားပြုစုပုံနှိပ်ထုတ်ဝေလျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း စုစုပေါင်းစာအုပ် ခုနစ်အုပ်တို့ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ပုံနှိပ်ထုတ်ဝေရန် ပြုစုပြီးဖြစ်သည့် စာအုပ် ငါးအုပ်ကို ဆက်လက်ထုတ်ဝေနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

### (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကျင်းပနိုင်ရေး

၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ နိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

### ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေး

ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့ကို မြန်မာသမိုင်းအဖွဲ့ဝင်များ၊ ပေ၊ ပုရပိုက်ပညာရှင်များ၊ ရှေးဟောင်းစာပေပညာရှင်များနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပြီး ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့သည် စတင်ဖွဲ့စည်းချိန်မှစ၍ လက်ရှိအချိန်ထိ ပေ ၉၁၇၄ ထုပ်၊ ပုရပိုက် ၇၆၅ ဆူ၊ ကမ္ဗဝါ၄၂ ထုပ်၊ စာတိုက်သေတ္တာလေးလုံးတို့ကို စုဆောင်းရရှိခဲ့ကြောင်း သိရသည်။

### အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မှု

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ယခုဖွင့်လှစ်ထားသောနေရာသည် ရုံးအဝန်းအဝိုင်းအတွင်း တည်ရှိနေခြင်းနှင့်အတူ သွားလာရခက်ခဲခြင်းတို့ကြောင့် အများပြည်သူလာရောက်စာပေလေ့လာဖတ်ရှုရန် မလွယ်ကူပေ။ ထို့ကြောင့် အများပြည်သူသွားလာရ လွယ်ကူသည့် ရန်ကုန်မြို့လယ် ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အအုံဟောင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

### ဘွဲ့အသီးသီးအပ်နှင်းချီးမြှင့်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ပြီး ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ နှစ်ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ သုံးဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ လေးဦး၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ ငါးဦး၊ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ ၂၉ ဦး၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာ ၁၀ ဦး၊ ဘွဲ့လွန်အနုပညာဒီပလိုမာ ၁၃ ဦးနှင့် ဝိဇ္ဇာဘွဲ့ရရှိသူ ၆၄ ဦး စုစုပေါင်း ၁၃၀ တို့အား ဘွဲ့အသီးသီး အပ်နှင်းချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

ဘာသာရပ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိကြသော နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား လေ့လာနိုင်စေရန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လည်းကောင်း၊ ထားဝယ်ဒေသ ယဉ်ကျေးမှုဆိုင်ရာ သုတေသန စာတမ်းပြုစုရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့လည်းကောင်း လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့သည်။

ဒုတိယအကြိမ်မြောက် တင်ဆက်သည့် "သံစုံဂီတဖျော်ဖြေပွဲ" NUAC Orchestra Cinematic Music Showcase 2017" ကို၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်က အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပခဲ့ပြီး သံစုံဂီတတင်ဆက်မှုမှသည် ပညာရေးနှွယ်သောတင်ဆက်မှု edutainment ကို ရည်ရွယ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့တူရိယာနှင့် အနောက်တိုင်းတူရိယာတို့ကို ပေါင်းစပ်ကာ သံစုံဂီတဖြင့် ကမ္ဘာ့ရုပ်ရှင်နှင့် မြန်မာ့ရုပ်ရှင်တို့မှ တေးသီချင်းများကို တင်ဆက်ခဲ့ကြောင်းလည်း သိရသည်။

### ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး

အနုပညာဌာနခွဲ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်/ပြဇာတ်)ဌာနတို့မှ ကျောင်းသားကျောင်းသူများအား ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ဘာသာရပ်များ၊ မြန်မာဘာသာ စကားဆိုင်ရာဘာသာရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာဘာသာရပ်များ၊ အင်္ဂလိပ်စာ ဘာသာရပ်များ၊ နိုင်ငံတကာဆက်သွယ်ရေးနှင့် သက်ဆိုင်သည့် ဘာသာရပ်များ၊ နိုင်ငံ့သမိုင်းဘာသာရပ်များကို သင်ကြားပို့ချနိုင်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အိန္ဒိယ-မြန်မာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပူးပေါင်းဖျော်ဖြေပွဲ ကျင်းပပြုလုပ်ခြင်း၊ အိန္ဒိယ-မြန်မာ အကဆိုင်ရာ သရုပ်ပြ အိန္ဒိယဂန္ဓဝင်အကအဖွဲ့နှင့် မြန်မာအက ပူးပေါင်းဖျော်ဖြေခြင်း၊ ဂျပန်နိုင်ငံမှ "Restaurant of Many Orders" ပြဇာတ်နှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ အစ္စရေးနိုင်ငံမှ The imaginative of world of Paper and moving Paper Puppets အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ အစ္စရေးနိုင်ငံမှ ရုပ်ရှင်ဒါရိုက်တာနှင့် သံရုံးတာဝန်ခံတို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သို့ လာရောက်၍ ရုပ်ရှင်ရိုက်ကူးရေး သင်ခန်းစာများပို့ချခြင်း၊ ဂျပန်နိုင်ငံ Tokyo University of the Arts မှ အနုပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုကြောင်း လာရောက်ဆွေးနွေးခဲ့ခြင်း၊ ထိုင်းနိုင်ငံ BSRU တက္ကသိုလ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အိန္ဒိယနိုင်ငံနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ အမေရိကန်ပြည်ထောင်စုမှ ဆွေးနွေးပွဲများလာရောက်ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ "Next Level" အမည်ရှိ Hip-Hop အကနှင့် တေးဂီတယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ကျင်းပနိုင်ရေး ဆွေးနွေးမှုများပြုလုပ်ခြင်း၊ One Asia Classic Orchestra Selection Workshop အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အနုပညာတက္ကသိုလ် (TUA)နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Stop - Motion Animation Workshop အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ Kuricorder & Friends Concert in Myanmar ဖျော်ဖြေရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ "Pagoda Flower of Myanmar-တရုတ် အနုပညာရှင်များ၏ မြန်မာ့ရှုခင်းဓာတ်ပုံပြပွဲ"သို့ ပါဝင်တက်ရောက်ဆောင်ရွက်ခြင်း၊ ရန်ကုန်မြို့အခြေစိုက် Japan International Cooperation Agency (JICA) အဖွဲ့ လာရောက်ဆွေးနွေးခြင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်ဖျော်ဖြေပွဲသို့ ပါဝင်တက်ရောက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာစေရန် ဆောင်ရွက်လျက်ရှိပြီး ယဉ်ကျေးမှုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်တွင်း/ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်၊ စာပေအမွေအနှစ်များ၊ အထောက်အထား အချက်အလက်များ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးရာ ပြတိုက်နှင့်စာကြည့်တိုက်များကိုလည်း ဗဟိုဌာနအဖြစ် ရပ်တည်၍ သတင်းအချက်အလက်များအား ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မြန်မာ့ရိုးရာ စောင်းပညာ၊ အကပညာနှင့် ထိုင်းရိုးရာ အကပညာ အပြန်အလှန်သင်ယူခြင်းအစီအစဉ်ကို အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ပြုလုပ်စဉ်။

# မြန်မာ့ရိုးရာမဟာသင်္ကြန်မှာ အပျော်မကြူးကြရန် အသိတရားဖြင့် သတိထားပါ

သန်းဦး (လေးမျက်နှာ)

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်မှ ၁၃၈၀ ပြည့်နှစ် နှစ်သစ်သို့ မကြာမီကူးပြောင်းတော့မည်ဖြစ်သည်။ မြန်မာ့ရိုးရာ နှစ်သစ်ကူးမင်္ဂလာ မဟာသင်္ကြန်ပွဲတော်ဖြင့် နှစ်ဟောင်း အညစ်အကြေးများကို အတာရေပက်ဖျန်း၍ နှစ်သစ်ကို ကြိုဆိုကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင် ကျင်းပလာခဲ့သည့် နှစ်သစ်ကူးပွဲတော်ဖြစ်သည်။

ရှေးရိုးအစဉ်အလာအရ သပြေခက်နှင့် ရေပက်၍ နှစ်သစ်ကို ကြိုဆိုကြသည်မှာ မြန်မာပြည်သူ ပြည်သားများ၏ ရိုးရာယဉ်ကျေးမှုတစ်ခုပင်ဖြစ်သည်။ ခေတ်ကာလ ရွေ့လျားလာပြီး သပြေခက်ဖြင့် ရေပက်၊ ငွေဖလားဖြင့် ရေပက်ရာမှ ရေပိုက်ဖြင့် ရေပက်ဖျန်းသော ကာလသို့ ရောက်လာခဲ့ပေသည်။ သပြေခက်နှင့်ရေပက်သည်ကတော့ ယခုခေတ်တွင် အခမ်းအနားကြီးများမှလွဲ၍ မတွေ့ရတော့ပေ။ ရေပက်ဖျန်းပုံ ကွာခြားလာခဲ့သော်လည်း သင်္ကြန်၏ အနှစ်သာရမှာ အတူတူပင်ဖြစ်သည်။

နှစ်ဟောင်းမှ နှစ်သစ်ကူးအတာသင်္ကြန် ကာလများတွင် ပြည်သူ ပြည်သားများ လူမျိုးမရွေး ဘာသာမရွေး အတာရေသဘင်ပွဲကို ပျော်ပျော်ပါးပါး ဆင်နွှဲကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပွဲတော်တစ်ခုပင် ဖြစ်သည်။

ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူး ရေသဘင်ပွဲတော်ကို အရောင်ဆိုးကြသူများကတော့ အရက်သေစာအလွန် အကျွံသောက်စားမူးယစ်ကြသည့် လူငယ်များပင် ဖြစ်သည်။ မူးယစ်သေစာ အလွန်အကျွံ သောက်စားမူးယစ်ပြီး အပျော်ကြူးရာမှ ခိုက်ရန်ဖြစ်ပွားမှု ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည်မှာ နှစ်စဉ် နှစ်တိုင်း ကြားသိနေရသည်။ သို့ပါ၍ ယနေ့ ရတောင့်ရခဲ အသက်တစ်ချောင်းကို လူငယ်များအနေဖြင့် အသိတရားဖြင့် သတိထား မွေးမြူကြရန် တိုက်တွန်းအပ်ပေသည်။

ယနေ့လူငယ်အတော်များများ အရက်သေစာ သောက်သုံးကြသည့် အကြောင်းရင်းများမှာ နေရာတကာတွင် ဖွင့်လှစ်ထားသော ဘီယာဆိုင်နှင့် အရက်ဆိုင်များကြောင့် ဘီယာမှတစ်ဆင့် အရက်သေစာအား လက်တည့်စမ်းလိုခြင်း၊ ဘီယာ၊ အရက် အလွယ်တကူ ဝယ်ယူရရှိခြင်း၊ ဘီယာ၊ အရက် ဈေးပေါပေါဖြင့် ဖောဖောသီသီရရှိခြင်း တို့ကြောင့်ပင် ဖြစ်သည်။ ဆယ်ကျော်သက်လူငယ်များ အရက်၊ ဘီယာကို လက်တည့်စမ်းသောက်ကြရာမှ စွဲစွဲလမ်းလမ်း သောက်သုံးသွားကြခြင်းကြောင့် နိုင်ငံအတွက် အလုပ်လုပ်ရမည့် အရွယ်များ ဆုံးရှုံးနစ်နာနေရသည်။ လူငယ်များ အရက်၊ ဘီယာကို စွဲစွဲမြဲမြဲသောက်သုံးမှုများကြောင့် အရွယ်မတိုင်မီ ကြွေလွင့်သွားခဲ့သူများ ဒုနဲ့ဒေးဖြစ်နေသည်ကို ကြားသိနေရသည်။ ထို့ကြောင့်လည်း မအိုသောဆေး၊ မအိုဆေးဟူ၍ပင် အမည်တပ်နေကြသည်။ အမှန်တကယ်လည်း အရက်သေစာ အလွန်အကျွံ နေ့စဉ်ရက်ဆက် သောက်သုံးနေသူများသည် အရွယ်အိုသည်အထိ မနေရဘဲ အရက်ကြောင့် သေဆုံးရသည်ကို တွေ့ရသည်။

ယနေ့ ကမ္ဘာတွင် အရက်ကြောင့် ၁၀ စက္ကန့်လျှင် လူတစ်ဦးနှုန်း သေဆုံးနေပြီး တစ်နှစ်လျှင် လူပေါင်း ပျမ်းမျှ ၃ ဒသမ ၃ သန်းမျှ သေဆုံးနေကာ AIDS ရောဂါနှင့် ကင်ဆာရောဂါတို့ထက် သေဆုံးမှုများနေကြောင်း သိရသည်။ ဆေးရုံတက်သူ ၅၀ ရာခိုင်နှုန်းခန့်သည် အရက်ကြောင့် ဖြစ်သောရောဂါများကြောင့်ဖြစ်ပြီး ထိုကဲ့သို့ ဖြစ်နေကြသော်လည်း အရက်သေစာသောက်သုံးမှုအား ကျဆင်းသွားခြင်းမရှိကြောင်း ဆေးတက္ကသိုလ်(၂) ရန်ကုန် လက်ထောက်ကထိက ဆေးပညာမှ ပြောကြားသည်ကို မှတ်ခဲ့ဖူးသည်။

အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းဖြင့် နောက်ဆက်တွဲ ရောဂါများအဖြစ် အသည်းတွင် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်၊ အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းကင်ဆာဖြစ်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းတွင် ရောင်ရမ်းခြင်း၊ အစာပြွန်သွေးကြောပေါက်ခြင်းကြောင့် ရုတ်တရက် သွေးအန်၍ အသက်ဆုံးရှုံးခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကိုယ်ခံအားကျဆင်းရောဂါတို့ကြောင့် ပိုးဝင်မှုလွယ်ကူပြီး အဆုတ်ရောဂါ ဖြစ်ပွားခြင်း ဦးနှောက်နှင့် အာရုံကြောရောဂါ၊ သွေးကြောပေါက်ခြင်း၊ ခြေဖျား၊ လက်ဖျား၊ မျက်နှာဖောရောင်ခြင်းရောဂါ၊ အရိုးဆတ်၊ အရိုးကျိုးရောဂါ၊ နှလုံးကြွက်သားရောင်ရမ်းခြင်း ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ အရက်သေစာ သောက်ရာတွင် အမြည်းမစားသူများသည် ထိုကဲ့သို့ ရောဂါဖြစ်ပွားမှု ပိုမိုမြန်ဆန်စွာဖြစ်လေ့ရှိကြောင်း သိရသည်။

အမှန်အားဖြင့် အရက်ဆိုသည့် အယ်လ်ကိုဟောမှာ အဆိပ်တစ်မျိုးပင်ဖြစ်သည်။ ၎င်းအဆိပ်အတောက်များကို လူ့ခန္ဓာအတွင်းမှ အသည်းကသာ အဆိပ်အတောက်ဖြေပေးရ တစ်ခုတည်းသော စက်ဖြစ်ကြောင်း၊ အရက်တစ်ပက်လျှင် အသည်းမှ အပိုအလုပ်ချိန် နာရီဝက်ခန့် လုပ်ဆောင်ပေးရကြောင်း ဆရာဝန်များပြောကြားသည်ကို မှတ်သားဖူးသည်။ သို့ပါ၍ အရက်ကို နေ့စဉ်ရက်ဆက် တစ်ပိုင်း၊ တစ်လုံးကုန်အောင်သောက်သုံးနေသူများအတွက် အသည်း၏ အပိုအလုပ်ချိန်ကို တွက်ကြည့်သင့်ပေသည်။ နောက်ဆုံး အပိုအလုပ်ချိန်များသော အသည်းမှာ ခံနိုင်ရည်မရှိတော့သဖြင့် လူ့အသက်ပါ ဆုံးရှုံးသွားရခြင်းဖြစ်တော့သည်။

သို့ပါ၍ ယနေ့တိုင်းပြည်တွင် အနာဂတ်အတွက် သားကောင်းရတနာ လူငယ်များအနေဖြင့် အရက်သေစာ သောက်စားခြင်းကို အထူးပင်ရှောင်ရှားသင့်ပေသည်။ တစ်ဖက်တွင်လည်း အရက်သေစာရောင်းချခြင်းကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သင့်သည်။ ယခုအခါ မြန်မာပြည်တွင် အရက်တံဆိပ်မျိုးစုံကို ဈေးပေါပေါဖြင့် အလွယ်တကူ ရရှိနေခြင်းသည်လည်း အဓိကပြဿနာ ဖြစ်ပေသည်။ အထူးသဖြင့် ကျောင်းသားအရွယ် ကျောင်းစိမ်းလုံချည်ဖြင့် အရက်ဆိုင် အရက်ဝယ်လို့ရနေသည့် အနေအထားရှိနေ၍ အနာဂတ်အရေး အတောပင် ရင်လေးမိတော့သည်။ မြန်မာနိုင်ငံတွင် ပေါလိုက်သည့် အရက်၊ အရက်ပေါင်းစုံ၊ တံဆိပ်ပေါင်းစုံများ တောရွာများအရောက် ခြေဆန့်လျက် ရှိနေသည်။ ယခုအခါ ကျေးရွာများတွင် စာကြည့်တိုက်မရှိလျှင်နေ အရက်ဆိုင် တစ်ဆိုင်တော့ ရှိနေရမည်ဆိုသည့် အနေအထားဖြစ်နေသည်။ အရက်ဆိုင်များ ကျေးရွာအရောက် နေရာယူနေကြသည်ကို တွေ့နေရသည်။

အရက်သေစာ သောက်စားခြင်းကြောင့် အဆိုးအပြစ်များကို လူကြီးသူမများက ဆုံးမကြရာဝယ် အရက်ကြောင့် ဥစ္စာပျက်စီးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ရောဂါအမျိုးမျိုးဖြစ်နေတတ်ခြင်း ၊ ဂုဏ်အရှိန်အဝါမဲ့ ဖြစ်စေတတ်ခြင်း၊ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါကို ဖော်ပြတတ်ခြင်း၊ ဉာဏ်ပညာကို အားနည်းစေခြင်းနှင့် ဉာဏ်ထိုင်းစေခြင်းတို့ဖြစ်သည်။ ထိုမှတစ်ပါး အရက်သေစာ သောက်စား မူးယစ်ခြင်းကြောင့် သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးဝှက်ခြင်း၊ သူ့သားမယား သားပျို သမီးပျိုများကို ဖျက်ဆီးခြင်း၊ မဟုတ်မမှန်လိမ်လည်ပြောဆိုခြင်း စသည့် မကောင်းမှုများကို လွယ်ကူစွာပြုမူနိုင်ခြင်းတို့ကို ဆိုဆုံးမကြသည်။

သို့ပါ၍ တိုင်းပြည်၏ အနာဂတ်သားကောင်းရတနာများအနေဖြင့် အရက်သေစာ သောက်စားပါက အသက်တိုမည်၊ ရောဂါရမည်ဟူသော အကြမ်းဖျင်းသိရှိနေရန် ဖြစ်ပြီး အရက်သေစာသောက်စားခြင်းကို လက်တည့်မစမ်းသင့်ကြောင်း အသိဉာဏ်ရှိရန် အလွန်အရေးကြီးပြီး မိဘများကလည်း ဆိုဆုံးမပေးရန် လိုအပ်ပေသည်။

ယခုအခါ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းတော့မည့် မဟာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံအနှံ့ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကြီးတွင် ယမကာလုလင် လူငယ်များအနေဖြင့် အရက်သေစာ အလွန်အကျွံ သောက်စား မူးယစ်ပြီး အပျော်မကြူးကြရန် အသိတရားဖြင့် သတိထား ရှောင်ရှားကြပါစို့လို့ တိုက်တွန်းရင်း နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် တိုင်းပြည်အတွက် အဖိုးထိုက်တန်သော သားကောင်းရတနာ လူငယ်များ ဖြစ်ကြပါစေဟု ဆန္ဒပြုရင်း. . . .။ ။

> အရက်သေစာ အလွန်အကျွံသောက်သုံးခြင်းဖြင့် နောက်ဆက်တွဲ ရောဂါများအဖြစ် အသည်းတွင် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်၊ အသည်းခြောက်၊ အသည်းကြွပ်၊ အသည်းကင်ဆာဖြစ်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းတွင် ရောင်ရမ်းခြင်း၊ အစာပြွန် သွေးကြောပေါက်ခြင်းကြောင့် ရုတ်တရက် သွေးအန်၍ အသက်ဆုံးရှုံးခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါ၊ ကိုယ်ခံအားကျဆင်းရောဂါတို့ကြောင့် ပိုးဝင်မှုလွယ်ကူပြီး အဆုတ်ရောဂါ ဖြစ်ပွားခြင်း ဦးနှောက်နှင့် အာရုံကြောရောဂါ၊ သွေးကြောပေါက်ခြင်း၊ ခြေဖျား၊ လက်ဖျား၊ မျက်နှာဖောရောင်ခြင်းရောဂါ၊ အရိုးဆတ်၊ အရိုးကျိုးရောဂါ၊ နှလုံးကြွက်သားရောင်ရမ်းခြင်း ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်



## ကျွန်းလှ၌ မြန်မာ့ရိုးရာမဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ကျွန်းလှ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို သစ်ရာမြိုင်ရပ်ကွက်၊ ပျဉ်းမမြိုင်ရပ်ကွက်နှင့် ရှမ်းစုရပ် ရေကစားမဏ္ဍပ်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သစ်ရာမြိုင်ရပ်ကွက်က ဒီနှစ်မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို လူငယ်လူရွယ်တွေ၊ ဝါသနာရှင်တွေ၊ အလှူရှင်တွေပူးပေါင်းပြီး ရေကစားမဏ္ဍပ်ဆောင်ရွက်တာပါ၊ သင်္ကြန်အကြိုနေ့ ညနေမှာ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများဖြင့် ဖွင့်လှစ်ပြီး ယိမ်းအဖွဲ့ ၁၅ ဖွဲ့က ကပြ ဖျော်ဖြေမှာဖြစ်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်စိုးက ပြောသည်။

အဆိုပါ ရေကစားမဏ္ဍပ်များ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လုံခြုံရေးဆောင်ရွက်ထားကြောင်း၊ သဖန်းဆိပ်ဆည်သို့ လာရောက် ရေကစားအပန်းဖြေကြသူများ အန္တရာယ်ကင်းရှင်းရေးလည်း စီစဉ်ထားကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

## ကျောင်းချိန်ပြင်ပ ကရင်တိုင်းရင်းသားစာပေသင်ကြားသော ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်

**ပန်းတနော် မေ ၁၀**

ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးပြီး ကျောင်းချိန်ပြင်ပ ကရင်တိုင်းရင်းသား စာပေသင်ကြားသော ဆရာ ဆရာမများ မွမ်းမံသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီက ကရင်ယဉ်ကျေးမှုပြတိုက်တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးငွေထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီနာယက ဆရာတော် အရှင်မန်းနန္ဒာစာရ (တောကျောင်း)နှင့် ကရင်စကား စာပေဆပ်ကော်မတီဥက္ကဋ္ဌ ဆရာမ နမ့်ရှားပေါင်တို့က အမှာစကား ပြောကြားကြကာ သင်တန်းဆိုင်ရာ အကြောင်းအရာများကို စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာ မန်းဒိုင်းနီရယ်က ရှင်းလင်း တင်ပြသည်။

အဆိုပါ အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဆရာမန်းခင်မောင်စိုးတို့ တက်ရောက်ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကို မေ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပန်းတနော်)



# ပအိုဝ်းစာပေ စာမေးပွဲအဖြေလွှာစာစစ်ပွဲ အခမ်းအနားဆင်းပွဲ ကျင်းပ

**ပင်လောင်း ဧပြီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ပင်မွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပအိုဝ်းစာပေ ပြန့်ပွားရေးအဖွဲ့ကဦးဆောင်၍ (၃၄)ကြိမ်မြောက် ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် ဖယ်ခုံမြို့နယ်အတွင်းရှိ ပအိုဝ်းလူငယ်မောင်မယ်များ ဖြေဆိုထားသည့် ပအိုဝ်းစာပေ စာမေးပွဲအဖြေလွှာများအား စာစစ်အခမ်းအနားဆင်းပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းက မြန်မာ့နိုင်ငံရေးရေစီးကြောင်းနှင့် ပအိုဝ်းလူမျိုးများ အခန်းကဏ္ဍ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုမပပျောက်အောင် ထိန်းသိမ်းသွားကြရန်နှင့် ပအိုဝ်းလူမျိုးတိုင်း ပအိုဝ်းစာပေ စိတ်ဝင်စားမှုပိုများလာအောင် စည်းရုံးအားကောင်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ စာမေးပွဲတွင် ပအိုဝ်းစာပေ အဆင့်(၁၂)ဆင့်မှ ဖြေဆိုသူ ပအိုဝ်းလူငယ်မောင်မယ် ၄၃၈၉၀ ဖြေဆိုပြီး၊ ယင်းအဖြေလွှာများကို ရဟန်းသံဃာ ၇၈ ပါး၊ ပအိုဝ်းစာပေ ဆရာ ဆရာမ ၅၆၆ ဦးတို့က စာမေးပွဲအဖြေလွှာများကို ဧပြီ ၅ ရက်မှ ၉ ရက်ထိ ငါးရက်ကြာ စာစစ်ပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# နမ့်လန်ထမ်ဟိုစန့်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် စုပေါင်းရှင်ပြုပွဲ ကျင်းပ

**သီပေါ ဧပြီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုတွင် ထမ်ဟိုစန့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ရှင် ၁၅၈ ပါး စုပေါင်းရှင်ပြုပွဲကို ဧပြီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည်။

ဧပြီ ၈ ရက် နံနက် ၇ နာရီတွင် ထမ်ဟိုစန့်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ရတနာဆင်တစ်စုံဖြင့် တင်ဆောင်၍ ဒေသခံများ၏ အပူဇော်ခံယူပြီး ထမ်ဟိုစန့်တောင်ခြေသို့ ပင့်ဆောင်ခဲ့ကြသည်။ ထို့နောက် သီပေါဘော်ကြိုဆရာတော်၊ နမ့်လန်ဆရာတော်တို့ဦးဆောင်၍ ကျောက်မဲတပ်နယ်နှင့် နမ့်လန်တပ်နယ်တို့မှ တပ်မတော်မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ထမ်ဟိုစန့်တောင်ပေါ်၌ တည်ထားသော ဉာဏ်တော် ၄၅ တောင်ရှိ စေတီတော်အထွတ်သို့ လက်ဆင့်ကမ်းသယ်ဆောင်၍ တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းအားဖြင့် ဆောင်ရွက်သော နောင်ဘိုကျေးရွာ ကွန်ကရစ်လမ်းဖွင့်လှစ်

**ဘားအံ ဧပြီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း(VDP) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် မတည်ဆောင်ရွက်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ထလုံးကျေးရွာအုပ်စု နောင်ဘိုကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က အဆိုပါလမ်းထိပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ကွန်ကရစ်လမ်းသစ်အား ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်နှင့် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးထွန်းဇော်ချစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းကာ ကျေးရွာဒေသခံပြည်သူများနှင့်အတူ ကွန်ကရစ်လမ်းသစ်၏ ခိုင်ခံ့မှုအရည်အသွေးများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ(VDP)ဖြင့် ငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ၅ ဒသမ ၆ သန်းဖြင့် လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းပြီးစီးသွားသောကြောင့် အိမ်ထောင်စု ၁၁၀ ရှိသော နောင်ဘိုကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ကုန်စည်စီးဆင်းမှုအတွက် သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ပြည်ပမှ ဒစ်ဂျစ်တယ်ကတ္တားစက်ပစ္စည်းနှင့် ပြည်တွင်းမှကတ္တားအဖုံး ပေါင်းစပ်ပြုလုပ်လာ



**မန္တလေး ဧပြီ ၁၀**

ဖွံ့ဖြိုးတိုးတက်လာသော ကာလတွင် ကုန်စည်များချိန်တွယ်ရာတွင် အလေးချိန်မှန် ဒစ်ဂျစ်တယ်မီးလင်းကတ္တားများကို အသုံးပြုမှုများပြားလျက်ရှိရာ ပြည်ပမှ ဒစ်ဂျစ်တယ်ကတ္တားစက်ပစ္စည်းနှင့် ပြည်တွင်းမှ ကတ္တားအဖုံးတို့ပေါင်းစပ်ကာ ဈေးကွက်အတွင်း တွင်ကျယ်စွာ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

ဒစ်ဂျစ်တယ်မီးလင်းကတ္တားများ၏ အားသာချက်မှာ ဓာတ်ခဲကို အသုံးပြုပြီး ပိဿာ၊ ပေါင်၊ ကီလိုဂရမ်များ စိတ်ကြိုက်ရွေးချယ် ချိန်တွယ်နိုင်ပြီး ရောင်းသူဝယ်သူ ပွင့်လင်းမြင်သာစွာ မြင်တွေ့ရသည့်အတွက် စိတ်ကျေနပ်မှုများစွာ ရရှိစေသည်။ လက်ရှိကာလတွင် တရုတ်ပြည်မှ အောက်ခံ ဒစ်ဂျစ်တယ်ကတ္တားစက်များကိုတင်သွင်းပြီး ပြည်တွင်းမှ စတီးအလှဆင်လုပ်ငန်းများက ကတ္တားအဖုံးများကို တွင်ကျယ်စွာ ပြုလုပ်ပေးကြရသည်။

ကတ္တားအဖုံးလုပ်ငန်းတွင် ၃၆ ပိဿာချိန်တွယ်နိုင်သည့် ကတ္တားအဖုံးတစ်ခုလျှင် ငွေကျပ် နှစ်သောင်းသုံးထောင်၊ ပိဿာခြောက်ဆယ် ကတ္တားအဖုံးတစ်ခုလျှင် ငွေကျပ် နှစ်သောင်းခြောက်ထောင်၊ ပိဿာကိုးဆယ်ချိန်တွယ်နိုင်သည့် ကတ္တားအဖုံးတစ်ခုလျှင် ငွေကျပ် သုံးသောင်းလေးထောင်၊ ပိဿာ ၁၈၀ ချိန်တွယ်နိုင်သည့် ကတ္တားအဖုံးတစ်ခုလျှင် ငွေကျပ် သုံးသောင်းခြောက်ထောင်နှုန်းဖြင့် ပြုလုပ်ပေးပြီး အခြားကတ္တားအသေးများအတွက်ပါ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ကုန်ကြမ်းဈေးနှုန်း အတက်အကျပေါ်မူတည်ကာ ဈေးနှုန်းပြောင်းလဲမှုရှိပြီး ကတ္တားအဖုံးများကို တစ်နှစ်ပတ်လုံးပြုလုပ်ရသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တက်လမ်း စတိန်းလက်စတီးအလှဆင်လုပ်ငန်းမှ ကိုဇင်မင်းဦးက ပြောသည်။

**နွေနဒီ(မြစ်ငယ်)**

# ရမည်းသင်း ကတင်ကန် ဆယ်ဖို့ပြီး၍ ရေစတင်လှောင်နေပြီ

**ရမည်းသင်း ဧပြီ ၁၀**

ရမည်းသင်းမြို့နယ်သည် မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံများအတွက် ရေလိုသည်။ ရမည်းသင်းမြို့နယ်တွင် နွေစပါး၊ မိုးစပါး၊ မိုးကြိုဝါများ စိုက်ပျိုးကြသည်။ စိုက်ပျိုးမြေဧကမှာ ၁၅၆၃၈ ဧကဖြစ်သည်။ စိုက်ပျိုးမြေများအတွက် ရေရရှိရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်များ၊ ကန်များ တူးဖော်ပေးထားသည်။ ထိုကန်များမှ ကျေးရွာလူထု သောက်သုံးရေ၊ ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ရမည်းသင်း မြို့နယ်တွင် ဆည်မြောင်းဌာနက ကျီးနီကန်၊ ကတင်ကန်၊ လဲဖြူဆည်၊ သားတစ်ဆည်၊ ဆားကျင်းကန်၊ သာတိုက်ကန်၊ နွားတိုးကန်၊ ဂွေးတောက်ကန်များ တူးဖော်ပေးထားသည်။ ရမည်းသင်းမြို့၏ မြို့လူထုသောက်သုံးရေကို ကျီးနီကန်နှင့် ကတင်ကန်တို့က ပေးဝေလျက်ရှိသည်။

ကတင်ကန်မှာ ရှေးမြန်မာမင်းလက်ထက်ကတည်းက တူးဖော်ခဲ့သော ကန်ကြီးဖြစ်သည်။ ယင်းကန်သည် ကတင်ကန်ကျေးရွာအနီးတွင် တည်ရှိပြီး ရွှေဒါးချောင်းပေါ်ရှိ ဘုမ္မာရေလွှဲဆည်မှတစ်ဆင့် ရေယူကာ ကတင်ကန်အတွင်းသို့ လည်းကောင်း၊ ကတင်ကန် ရေထုတ်ပေါက်သုံးပေါက်မှ အင်ကြင်းကန်၊ ရွှေဒါး၊ သာစည်၊ ကတင်ရွာနှင့် အုန်းသီးကွဲရွာရှိ ဆည်ရေသောက် ၂၅၂၉ ဧကအား နှစ်စဉ် မိုးစပါး၊ မိုးကြိုဝါများအား ရေပေးလျက်ရှိသည်။ သစ်ဆုံဆည်မှ ရွှေဒါးချောင်းသို့ ရေပို့လွှတ်ပြီး ကတင်ကန်မြို့ သုံးမြောင်းမှတစ်ဆင့် ရမည်းသင်းမြို့ သုံးရေအဖြစ် ရေပေးဝေလျက်ရှိသည်။



ကတင်ကန်မှာ ရှေးမြန်မာမင်းလက်ထက်က ကျေးရွာလူထုဖြင့် ဆယ်ဖို့ခဲ့သော ကန်ကြီးဖြစ်ပြီး နှစ်ကာလရှည်စွာ ချောင်းရေနှင့်အတူ မျောပါလာသည့် သဲနုန်းပို့ပြီး တိမ်ကောလျက်ရှိသဖြင့် ကန်တွင်း ရေသိုလှောင်နိုင်မှု လျော့နည်းကာ စိုက်ပျိုးရေပေးဝေရာတွင် အခက်အခဲနှင့် ကြုံတွေ့နေရသည်။ ကန်ပေါင် အားနည်းခြင်းကြောင့် မကြာခဏ ကန်ပေါင်ကျိုးပျက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကတင်ကန်မှာ အလျားပေ ၆၅၀၀၊ အမြင့် ၁၈ ပေ၊ ကန်ပေါင်ထိပ်အကျယ် ၁၄ ပေ၊ ကန်အနက် ၁၃ ပေ၊ ကန်ရေပြည့် ရေပြင်အကျယ်ဧရိယာ ဧက ၂၂၀၊ ရေလှောင်ပမာဏ ၂၂၄၆ ဧကပေရှိပြီး ရေထုတ်ပေါက် သုံးခုရှိသည်။ တူးမြောင်းအလျားမှာ ၁ ဒသမ ၈ မိုင်ဖြစ်သည်။

ကတင်ကန်သဲနုန်းပို့ပြီး တိမ်ကောလာသဖြင့် ရမည်းသင်းဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ ကတင်ကန်အား သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်ပြုပြင်ခြင်း၊ ရေတံခါးပြုပြင်ခြင်း၊ လှိုင်းကာကျောက်ရိုးစီခြင်းလုပ်ငန်းများကို ငွေကျပ်သိန်းပေါင်း ၁၄၉၀ အကုန်အကျခံ၍ ပြုပြင်ခဲ့ရာ မြေကြီးကျင်းပေါင်း ၁၂၀၀၀၀ တူးဖော်နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သဖြင့် ယခုအခါ ကတင်ကန်တွင် သစ်ဆုံဆည်မှတစ်ဆင့် ရေများဝင်ရောက်နေပြီဖြစ်၍ ရမည်းသင်းမြို့အား သောက်သုံးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။ **၁၁၁**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သကြံန်ပိုး | အုန်းသွင်အောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၂ | အဖေကြီးနှင့်ခရီးသွားခြင်း | ဒေါက်တာတင်အောင် | ၂၀၀၀ | မိုးသိင်္ဂီစာပေ |
| ၃ | ညနေခင်း၏ကြိုးများ | ကလောင်စုံ | ၁၅၀၀ | နှစ်ကာလများ |
| ၄ | လူတိုင်းနေ့စဉ် အသုံးပြုနိုင်တဲ့ ကရုဏာနှင့် မုဒိတာ | ဒေါက်တာအရှင်ဓမ္မသာမိ | ၃၀၀ | စာပေလောက |
| ၅ | ရွက်ခြောက်ကြွေအိပ်မက်ကဗျာစုစည်းမှု | ကလောင်စုံ | ၁၅၀၀ | Pico Media |
| ၆ | အောင်မြင်ချင်သူတွေဖတ်ဖို့ အတွေးသီအိုရီ (၁၀၀) | အကြီးကိုကို(ကသာ) | ၂၅၀၀ | Global Piece Group |
| ၇ | အမေးရှိအဖြေညှိ ကျန်းမာရေးအသိ | ပေါက်ပေါက် | ၁၅၀၀ | ရန်အောင် |
| ၈ | ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ထုံး လုပ်နည်းများ | ဦးအုန်းသန်း(ဥပဒေ) | ၄၀၀၀ | Global Piece Group |
| ၉ | အိမ်မွေးကြောင်များကို ပြုစုစောင့်ရှောက်ခြင်း | ပေါက်ပေါက် | ၃၀၀၀ | Wisdom house |
| ၁၀ | မြူခိုးဝေဝေ ကန်ရေဖွေးဖွေး | ဒီနိုဗို | ၂၅၀၀ | ငါတို့စာပေ |
| ၁၁ | တောမီးတစ်ကွက် ရေးခဲ့ကြိုက်တဲ့ (၁၀) ပုဒ် | မောင်ဆွေခင် | ၂၅၀၀ | Global Piece Group |
| ၁၂ | မြောက်ဖျားဒေသစစ်သားဘဝ အမှတ်တရပုံရိပ်များ | နေငြိမ်း | ၃၀၀၀ | မျိုးဆက်သစ် |
| ၁၃ | လွတ်လပ်ရေးရွှေရတု ပြည်တွင်းစစ်နှစ်(၅၀) | အောင်စောဦး | ၁၄၀၀၀ | ခေတ်ပြတိုက် |
| ၁၄ | မိမိကိုယ်ကို ဆုံးမခြင်း | အရှင်ပည်နွ | ၁၀၀၀ | ယဉ်မျိုး |
| ၁၅ | ကဗျာများ | ခိုင်သစ် | ၂၅၀၀ | နှစ်ကာလများ |
| ၁၆ | အက္ခရာ | ဦးဘုန်း(ဓာတု) | ၂၀၀၀ | လင်းလွန်းခင် |
| ၁၇ | အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ | ဖအောင်(ခမ်းတီလုံ) | ၂၂၀၀ | ကလောင်သစ် |
| ၁၈ | ရောဂါပြန်သက်တော်ရှည်ဆေး | ဦးကျော်ဇေယျ | ၁၂၀၀ | မယ်နှင့်မောင် |
| ၁၉ | မြန်မာအသံထွက်ကို အင်္ဂလိပ်အက္ခရာဖြင့် ရေးနည်း | MR Sunny | ၂၀၀၀ | မယ်နှင့်မောင် |
| ၂၀ | နေခမြစ်ဖျား အဒမ်ဝမ်တစ်ခွင် | ရွှေဝင်း | ၃၅၀၀ | နေရီရီ |
| ၂၁ | မြန်မာ့ရေးရာ အမှတ်(၇)၊ ဧပြီ ၂၀၁၈ | ကလောင်စုံ | ၃၀၀၀ | ဓူဝံ |
| ၂၂ | သေနင်္ 27th March, 2018 Vol-8 | ကလောင်စုံ | ၅၀၀၀ | သေနင်္ဂမဂ္ဂဇင်းတိုက် |
| ၂၃ | The Seven- Decode Journey of MOFA 1947-2018 | Ministry of Foreign Affairs | ၇၅၀၀ | Myanmar Heritage Myanmar |
| ၂၄ | မွန်စာဖွဲ့စည်းပုံနှင့် ပျူစာဖွဲ့စည်းပုံ နှိုင်းယှဉ်လေ့လာချက်နှင့် မြစ်သားကျောက်စာ | နိဘီထောမွန်ဇြာ | ၁၅၀၀ | လှကျင်စာပေ |
| ၂၅ | မင်းမြှောင်မိစ္ဆာကြီးနှင့်အလိုတူ အလိုပါလိုလို ရောယောင်လိုလို အူကြောင် | ရွှေဖိုးခေါင် | ၂၀၀၀ | B Media Wash |
| ၂၆ | သမိုင်းထဲက မဟာအာဇာနည်သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း | မောင်မြင့်ထွန်း | ၁၂၀၀ | အောင်သပြေစာပေ |
| ၂၇ | လမ်းမှန်သို့ပြသော ဖက်ဒရယ်ကြယ်ပွင့် | မီလှိုင်မဏိ | ၅၀၀၀ | လှကျင်စာပေ |

# ကျောင်းပြင်ပအခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း သင်တန်းပြုလုပ်

**မြစ်ကြီးနား မေ ၁၀**

ကချင်ပြည်နယ်အတွင်း အသက် ၁၅ နှစ်နှင့် ၄၅ နှစ်ကြား စာမတတ်သူများအတွက် စာတတ်မြောက်ရေးလုပ်ငန်း စတင်အကောင်အထည်ဖော်ခြင်းအဖြစ် ကျောင်းပြင်ပအခြေခံပညာ စာတတ်မြောက်ရေးလုပ်ငန်းသင်တန်း ပြုလုပ်ခြင်းဖြစ်ကြောင်း ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ သိရသည်။

ကျောင်းပြင်ပအခြေခံပညာ စာတတ်မြောက်ရေးလုပ်ငန်း သင်တန်းပြုလုပ်သည့် အခမ်းအနားကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် မြစ်ကြီးနားမြို့ ဇရာရပ်ကွက်အတွင်းရှိ ရွှေသွေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"စာမတတ်တဲ့သူများရင် ဆင်းရဲတယ်၊ အသိပညာနိမ့်ကျတယ်၊ စာဖတ်တတ်လာတဲ့အခါ သူတို့တွေရဲ့ဘဝတိုးတက်မြင့်မားလာအောင် ဒီသင်တန်းမျိုးကို ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ ရည်ရွယ်ချက်ကတော့ စာမတတ်သူပပျောက်ရေးနဲ့ ကျောင်းပြင်ပကိုရောက်နေတဲ့ ကလေးတွေရဲ့ ပညာရေးအတွက်ပါ၊ လာမယ့်နှစ်မှာ ဒီ့ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားဖို့လည်း ရှိပါတယ်"ဟု ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်မြ (နေပြည်တော်)က ပြောသည်။

ထိုသင်တန်းကို မေ ၉ ရက်မှ မေ ၁၈ ရက်အထိ မြစ်ကြီးနား မြို့ပေါ်ရှိ ဒူကထောင်ရပ်ကွက်၊ နန်းကွေ့ရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ကျွန်းပင်သာရပ်ကွက်စသည့်ရပ်ကွက်များမှ သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်းသိရပြီး မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင်လည်း တစ်ပြိုင်နက်တည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊



မြစ်ကြီးနား တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဦး**



# မိုင်းဖြတ်မြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်နှင့် အသိပညာပေးဟောပြောပွဲလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဟကြားဒီပကျေးရွာသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်နှင့် ဝန်ထမ်းများသည် တောင်ပေါ်ဒေသရှိ ကျေးလက်နေပြည်သူများ စာပေအသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဟောပြောဆွေးနွေးပွဲများကို မေ ၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ အမကစာသင်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က စာပေအသိမှ လူမှုဘဝဖွံ့ဖြိုးရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ စိမ်းလန်းစိုပြည်ဖို့ သဘာဝသစ်တောထိန်းသိမ်းစို့၊ မူးယစ်ကင်းစင် ကျန်းမာရွှင်ပျှသည့် သိကောင်းစရာများကို ဟောပြောရှင်းလင်းသည်။ ဆက်လက်၍ အငယ်တန်းစာရေး ဒေါ်ဟောင်းနန်းက ကျေးရွာစာကြည့်တိုက်ကော်မတီဝင်အား စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များကို စာဖတ်သည့်အလေ့အကျင့်များရှိစေရန်နှင့် အသိအလိမ္မာရှိစေရန် စာဖတ်ဝိုင်းလုပ်ငန်းကို ကျောင်းဆရာမတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသော ကျေးလက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုမှတ်တမ်းဓာတ်ပုံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသိပညာပေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံပြဘုတ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လျှော်ဖြူစေးဈေးကွက် ကောင်းသောကြောင့် လျှော်ဖြူပင်စိုက်လိုသူများလာ

**မကွေး မေ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးဒေသတွင် မတ် ၂၈ ရက်က လျှော်ဖြူစေးတစ်ပိဿာ ငွေကျပ် ၃၇၀၀၀၀ အထိ ဖြစ်ခဲ့သည်။ အောက်ခံဈေး ငွေကျပ် ၇၀၀၀၀၊ အဝါနောက်ဟုခေါ်သော အဝါရောင်လျှော်ဖြူစေး ဖြစ်သည်။ ထိပ်စမှာ ကြာဆန်ကြိုးဟုခေါ်သည်။ စင်စစ်ကြာဆန်ထက် ပိုသေးသွယ်ပျော့ပျောင်းသည်။ အရောင်ကလည်း အဖြူရောင်ဟုပြောကမပြည့်စုံပါ။ ငွေရောင်ပေါက်နေပါသည်။ တရုတ်နိုင်ငံ ယူနန်နယ်မှ ရွှေလီအဝယ်တော်တစ်ဦးက ဝယ်ယူသွားခဲ့ကြောင်း သိရသည်။

စာရေးသူသည် မကွေးတိုင်းဒေသကြီး မကွေးမြို့၌ မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော ကုန်စည်ပွဲတော်တွင် တိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရေးအစုအဖွဲ့အသေးစားနှင့်အလတ်စား (SME) ပြခန်းသို့ သတင်းယူရင်း ရောက်ရှိပြီး လေ့လာခွင့်ရရှိခဲ့ရာ ပြခန်းတာဝန်ရှိသူ ဦးဆန်းလင်းထွန်း က လျှော်ဖြူစိုက်ပျိုးပုံအဆင့်ဆင့်၊ လျှော်ဖြူပင်မှ လျှော်ဖြူစေးထုတ်ပုံ၊ လျှော်ဖြူဈေးကွက်တို့ကို အသေးစိတ်ရှင်းပြသည်။ ဈေးကွက်ကောင်းသော မြန်မာ့လျှော်ဖြူစေးကို ပြပွဲ၌အမျိုးအစားခြောက်မျိုးခန့်ပြသထားရာ ကြာဆန်ကြိုးကို သတိထားလေ့လာမှတ်သားခဲ့ရသည်။မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လျှော်ဖြူ အများဆုံးစိုက်ပျိုးကြသည်။ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းရှင်များသည် လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် ဝင်ငွေအလုပ်အကိုင်အခွင့်အလမ်းများ ရစေသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရှားပင်လှကျေးရွာ တောင်သူ ဦးရဲထွန်း၏ အပင် ၁၀၀ စိုက်ခင်းနှင့် ပခုက္ကူခရိုင် မြိုင်မြို့နယ်မှ တောင်သူတစ်ဦးလည်းဖြစ် လျှော်ဖြူစိုက်ပျိုးသူ ကိုလပြည့်၏ ဧက ၄၀၀ လျှော်ဖြူစိုက်ခင်းကို လေ့လာခွင့်ရရှိခဲ့သည်။ ၎င်းတို့၏ စိုက်ခင်းများကို ၂၀၀၆ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် စတင်စိုက်ခဲ့ကြကြောင်း အစေးထုတ်နေပြီး ဝင်ငွေကောင်းကောင်းရကြကြောင်း ပြောပြသည်။

"ကျွန်တော်မှာ သားသမီး သုံးယောက်ရှိတယ်၊ ဘွဲ့ရပညာတတ်တွေ ဖြစ်ကုန်ပြီ၊ နှမ်းက ရိုးရာလုပ်ငန်း၊ နှမ်း၊ မြေပဲအပြင် လျှော်ဖြူကို စိုက်ခဲ့တာ၊ နှမ်းကရှုံးတယ်၊ လျှော်ဖြူစိုက်ထားတော့ အဆင်ပြေတယ်" ဟု ဦးရဲထွန်းက ပြောသည်။

"ကျွန်တော်ကတော့လျှော်ဖြူစိုက်တယ်၊ တစ်ပင် ၁၅



ပေကွာ ဧက ၄၀၀ အစေးထုတ်ရပြီ၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၀ ခုနှစ်ကပြီး စစိုက်တာ တောင်သူတွေရော စီးပွားရေးရှင်းနှီးမြှုပ်နှံသူတွေပါ ထိုင်ဝမ်၊ တရုတ်၊ ဂျပန် စတဲ့နိုင်ငံတွေက ဓာတုပိုးသတ်ဆေးမပါတဲ့ မြန်မာ့လျှော်ဖြူက ထွက်တဲ့ လျှော်ဖြူစေးကို ဝယ်နေကြပြီ၊ အားလုံးနှစ်ရှည်ပင်တစ်သက်စားမကုန်တဲ့ ကရိကထမရှိ ဝင်ငွေကောင်းတဲ့ လျှော်ဖြူစိုက်ကြပါလို့ မီဒီယာကတစ်ဆင့် ပြောချင်ပါတယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလည်း ဖြစ်စေတယ်၊ နိုင်ငံတော်ကလဲ အစုအဖွဲ့ပိုင် စိုက်ခင်းတွေကို အားပေးနေပြီဆိုတော့ လျှော်ဖြူဈေးကွက်ရအောင် ကုန်စည်ပွဲတောင် ကျင်းပပေးခဲ့တဲ့ တိုင်းဒေသကြီးအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

"စီးပွားဖြစ် စိုက်ပျိုးရေးတစ်ခုဖြစ်တဲ့ လျှော်ဖြူစိုက်ကြပါ" ဟု ပခုက္ကူမှဒေသခံ ကိုလပြည့်က ပြောသည်။

**ဝင်းမောင်(မကွေး)**